# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။

Established in 1914

**Myanma Alinn Daily**

အတွဲ (၅၄)
အမှတ် (၁၈)

၁၃၇၆ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၀ ရက်

၂၀၁၄ ခုနှစ်၊ အောက်တိုဘာ ၁၈ ရက်၊ စနေနေ့။


### မေတ္တာ အာနိသင်

မေတ္တာတရားကို ပွားများခြင်းသည် အကျိုးစီးပွားကို အလိုရှိသူတို့အတွက် လည်းကောင်း၊ အလိုမရှိသူတို့အတွက် လည်းကောင်း ကုသိုလ်ကျေးဇူးကို ဆောင်ရွက်နိုင်၏။

လူတိုင်း လူတိုင်းသည် အာနိသင်ကြီးမားလှသော မေတ္တာပွားများခြင်းကို ကောင်းစွာမှီဝဲအပ်၏။

(မိလိန္ဒပဉှာ၊ မေတ္တာဘာဝနာနိသံသ-၁၉၇)

# အာရှနှင့် ဥရောပဒေသနှစ်ခုကြား ငွေကြေးနှင့်ရင်းနှီးမြှုပ်နှံမှုဆိုင်ရာစည်းမျဉ်းများ ခိုင်မာအားကောင်းအောင်ဆောင်ရွက်




(၁၀)ကြိမ်မြောက် အာရှ-ဥရောပထိပ်သီးအစည်းအဝေးဖွင့်ပွဲတွင် တက်ရောက်ကြသည့် နိုင်ငံအကြီးအကဲများကို တွေ့ရစဉ်။ (သတင်းစဉ်)

**မီလန် အောက်တိုဘာ ၁၇**

အီတလီနိုင်ငံ မီလန်မြို့တွင် ရောက်ရှိနေသည့် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အောက်တိုဘာ ၁၆ ရက် မွန်းလွဲပိုင်းတွင် မီကိုကွန်ဖရင့်စင်တာ၌ ကျင်းပသည့် (၁၀)ကြိမ်မြောက် အာရှ-ဥရောပထိပ်သီး အစည်းအဝေးဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

(၁၀)ကြိမ်မြောက် အာရှ-ဥရောပ ထိပ်သီးအစည်းအဝေး မစတင်မီ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် ဥရောပသမဂ္ဂ-အာဆီယံ ခေါင်းဆောင်များ အလွတ်သဘောအစည်းအဝေးသို့ တက်ရောက်ဆွေးနွေးခဲ့သည်။

အဆိုပါ အလွတ်သဘောအစည်းအဝေးတွင် နိုင်ငံတော်သမ္မတက ၂၀၁၄ ခုနှစ် စက်တင်ဘာလအတွင်းက အာဆီယံနှင့် ဥရောပသမဂ္ဂအကြား အာဆီယံ ပေါင်းစပ်ဆက်သွယ်မှု မဟာစီမံကိန်း အကောင်အထည်ဖော်ရေးဆိုင်ရာ အမျိုးသားညှိနှိုင်းရေးမှူးများ၏ ပထမအကြိမ်အစည်းအဝေးနှင့် အာဆီယံပေါင်းစပ် ဆက်သွယ်မှုဆိုင်ရာ ပူးပေါင်းညှိနှိုင်းရေးကော်မတီ အစည်းအဝေးများကို နေပြည်တော်တွင် ကျင်းပနိုင်ခဲ့ပါကြောင်း၊ အာဆီယံဒေသပေါင်းစပ်ဆက်သွယ်မှုမြှင့်တင်ရေးစီမံကိန်းသည်

စာမျက်နှာ ၈ ကော်လံ ၁ ❖

## ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအပေါ် တိုက်ရိုက် အကျိုးသက်ရောက်စေသည့် ပူးပေါင်းဆောင်ရွက်မှုများကို အလေးထား မြှင့်တင်

## ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်းများတွင် ဥရောပနိုင်ငံများမှ လာရောက်ရင်းနှီးမြှုပ်နှံရန်ဖိတ်ခေါ်

# မြန်မာ့တစ်ဦးချင်းဝင်ငွေ ငါးနှစ်အတွင်း လေးရာခိုင်နှုန်းမြင့်တက်သော်လည်း တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အားနည်းနေသေး



**ရန်ကုန် အောက်တိုဘာ ၁၈**

အမေရိကန် အခြေစိုက် University of Southern California က ကြီးမှူးကျင်းပသည့် Pacific Rim ၂၀၁၄ စီးပွားရေးဖိုရမ်ကို ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်တွင် ယနေ့ နံနက်က ကျင်းပသည်။

အမေရိကန်ပြည်ထောင်စု အပါအဝင် နိုင်ငံပေါင်း ၂၁ နိုင်ငံမှ အစိုးရအဖွဲ့ဝင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များတက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံခြင်းများနှင့် ပတ်သက်၍ ရရှိလာမည့် အကျိုးအမြတ်များနှင့် စိန်ခေါ်မှုများကို အဓိက ဆွေးနွေးခဲ့ကြခြင်းဖြစ်သည်။ ဖိုရမ်သို့ တက်ရောက်လာသူ အများစုမှာ မြန်မာနိုင်ငံအတွင်း လာရောက်ရင်းနှီးမြှုပ်နှံမှုကို စိတ်ပါဝင်စားသူများ ဖြစ်ကြကြောင်း သိရသည်။

ဖိုရမ်သို့ တက်ရောက်လာသူများမှ

**တွေ့ဆုံမေးမြန်း-ခင်ရတနာ**
**ဓာတ်ပုံ-ဟိန်းလတ်အောင်**

ပြည်တွင်းပြည်ပ စီးပွားရေးပညာရှင်များကို မြန်မာနိုင်ငံတွင် လာရောက်လုပ်ကိုင်ခြင်းဖြင့် ကြုံတွေ့လာနိုင်သည့် စိန်ခေါ်မှုများနှင့် ယင်းတို့၏ မျှော်လင့်ချက်များကို လက်လှမ်းမီသမျှ တွေ့ဆုံမေးမြန်းခဲ့ပါသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❀

## မြန်မာ ယူ-၁၉ အသင်း ယူ-၂၀ ကမ္ဘာ့ဖလား ဝင်ခွင့်ရပြီး မြန်မာ့ဘောလုံးသမိုင်း စာမျက်နှာသစ် ဖွင့်လှစ်နိုင်ခဲ့ပြီ

စာမျက်နှာ ➤ ၁၀




ယွန်းမီမီထွန်း
(တောင်ငူတက္ကသိုလ်)

ကမ္ဘာကျော် အဆင့်မြင့်ကိုရီးယား ဂျင်ဆင်းကို ရရန် (၆) နှစ်စောင့်ရပါသည်။ မြန်မာ့ရတနာ ဆေးဖက်ဝင် သနပ်ခါးကိုရရန် အနည်းဆုံး (၇) နှစ်ကြာပါသည်။

ကျွန်မအသားအရေက cosmetic တော်တော်များများနဲ့ မတည့်သောကြောင့် တစ်မျိုးပြီးတစ်မျိုးပြောင်းလဲပြီး သုံးစွဲခဲ့ရပါတယ်။ cosmetic အမျိုးအစားမျိုးစုံလည်း သုံးစွဲခဲ့ဖူးပါတယ်။ မျက်နှာပြင်မှ အဖုအပိမ့်များ သက်သာစေရန် အစဉ်အမြဲဂရုစိုက်ခဲ့သော်လည်း ကျွန်မမျက်နှာမှာရှိတဲ့ အဖုအပိမ့်လေးတွေဟာ မသက်သာတဲ့အပြင် အမည်းစက်ကလေးတွေပါ စတင်ဖြစ်ပေါ်လာပါတယ်။ ကျွန်မတော်တော်လေးကိုပဲ စိတ်ညစ်ခဲ့ရပါတယ်။ ရွှေပြည်နန်း ကုံကော်ဝတ်ဆံသနပ်ခါးက အဖုအပိမ့်တွေကို သက်သာပျောက်ကင်းစေနိုင်တယ်လို့ သူငယ်ချင်း ကပြောတာနဲ့ပဲ ကျွန်မ ရွှေပြည်နန်း ကုံကော်ဝတ်ဆံသနပ်ခါးကို စတင်သုံးစွဲခဲ့ပါတယ်။ ညပိုင်းတွေမှာ ရွှေပြည်နန်းကုံကော်ဝတ်ဆံသနပ်ခါးကို မျက်နှာတစ်ပြင်လုံး ခပ်ထူထူ ညစဉ်မပြတ် လိမ်းခဲ့ပါတယ်။ တစ်ပတ်အတွင်းမှာပဲ ကျွန်မမျက်နှာကအဖုအပိမ့်တွေ သိသိသာသာကိုပဲ တော်တော်များများ သက်သာပျောက်ကင်းကုန်ပါတော့တယ်။ ကျွန်မတော်တော် စိတ်ချမ်းသာခဲ့ရပါတယ်။ကျွန်မတို့ မိန်းကလေးတိုင်းကတော့ ဖြူစင်ချောမွေ့ပြီး အဖုအပိမ့်ကင်းစင်တဲ့ မျက်နှာလေးကိုသာ ပိုင်ဆိုင်ချင်ကြပါတယ်။ အကယ်၍ ကျွန်မကဲ့သို့အသားအရေ sensitive ဖြစ်လွန်းပြီး အဖုအပိမ့်များဖြစ်တတ်သော အသားအရေဖြစ်ပါက ရွှေပြည်နန်းကုံကော်ဝတ်ဆံသနပ်ခါးကို သုံးစွဲကြည့်ပါလို့အကြံပြုချင်ပါတယ်။ ရွှေပြည်နန်းကုံကော်ဝတ်ဆံသနပ်ခါးကို သုံးစွဲခဲ့တာ (၅)နှစ်နီးပါးရှိခဲ့ပါပြီ။ ကျွန်မမျက်နှာလေးကိုမှန်ထဲကြည့်တိုင်း ပျော်ရွှင်မှုတွေပေးသော ရွှေပြည်နန်းကုံကော်ဝတ်ဆံသနပ်ခါးကို အထူးပင်ကျေးဇူးတင်ရှိပါတယ်။

မယွန်းမီမီထွန်း (Master of Psychology) တောင်ငူတက္ကသိုလ်၊ တောင်ငူမြို့။

ထပ်ဆင့်ထောက်ခံအပ်ပါသည်။ ။ဒေါက်တာဝင်းပပထွန်း(လက်ထောက်ကထိက၊ စိတ်ပညာဌာန) ၊တောင်ငူတက္ကသိုလ်၊ တောင်ငူမြို့။

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မြန်မာနိုင်ငံနှင့် အေဆမ်ထိပ်သီးအစည်းအဝေး

အာရှ- ဥရောပ ထိပ်သီးအစည်းအဝေး (Asia - Europe Meeting - ASEM ) သည် ကမ္ဘာပေါ်တွင် အချက်အချာကျသည့် အာရှနှင့် ဥရောပဒေသနှစ်ခုကို ပေါင်းကူးပေးထားခြင်းဖြစ်ပါသည်။ ဤထိပ်သီးအစည်းအဝေးကို အတိုကောက်အားဖြင့် အေဆမ်(ASEM) ဟုလည်းခေါ်ဆိုကြပါသည်။ ၁၉၉၆ ခုနှစ် မတ်လမှစ၍ ပထမဆုံးသော အေဆမ်ထိပ်သီးအစည်းအဝေးကို ထိုင်းနိုင်ငံဗန်ကောက်မြို့၌ ကျင်းပခဲ့ပြီး နှစ်နှစ်တစ်ကြိမ် အာရှနှင့်ဥရောပဒေသတစ်လှည့်စီ ကျင်းပလာခဲ့ကြောင်း သိရသည်။

ဤထိပ်သီးအစည်းအဝေးသည် သက်တမ်းအားဖြင့် ဆယ်စုနှစ်နှစ်ခုတိုင်အောင် ကြာခဲ့ပြီဖြစ်သည့်အတွက် အာရှနှင့်ဥရောပအကြား နိုင်ငံရေး၊ စီးပွားရေး၊ ငွေရေးကြေးရေး၊ ဘဏ္ဍာရေးကဏ္ဍများသာမက ယဉ်ကျေးမှု၊ ပညာရေးနှင့် သုတေသန၊ လူငယ်ကဏ္ဍများပါ တိုးချဲ့ဆောင်ရွက်လာသည်ကို တွေ့ရပေသည်။ မြန်မာနိုင်ငံအနေဖြင့် အေဆမ်ထိပ်သီးအစည်းအဝေးကို ၂၀၀၆ ခုနှစ် ဖင်လန်နိုင်ငံ ဟယ်လ်ဆင်ကီမြို့၌ကျင်းပသော အစည်းအဝေးမှစတင်ကာ နိုင်ငံခြားရေးဝန်ကြီး ဦးဆောင်တက်ရောက်ခဲ့ပါသည်။ နိုင်ငံတော် အကြီးအကဲအဆင့်ကိုမူ ၂၀၁၂ ခုနှစ် နိုဝင်ဘာ ၅ ရက်နှင့် ၇ ရက်တို့တွင် လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ကျင်းပသော အစည်းအဝေး၌ နိုင်ငံတော်သမ္မတကိုယ်တိုင် မြန်မာနိုင်ငံအနေဖြင့် ပထမဆုံးအကြိမ် တက်ရောက်ခဲ့ကြောင်း သိရပါသည်။

ယခုအခါ အေဆမ်ထိပ်သီးအစည်းအဝေးကို အီတလီနိုင်ငံ မီလန်မြို့၌ အောက်တိုဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့တွင် ကျင်းပလျက်ရှိရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ကိုယ်တိုင်တက်ရောက်ခဲ့ပါသည်။ ဤထိပ်သီးအစည်းအဝေးသို့ မြန်မာနိုင်ငံမှ နိုင်ငံအကြီးအကဲအဖြစ် ဒုတိယအကြိမ်မြောက် တက်ရောက်ခြင်းလည်းဖြစ်ပါသည်။ မြန်မာနိုင်ငံသည် အာဆီယံအလှည့်ကျ ဥက္ကဋ္ဌတာဝန်ထမ်းဆောင်နေခြင်းကြောင့် မြန်မာနိုင်ငံတော်သမ္မတအနေဖြင့် မိမိနိုင်ငံကို ကိုယ်စားပြုသည့်အပြင် အာဆီယံကိုပါ ကိုယ်စားပြုတက်ရောက်ခြင်းလည်းဖြစ်ပါသည်။ ဤသို့ အာရှနှင့်ဥရောပ ဒေသနှစ်ခုစလုံးအတွက်အရေးပါသည့် ထိပ်သီးအစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းကပင် မြန်မာနိုင်ငံနှင့် ကမ္ဘာ့နိုင်ငံများအကြား ဆက်ဆံရေးမှာ အထူးကောင်းမွန်လျက်ရှိသည်ကို ပြသနေခြင်းပင်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ ဒီမိုကရေစီစနစ် ပြုပြင်ပြောင်းလဲလာမှုများကို အီးယူက ဦးဆောင်ထောက်ခံပံ့ပိုးပေးနေပြီး မြန်မာ-အီးယူဆက်ဆံရေးကောင်းမွန်လာသည်နှင့်အမျှ အာဆီယံ-အီးယူ ဆက်ဆံရေး၊ အေဆမ်အတွင်း ပူးပေါင်းဆောင်ရွက်ရေးများကိုပါ အထောက်အကူပြုလျက်ရှိပါသည်။ ယခုအခါ မြန်မာနိုင်ငံသည် အီးယူနိုင်ငံများနှင့်သာမက ကမ္ဘာ့နိုင်ငံအများအပြားနှင့်ပါ ဆက်ဆံရေးတိုးတက်နေပြီဖြစ်ပါသည်။

ဤသို့ ကမ္ဘာ့ထိပ်သီးအစည်းအဝေးများတွင် မြန်မာနိုင်ငံပါဝင်တက်ရောက်ခွင့်၊ ဆွေးနွေးပြောဆိုခွင့်များ ရရှိလာသည်နှင့်အမျှ မြန်မာပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားအတွက် ဆောင်ကြဉ်းလာနိုင်တော့မည်ဖြစ်ပါသည်။ မဝေးတော့သည့် အနာဂတ်ကာလအတွင်း မြန်မာနိုင်ငံသည် ကမ္ဘာ့နိုင်ငံများအကြား ဝင်ဆံ့လာမှုနှင့်အတူ စီးပွားရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ကျန်းမာရေး၊ ပညာရေး၊ နည်းပညာစသည်ဖြင့် နယ်ပယ် ကဏ္ဍစုံ တိုးတက်ပြောင်းလဲလာတော့မည်ဖြစ်ပါကြောင်း။ ။

ပြည်တွင်းသတင်း

# ကချင်ပြည်နယ်ဦးစီးမှူးရုံးတွင် ပို့ကုန်၊ သွင်းကုန်ရုံးဖွင့်

**နေပြည်တော် အောက်တိုဘာ ၁၇**

ဒေသခံ လုပ်ငန်းရှင်များအား အချိန်၊ ငွေကုန်ကျမှုသက်သာပြီး စိတ်ချမ်းသာစွာနှင့် လုပ်ငန်းလျင်မြန်ချောမွေ့စွာ ဆောင်ရွက်နိုင်ရန်အတွက် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ရှိ ပြည်နယ်ဦးစီးမှူးရုံးတွင် ပို့ကုန်၊ သွင်းကုန်ရုံးဖွင့်လှစ်ခြင်း အခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီက စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်နှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်းတို့က မင်္ဂလာဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။

ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ကချင်ပြည်နယ်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုမှာ အလွန်အရေးပါသည့် ကုန်သွယ်မှုကဏ္ဍကိုဖွံ့ဖြိုးတိုးတက်အောင် ကုန်သွယ်မှုအတားအဆီးများ ဖြေလျှော့ပေးခြင်း၊ ဒေသခံလုပ်ငန်းရှင်များအား ကုန်သွယ်မှု လုပ်ထုံးလုပ်နည်းများကို နားလည်သဘောပေါက်ပြီး နိုင်ငံတကာကုန်သွယ်မှုကို ပြည်ပလုပ်ငန်းရှင်များနှင့် တန်းတူဆောင်ရွက်နိုင်အောင် ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုဆိုင်ရာ သင်တန်းကိုလည်း အောက်တိုဘာ ၁၄ ရက်က ဖွင့်လှစ်ပေးခဲ့ကြောင်း၊ ပြည်နယ် လုပ်ငန်းရှင်များအနေဖြင့် ကုန်သွယ်မှုဆိုင်ရာ လုပ်ငန်းများကို ဝေးလံသည့် ဒေသများအထိ သွားရောက် ဆောင်ရွက်ရန်မလိုဘဲ မြစ်ကြီးနားမြို့တွင် ပို့ကုန်သွင်းကုန်လုပ်ငန်းများ ဆောင်ရွက်နိုင်အောင် ပို့ကုန်၊ သွင်းကုန်ရုံးကို ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ပို့ကုန်၊ သွင်းကုန်ရုံးမှ မြစ်ကြီးနားမြို့ရှိ ဒေသခံလုပ်ငန်းရှင်များကို ဘိလပ်မြေ တန်ချိန် ၃၀၀၀ နှင့် မော်တော်ဆိုင်ကယ်စီးရေ ၁၃၀၀၀တို့ကို သွင်းကုန်လိုင်စင် ထုတ်ပေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မော်တော်ယာဉ်များနှင့် ဆက်လက်ထွက်ခွာခဲ့ရာ မြစ်ကြီးနားမြို့ စီတာပူရပ်ကွက်ရှိ ကျောက်မျက်ရတနာ လုပ်ငန်းရှင်များအသင်း(မြစ်ကြီးနား)သို့ ရောက်ရှိပြီး ရှင်းလင်းခန်းမဆောင်တွင် မြစ်ကြီးနားမြို့ ကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် အမှုဆောင်များအား တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက သဘာဝတွင်းထွက်ကျောက်စိမ်းကို မိမိဒေသတွင်းအရောင်းအဝယ် ဈေးကွက်ဖြစ်ပေါ်ရန် လိုအပ်ကြောင်း၊ ဈေးကွက်ရရှိပြီး ပစ္စည်းမှန်ကန်မှု၊ ဈေးနှုန်းမှန်ကန်မှု ရှိစေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းပေးစေလိုကြောင်း၊ ကျောက်စိမ်းကို တရုတ်နိုင်ငံသာမက ကမ္ဘာ့နိုင်ငံများအထိ ကျယ်ကျယ်ပြန့်ပြန့် ဈေးကွက်ထိုးဖောက်နိုင်ရန်အသင်းမှ ဦးဆောင်စည်းရုံးဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ဝန်ကြီးဌာနမှလည်း ပံ့ပိုးကူညီပေးမည်ဖြစ်ပြီး ဆက်စပ်ဝန်ကြီးဌာနများနှင့်လည်း ချိတ်ဆက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါ ကျောက်မျက်ရတနာလုပ်ငန်းများအသင်း (မြစ်ကြီးနား)တွင် အသင်းဝင် ၁၀၅၃ ဦးဖြင့် ဖွဲ့စည်းထားပြီး အဓိကဇုန်လေးဇုန်အတွင်း ရတနာဆိုင်ခန်းများ၊ စားသောက်ဆိုင်ခန်းများ၊ ဖြတ်သွေးခုံနှင့် One Stop Services ရုံးခွဲတို့ ပါဝင်ဖွဲ့စည်း တည်ဆောက်ဖွင့်လှစ်ပေးထားကြောင်း သိရသည်။

**(သတင်းစဉ်)**



# ဝန်ထမ်းအိမ်ရာတည်ဆောက်ရန် ပန္နက်တင်

**မန္တလေး အောက်တိုဘာ ၁၇**

ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ကိုယ်ပွားသတင်းစာတိုက်(မန္တလေး) ဝန်ထမ်းအိမ်ရာ တည်ဆောက်ခြင်း မြေသန့်မင်္ဂလာနှင့် ပန္နက်တင် မင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၁၆ ရက် နံနက် ၇ နာရီက မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပုလဲငွေရောင် ရပ်ကွက်ရှိ ကိုယ်ပွား သတင်းစာတိုက်ဝင်းအတွင်း ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာမြင့်ကြူက သတ်မှတ်နေရာ၌ ပန္နက်တိုင်ကို စိုက်ထူပေးပြီး ပြန်ကြားရေးဝန်ကြီးဌာန လက်အောက်ရှိ တာဝန်ရှိသူများနှင့်အတူ အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့သည်။ အဆိုပါ ဝန်ထမ်းအိမ်ရာ အဆောက်အအုံမှာ RC လေးခန်းတွဲဖြစ်ပြီး အောင်ဇေသွန်းကုမ္ပဏီမှ တာဝန်ယူကာ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း အပြီးတည်ဆောက်သွားမည်ဖြစ်ကြောင်း သိရသည်။

**တင်မောင်(မန္တလေး)**

# စလင်းမြို့၌ စေတနာညကျောင်းဖွင့်

**စလင်း အောက်တိုဘာ ၁၇**

မကွေးတိုင်းဒေသကြီး စလင်းမြို့ အထက်တန်းကျောင်းတွင် အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီက စေတနာ ညကျောင်းဖွင့်ပွဲအခမ်းအနား ကျင်းပသည်။

အဆိုပါ အခမ်းအနားတွင် မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ဆရာမကြီးတို့က စေတနာ ညကျောင်း ဖွင့်လှစ်ရခြင်းကို ပြောကြားခဲ့သည်။ ညကျောင်းတွင် တက္ကသိုလ်ဝင်တန်း ဖြေဆိုမည့် ကျောင်းသား ကျောင်းသူ ၈၀ ဦးတက်ရောက် သင်ကြားမည်ဖြစ်ကြောင်းသိရသည်။

**စစ်ကြည်(စလင်း)**




Y.E.S. Since 1994
ကျောင်းခွဲမရှိပါ။
ဆရာဦးမြင့်အောင် B.A.(Hons.)(English), M.A.(ESL)(Hawaii, USA) ဦးစီးသော
International English Language Cen-
တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ နှင့် ဘွဲ့ကြို၊ ဘွဲ့ရများ အတွက်

| | |
|---|---|
| **Basic Spoken English** | |
| Mon to Thurs-7:30-9:30am | 7,27 Oct |
| Mon to Thurs-5:30-7:00pm | 13 Oct |
| Sat & Sun - 3:45-6:45 pm | 18 Oct |
| Mon to Thurs-10:00-12:00am | 20 Oct |
| Mon to Thurs-1:00-3:00-5:00pm | 20 Oct |
| Sat & Sun - 12:30-3:30 pm | 25 Oct |
| **Pre-Intermediate English** | |
| Mon to Thurs-1:00-3:00 pm | 20 Oct |
| Mon to Thurs-10:30-12:30am | 27 Oct |
| **Grammar Foundation Course** | |
| Mon to Thurs - 3:30-5:00 pm | 7 Oct |
| Mon to Thurs - 10:00-12:30 am | 18 Oct |
| Mon to Thurs - 1:00-2:30 pm | 20 Oct |
| **Basic Writing Course** | |
| Mon to Thurs - 3:00-4:30 pm | 20 Oct |
| **Vocabulary Enrichment Course** | |
| Sat & Sun - 10:00-12:00 am | 25 Oct |
| **Structure & Written Expression** | |
| Sat & Sun - 9:00-12:00 am | 11 Oct |
| Sat & Sun - 12:30-3:30 pm | 11 Oct |
| Mon to Thurs-1:00-3:00 pm | 13 Oct |
| Sat & Sun - 7:30-10:00 am | 18 Oct |
| Mon to Thurs-4:00-5:30-7:00 pm | 20 Oct |
| **Academic Writing Course** | |
| San & Sun - 5:00 - 7:00 pm | 18 Oct |
| **Academic Preparation For IELTS(API)** | |
| Mon to Thurs - 10:30 - 12:30am | 13 Oct |
| SAT Mon to Thurs -3:30-5:00pm | 13 Oct |
| IELTS(Test Practice) San&Sun 10:30to12:30am | 18 Oct |
| IELTS(Speaking) San&Sun 1:00to3:30pm | 18 Oct |

No.190, 2nd Flr.,28th St(Upper), Pabedan Tsp. Ph: 01-243950, 246910

အဝေဇ္ဇ အမှတ်တံဆိပ်
အစာပင်ကြွင်းအတွက် အဝေဇ္ဇ ရှိတယ်...
အငဝရာ ရှိတယ်... အစာကြေဆေး
တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် TMR-006339 (0914)
ပင်ရင်း - အဝေဇ္ဇတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး
အမှတ် (၁၀)၊ ဒေအာင်သုခလမ်း၊ ပုသိမ်မြို့။ ဖုန်း ၀၄၂ - ၂၄၄၃၂

အာရုံကြောအားနည်း မှတ်ဉာဏ်အားနည်း အိပ်မပျော် မူးဝေ လေငန်းရောဂါများအတွက် ...
လူ တိုင်း ကျန်း မာ
ဓွဲရတနာ အမှတ်တံဆိပ်
အာရုံကြောဆေး
အာရုံကြောအားနည်းခြင်း၊ မှတ်ဉာဏ်အားနည်းခြင်း၊ ထုံကျဉ်ခြင်း၊ လေးလံခြင်း၊ လေငန်းရောဂါဖြစ်ခြင်း၊ အိပ်မပျော်ခြင်း၊ မူးဝေခြင်း၊ စိတ်လှုပ်ရှားခြင်း၊ ရင်တုန်ခြင်း၊ မောပန်းခြင်း၊ နလုံးအောင့်ခြင်း၊ နလုံးအားနည်းခြင်းများတွင် သောက်သုံးနိုင်ပါသည်။
ပင်ရင်း - ဓွဲရတနာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး နှင့် ဆေးကုခန်း
Ph : 430380 , 551798 , 09 5039651, 09 5191961

## ပြည်တွင်းသတင်း

◯ *ကျောဖုံးမှ*

မိမိတို့အစိုးရအနေဖြင့် အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် သက်ဆိုင်သူအားလုံးနှင့် အတူတကွလက်တွဲဆောင်ရွက်လျက်ရှိပြီး ယခုဆိုလျှင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အားလုံးနီးပါးနှင့် အပစ်အခတ်ရပ်စဲနိုင်ခဲ့ကာ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ရေရှည်တည်တံ့ခိုင်မြဲသည့် ငြိမ်းချမ်းရေးရရှိရန် အလွန်နီးစပ်နေပြီဖြစ်ပါကြောင်း၊ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်ရရှိပြီးသည့်နောက်တွင် နိုင်ငံရေးဆွေးနွေးပွဲများအဆင့်သို့ တက်လှမ်းနိုင်ရန် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ထို့ပြင် ငြိမ်းချမ်းရေးရရှိပြီးသည့်အခါတွင် ယင်းဒေသများ၏ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကိုလည်း အလေးထားဆောင်ရွက်သွားရန် ရှိပါကြောင်း၊ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ထောက်ခံအားပေးသည့် နိုင်ငံတကာအသိုင်းအဝိုင်းကိုလည်း အထူးကျေးဇူးတင်ရှိပါကြောင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် အောင်မြင်သည်အထိ မိမိတို့အစိုးရအနေဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

မိမိတို့၏ ဒီမိုကရေစီပြုပြင်ပြောင်းလဲမှုသည် နုနယ်သေးသည့်အတွက် အခြားသော အကူးအပြောင်းကာလတွင်ရှိသည့် နိုင်ငံများနည်းတူ ခက်ခဲသည့် စိန်ခေါ်မှုများကို ရင်ဆိုင်နေရပါကြောင်း၊ ထိုစိန်ခေါ်မှုများကို ရည်မှန်းချက်အောင်မြင်သည်အထိ ကျော်လွှားသွားရန်လည်း သန္နိဋ္ဌာန်ချမှတ်ထားပြီးဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် နောက်ကြောင်းပြန်မလှည့်ဘဲ ရှေ့သို့ဆက်လက်လျှောက်မည်ဟူသည့် သန္နိဋ္ဌာန်စိတ်ဖြင့် ဆက်လက်လျှောက်လှမ်းသွားမည်ဖြစ်သည်ကို ပြောကြားလိုပါကြောင်း။

မိမိတို့ဆောင်ရွက်နေသော ခိုင်မာသည့်ဒီမိုကရေစီအခြေခံများ ချမှတ်နိုင်ရန် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် စွမ်းဆောင်ရည်တည်ဆောက်မှုတို့အတွက် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို နိုင်ငံတကာအသိုင်းအဝိုင်းအနေဖြင့် နားလည်မှုရှိရှိနှင့် ဆက်လက်ထောက်ခံအားပေးသွားမည်ဟုလည်း ယုံကြည်မျှော်လင့်ပါကြောင်း။

လူ့အခွင့်အရေးကာကွယ်ရေးနှင့် စောင့်ရှောက်မှုများကို ယခုအခါ မြန်မာနိုင်ငံတွင် ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေပြီဖြစ်ပါကြောင်း၊ ၂၀၁၁ ခုနှစ်တွင် တည်ထောင်ခဲ့သည့် မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ကို မကြာခင်ကပင် ပြင်ဆင်ဖွဲ့စည်းပေးခဲ့ပြီး လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်ရေးများတွင် အပြည့်အဝလွတ်လပ်စွာ ဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်သူများအနေဖြင့် လူ့အခွင့်အရေးချိုးဖောက်ခံရခြင်းများရှိပါက တိုင်ကြားနိုင်သည့် ယန္တရားတစ်ရပ်လည်း ရှိနေပြီဖြစ်ပါကြောင်း၊ အာဆီယံနိုင်ငံများအတွင်း၌ မြန်မာနိုင်ငံသည် အမျိုးသားလူ့အခွင့်အရေးထူထောင်သည့် ပဉ္စမမြောက်နိုင်ငံဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် လူ့အခွင့်အရေးများ သိသိသာသာတိုးတက်ဖြစ်ထွန်းနေသော်လည်း နိုင်ငံတကာက လုံလောက်သည့် အသိအမှတ်ပြုခြင်း မရှိသေးသည်ကို တွေ့ရပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် လူ့အခွင့်အရေးကာကွယ်စောင့်ရှောက်မှုများကို ပြည်တွင်း၌ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်နေသကဲ့သို့ နိုင်ငံတကာတွင် တာဝန်ရှိသည့် နိုင်ငံတစ်နိုင်ငံအနေဖြင့် အနာဂတ်၌ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏အဖွဲ့ဝင်အဖြစ် ဝင်ရောက်ရန်အထိ ရည်မှန်းထားပါကြောင်း။

နိဂုံးချုပ်အနေဖြင့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာသဘောတူညီချက်များ၊ အလုပ်သမားအဖွဲ့အစည်းဆိုင်ရာသဘောတူညီချက်များ၊ အမျိုးသမီးနှင့် ကလေးသူငယ်များဆိုင်ရာ သဘောတူညီချက်များတွင်လည်း ပါဝင်လက်မှတ်ရေးထိုးသွားရန်ဆောင်ရွက်နေပါကြောင်း၊ ထို့ကြောင့် ဥရောပသမဂ္ဂက မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေနှင့်ပတ်သက်၍ ကုလသမဂ္ဂအထွေထွေညီလာခံတတိယကော်မတီတွင် နှစ်စဉ် အဆိုတင်သွင်းနေသည့်ကိစ္စအား ရပ်ဆိုင်းပေးရေး တောင်းဆိုပါကြောင်းဖြင့် ပြောကြားခဲ့သည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်သမ္မတသည် မီကိုကွန်ဖရင့်စင်တာ ဆွေးနွေးပွဲခန်းမဆောင်၌ကျင်းပသည့် (၁၀)ကြိမ်မြောက် အာရှ-ဥရောပထိပ်သီးအစည်းအဝေးပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**



**နိုင်ငံတော်သမ္မတဦးသိန်းစိန် (၁၀)ကြိမ်မြောက် အာရှ-ဥရောပ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်စဉ်။** (သတင်းစဉ်)

# ဥပဒေပြုရေးဆောင်ရွက်နေမှုအခြေအနေများ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၁၇**

ပြည်ထောင်စုလွှတ်တော် ဒုတိယနာယက ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာသည် ဗန်ကောက်မြို့အခြေစိုက် ဘယ်လ်ဂျီယံနိုင်ငံသံရုံးမှ သံအမတ်ကြီး H.E.Mr.Marc Michielsen အား ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုလွှတ်တော် (D) ဆောင် ဒုတိယထပ်၌ လက်ခံတွေ့ဆုံခဲ့သည်။ **(ယာပုံ)**

**ရင်းနှီးပွင့်လင်းစွာဆွေးနွေး**

မြန်မာနိုင်ငံလွှတ်တော်၏ဥပဒေပြုရေးဆောင်ရွက်နေမှုအခြေအနေများ၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ၏ ဆောင်ရွက်နေသည့်လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါဆွေးနွေးပွဲသို့ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်နိုင်ရေး အကောင်အထည်ဖော်မှုကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးစံပြည့်၊ ပြည်သူ့လွှတ်တော်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ အဖွဲ့ဝင်များဖြစ်ကြသော ဦးခင်ဇော်၊ ဦးအောင်မြင့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**





# နှစ်ထပ်ကျောင်းဆောင်နှင့် စားရိပ်သာတည်ဆောက်ရေး အဆောက်အအုံများ အရည်အသွေးပြည့်မီအောင်ဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၁၇**

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ၏ဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ နယ်စပ်ရေးရာဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးသက်နိုင်ဝင်းသည် ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးမောင်မောင်အုန်းနှင့်အတူ အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းက စစ်တွေမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် သင်တန်းကျောင်းအတွင်း အာသံဆောက်လုပ်ရေးကုမ္ပဏီမှ တာဝန်ယူတည်ဆောက်နေသော နှစ်ထပ်ကျောင်းဆောင်နှင့် စားရိပ်သာတည်ဆောက်ရေးလုပ်ငန်းများကိုကြည့်ရှုစစ်ဆေး၍ အဆောက်အအုံများ၏အရည်အသွေးပြည့်မီရေး၊ သတ်မှတ်ချိန်အတွင်း ပြီးစီးအောင်ဆောင်ရွက်ရေးတို့ကို မှာကြားခဲ့သည်။ **(ဝဲပုံ)**

ထို့နောက် လူငယ်သင်တန်းကျောင်းရှိ ကျောင်းသား ကျောင်းသူများအားတွေ့ဆုံမှာကြားကာ လူငယ်သင်တန်းကျောင်း ကျောင်းအုပ်၊ သင်တန်းနည်းပြများနှင့် ကျောင်းသားကျောင်းသူများ၊ အဆင့်မြင့်စက်ချုပ်သင်တန်းနည်းပြများနှင့် သင်တန်းသူများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ **(သတင်းစဉ်)**

# နေစွမ်းအင်သုံးဓာတ်အားပေးစက်ရုံစီမံကိန်းတည်ဆောက်၊ လည်ပတ်မောင်းနှင်ရေးနှင့် လွှဲပြောင်းပေးအပ်ရေးဆိုင်ရာ သဘောတူစာချုပ်လက်မှတ်ထိုး

**နေပြည်တော် အောက်တိုဘာ ၁၇**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်စွမ်းအားဦးစီးဌာနနှင့် Green Earth Power (Thiland) Co.,Ltd တို့အကြား မကွေးတိုင်းဒေသကြီး မင်းဘူးဒေသအတွင်း နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံစီမံကိန်းအား တည်ဆောက်၊ လည်ပတ်မောင်းနှင်ရေးနှင့် လွှဲပြောင်းပေးအပ်ရေးဆိုင်ရာ သဘောတူစာချုပ် (Memorandum of Agreement) လက်မှတ်ရေးထိုးခြင်းကို အောက်တိုဘာ ၁၆ ရက်ညနေ ၆ နာရီက နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပသည်။

အဆိုပါ သဘောတူစာချုပ်လက်မှတ် ရေးထိုးပွဲတွင် ပြည်ထောင်စုဝန်ကြီးဦးခင်မောင်စိုးက အမှာစကားပြောကြားပြီး Green Earth Power (Thailand) Co.,Ltd.မှ Executive Director U Aung Thiha က Solar Power Plant စီမံကိန်းတည်ဆောက်အကောင်အထည်ဖော်မည့် အစီအစဉ်များအား ရှင်းလင်းတင်ပြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

အခမ်းအနား အစီအစဉ်အရ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန လျှပ်စစ်စွမ်းအားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်ဝင်းနှင့် Green Earth Power (Thailand) Co.,Ltd. မှ Executive Director U Aung Thiha တို့က သဘောတူစာချုပ်ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။

ယနေ့ လက်မှတ်ရေးထိုးပွဲအခမ်းအနားသည် မကွေးတိုင်းဒေသကြီး မင်းဘူးဒေသအတွင်း နေရောင်ခြည်စွမ်းအင်သုံး ဓာတ်အားပေးစက်ရုံ စီမံကိန်းကို တည်ဆောက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးပါက နိုင်ငံတော်အတွက်သာမက ဧရာဝတီမြစ်အနောက်ဘက်ကမ်းရှိ မင်းဘူးမြို့နယ်အပါအဝင် ဒေသခံပြည်သူများ၏ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသတွင်းစီးပွားရေး၊လူနေမှုအဆင့်အတန်းများတိုးတက်မြင့်မားလာစေနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ငှက်ဖျားရောဂါကွင်းဆင်းဆောင်ရွက်ခြင်းလုပ်ငန်း ဆွေးနွေး

**အမ်း အောက်တိုဘာ ၁၇**

အမ်းမြို့၌ အရှိန်အဟုန်မြှင့် ငှက်ဖျားရောဂါ ကွင်းဆင်းဆောင်ရွက်ခြင်းလုပ်ငန်း ကြိုတင်ညှိနှိုင်းဆွေးနွေးပွဲကို အမ်းမြို့နယ် ပြည်သူ့ဆေးရုံခန်းမ၌ အောက်တိုဘာ ၁၆ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

ရှေးဦးစွာ အမ်းမြို့နယ် ဆေးရုံအုပ်ကြီး ဒေါက်တာဇေယျာလင်းက အမှာစကားပြောကြားပြီး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာဦးသောင်းလှိုင်၊ ရခိုင်ပြည်နယ် ငှက်ဖျားတိုက်ဖျက်ရေးအဖွဲ့ခေါင်းဆောင် ဒေါက်တာဒေါ်စံကျော့ခိုင်တို့က ငှက်ဖျားအခြေအနေများကို ရှင်းလင်းပြောကြားခဲ့ရာ (URC- MALARIA) မှ ဒေါက်တာ ဦးစောလွင်က အမ်းမြို့နယ်အတွင်း အရှိန်အဟုန်မြှင့်ငှက်ဖျားရောဂါတိုက်ဖျက်ရေး ကွင်းဆင်းဆောင်ရွက်ရခြင်းအကြောင်း လုပ်ငန်းစဉ်များညှိနှိုင်းဆောင် ရွက်ခဲ့သည်။

အခမ်းအနားသို့ မြို့နယ်ဌာနဆိုင်ရာတာဝန်ရှိသူ၊ ဆေးရုံမှ တာဝန်ရှိဆရာ ဆရာမများ၊ တိုက်နယ်ဆေးရုံမှ ဆရာဝန်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းမောင်(အမ်း)**

နိုင်ငံတကာသတင်း

# အိန္ဒိယနိုင်ငံက နျူဒုံးကျည်ကို အောင်မြင်စွာစမ်းသပ် ပစ်လွှတ်နိုင်ခဲ့

**နယူးဒေလီ အောက်တိုဘာ ၁၇**

အိန္ဒိယနိုင်ငံက ၎င်း၏ပြည်တွင်းလုပ် နဘ္ဘယ်ပေးဟုခေါ်သော နျူကလီးယားဒုံးကျည်ကို သောကြာနေ့က ဩရိဿ အရှေ့ဘက်တွင် အောင်မြင်စွာ စမ်းသပ်ပစ်လွှတ်နိုင်ခဲ့ကြောင်း သတင်းအရင်းအမြစ်များက ဖော်ပြခဲ့သည်။

မြေပြင်ပစ် နျူကလီးယားဒုံးကျည် စမ်းသပ်ပစ်လွှတ်ခြင်းကို ချန်ဒီပါးလ်၌ ဒေသစံတော်ချိန် နံနက် ၁၀ နာရီက အောင်မြင်စွာပြုလုပ်နိုင်ခဲ့ကြောင်း သတင်းရင်းမြစ်များက ဖော်ပြခဲ့သည်။ ဒေသတွင်း ရုပ်သံလိုင်းများက နျူကလီးယားဒုံးကျည်ပစ်လွှတ်ခြင်းကို ပြသခဲ့ကြသည်။

တပ်မတော်သုတေသနနှင့် ဖွံ့ဖြိုးရေးအဖွဲ့က တည်ဆောက်ခဲ့သော အဆိုပါဒုံးကျည်မှာ ပစ်လွှတ်နိုင်ပြီး ရေဒါဖြင့် ဖမ်း၍မရနိုင်ကြောင်း သတင်းအရင်းအမြစ်များက ပြောခဲ့သည်။

ရန်သူ့ပိုင်နက်ကို ၁၀၀၀ကီလိုမီတာ ဝန်းကျင်ခန့်ထိအပြင်းအထန် ထိခိုက်မှုရှိစေနိုင်သော ယင်းနျူကလီးယားဒုံးကျည်ကို အာကာသမှ အချက်ပေးထိန်းချုပ်နိုင်ကြောင်း သိရသည်။ **(ဆင်ဟွာ)**

# အီဂျစ်၌ ဗုံးနှစ်လုံးပေါက်ကွဲ၊ ၁၁ ဦးဒဏ်ရာရ

**ကိုင်ရို အောက်တိုဘာ ၁၇**

ပြည်တွင်းလုပ်ဗုံးနှစ်လုံး ကိုင်ရိုမြို့၏မြောက်ဘက် ကီလိုမီတာ ၈၀ အနီး တန်တာဒေသ ဝါဘီယားမြို့ရှိ ဗလီအနီးတွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ အနည်းဆုံး ၁၁ ဦး ဒဏ်ရာရရှိခဲ့ကြောင်း ပီနာသတင်းအေဂျင်စီက သတင်းထုတ်ပြန်ခဲ့သည်။

ဗုံးရှာဖွေရေးအဖွဲ့က ပေါက်ကွဲမှုဖြစ်ပွားရာ ဗလီအနီးတွင် ရှာဖွေခဲ့ရာ စနက်တံဖြုတ်ထားသော တတိယဗုံးကို တွေ့ရှိခဲ့ကြောင်း အမည်မဖော်လိုသူ လုံခြုံရေးတပ်ဖွဲ့၏ ပြောကြားချက်ကိုကိုးကား၍ ပီနာသတင်းအေဂျင်စီက ဖော်ပြသည်။ အလားတူ ဗုံးပေါက်ကွဲမှုတစ်ခုသည် ကိုင်ရိုရှိတရားရုံးချုပ်အနီးတွင် လွန်ခဲ့သောရက်အနည်းငယ်က ဖြစ်ပွားခဲ့ရာ လူတစ်ဒါဇင်ကျော် ဒဏ်ရာရရှိခဲ့သည်။ ယခု ဗုံးပေါက်ကွဲမှုသည် အဆိုပါဗုံးပေါက်ကွဲပြီးနှစ်ရက်အကြာတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

လွန်ခဲ့သော ဇူလိုင်လတွင် ယခင်သမ္မတ မိုဟာမက်မော်စီကို တပ်မတော်က ဖြုတ်ချပြီးကတည်းက အကြမ်းဖက်တိုက်ခိုက်မှုများမြင့်တက်လာခြင်းဖြစ်သည်။ လုံခြုံရေးတပ်များက ၎င်းကိုထောက်ခံနေသူများကို ဖြိုခွဲခဲ့ရာ ၁၀၀၀ အသတ်ခံခဲ့ရပြီး ထောင်ပေါင်းများစွာ အဖမ်းခံခဲ့ရသည်။

အဆိုပါဗုံးခွဲတိုက်ခိုက်မှုသည် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဦးတည်တိုက်ခိုက်လျက်ရှိသည်။ **(ဆင်ဟွာ)**

# ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များ တိုက်ခိုက်ခံရမှုသည် မျက်မှောက်ကာလ ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်ဖြစ်လိုသူများအတွက် စိန်ခေါ်မှုများဖြစ်လာဟု ဘန်ကီမွန်းပြောကြား

**ဂျီနီဗာ အောက်တိုဘာ ၁၇**

ဆူဒန်နိုင်ငံ ဒါဖာ၌ တိုက်ခိုက်မှုတစ်ခုဖြစ်ပွားခဲ့ရာ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်သုံးဦး သေဆုံးခဲ့သည်။ ဒါဖာရှိ ကုလသမဂ္ဂ-အာဖရိကသမဂ္ဂမစ်ရှင်ကို အမည်မသိသေနတ်သမားများက တိုက်ခိုက်မှုကြောင့် အီသီယိုးပီးယားတပ်ဖွဲ့ဝင်သုံးဦးသေဆုံးခဲ့ကြောင်း ယင်းမစ်ရှင်ပြောရေးဆိုခွင့်ရှိသူက ဆိုသည်။

ယင်းကိစ္စသည် ငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များ ဒါဖာမြောက်ပိုင်းရှိ Korma ၌ ကင်းလှည့်နေစဉ် တိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ ကုလသမဂ္ဂငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များအပေါ် တိုက်ခိုက်မှုကို လက်မခံနိုင်ကြောင်းနှင့် ယခုအဖြစ်အပျက်သည် နိုင်ငံတကာဥပဒေကို ပြင်းထန်သည့်ချိုးဖောက်မှုတစ်ခုဖြစ်ကြောင်း ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ပြင်းပြင်းထန်ထန်ပြစ်တင်ပြောဆိုခဲ့သည်။

ထို့အပြင် မျက်မှောက်ကာလငြိမ်းချမ်းရေးတပ်ဖွဲ့ဝင်များ အလုပ်လုပ်ကိုင်နေမှု၌ စိန်ခေါ်မှုများဖြစ်လာကြောင်း၊ အောက်တိုဘာလအတွင်းဗဟိုအာဖရိက၊ ဆူဒန်နှင့် မာလီနိုင်ငံတို့ရှိ ကုလသမဂ္ဂငြိမ်းချမ်းရေးမစ်ရှင်၌ တာဝန်ထမ်းဆောင်နေသူ ၁၄ ဦးသေဆုံးခဲ့ရာ ယင်းလသည် ကုလငြိမ်းချမ်းရေးမစ်ရှင်များအတွက် သွေးချောင်းစီးသောလဖြစ်ကြောင်း ၎င်းက ထပ်လောင်းပြောကြားခဲ့သည်။ **(ပရက်စ်တီဗွီ)**




# လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် ငါးနိုင်ငံမဟုတ်သော အဖွဲ့ဝင်ငါးနိုင်ငံကို မဲပေးရွေးချယ်

**ဂျီနီဗာ အောက်တိုဘာ ၁၇**

တူရကီနိုင်ငံသည် ကြာသပတေးနေ့က ကုလသမဂ္ဂ၌ အဖွဲ့ဝင်နိုင်ငံများက မဲခွဲဆုံးဖြတ်ပြီးနောက် ကုလသမဂ္ဂလုံခြုံရေးကောင်စီနေရာ အနိုင်ရရှိရန် ဆုံးရှုံးသွားခဲ့သည်။

အမြဲတမ်းအဖွဲ့ဝင် မဟုတ်သော ငါးနိုင်ငံအတွက် ဗင်နီဇွဲလား၊ အင်ဂိုလာ၊ မလေးရှား၊ နယူးဇီလန်နှင့် စပိန်တို့ကို မဲပေးရွေးချယ်ခဲ့သည်ဟု ဆိုသည်။ တူရကီနိုင်ငံသည် အဆိုပါနေရာအတွက် နှစ်မဲတည်းဖြင့် ကပ်ရှုံးသွားခဲ့သည်။

တူရကီနိုင်ငံသည် အိုင်အက်စ်တို့အား တိုက်ခိုက်ရာတွင် ၎င်းနယ်မြေကို အသုံးပြုရေးနှင့် ပတ်သက်၍ နိုင်ငံတကာ၏ဖိအားပေးမှုကို ရင်ဆိုင်နေရသည်။ လုံခြုံရေးကောင်စီအဖွဲ့ဝင်သစ် ငါးနိုင်ငံသည် ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ စတင်ကာ နှစ်နှစ်ကြာ တာဝန်ထမ်းဆောင်ရမည်ဖြစ်သည်။




ကုလသမဂ္ဂအဖွဲ့ဝင် ၁၉၃ နိုင်ငံအကြား တူရကီနိုင်ငံသည် ရေပန်းစားသည့် နိုင်ငံတစ်နိုင်ငံဖြစ်သော်လည်း တတိယအကျော့ယှဉ်ပြိုင်မှုတွင် စပိန်ကို ရှုံးနိမ့်သွားခဲ့သည်။ နယူးဇီလန်က အဆိုပါတာဝန်ကို ပထမအကျော့တွင် ၁၄၅ မဲဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ အမြဲတမ်းအဖွဲ့ဝင် မဟုတ်သော ငါးနိုင်ငံဖြစ်သည့် အာဂျင်တီးနား၊ ဩစတြေးလျ၊ လူဇင်ဘတ်၊ တောင်ကိုရီးယားနှင့် ရဝမ်ဒါတို့သည် ယခုနှစ်ကုန်ပိုင်းတွင် တာဝန်မှ အနားယူရမည်ဖြစ်သည်။ **(ဘီဘီစီ)**

# ဟောင်ကောင်ဆန္ဒပြသူများ သပိတ်စခန်း အရုဏ်တက်၌ ရဲတပ်ဖွဲ့ဝင်များက ရှင်းလင်း

**ဟောင်ကောင် အောက်တိုဘာ ၁၇**

ဟောင်ကောင်ရဲတပ်ဖွဲ့က မြို့အချက်အချာကျရာ မောင်းကွတ်ဒေသရှိ ဒီမိုကရေစီ ဆန္ဒပြသူများ၏ ဆန္ဒပြနေရာသပိတ်စခန်းကို ရှင်းလင်းဖယ်ရှားမှုပြုလုပ်ခဲ့ကြောင်း ဘီဘီစီသတင်းတစ်ရပ်တွင် ဖော်ပြသည်။




ယင်းကဲ့သို့ ဆန္ဒပြနေရာကို ရှင်းလင်းစဉ် မည်သည့် ဆန္ဒပြသူမျှ ပြန်လည်ခုခံခြင်း မရှိခဲ့ဟု ဆိုသည်။ ယခု သီတင်းပတ် အစောပိုင်းကလည်း အလားတူ ဆန္ဒပြသူများကို ရှင်းလင်းမှုတစ်ရပ် ပြုလုပ်ခဲ့ရာ ရဲတပ်ဖွဲ့ဝင်တစ်ဦးက ဆန္ဒပြသူတစ်ဦးအား ရိုက်နှက်နေသည့် ဗီဒီယိုမှတ်တမ်း ထွက်ပေါ်လာသည်။

၂၀၁၇ ခုနှစ် ဟောင်ကောင် အုပ်ချုပ်ရေးမှူး ရွေးချယ်ခြင်းအပေါ် တရုတ်နိုင်ငံ၏ တင်းကျပ်သည့် စနစ်ကြောင့် ဆန္ဒပြသူများက ဒေါသထွက်ခဲ့ပြီး သုံးပတ်ကြာသည့်တိုင်အောင် လမ်းပေါ်ထွက် ဆန္ဒပြခဲ့ကြသည်။

ယခု သီတင်းပတ်အတွင်း တတိယအကြိမ်မြောက် အရုဏ်ဦးဖြိုခွင်းမှုပြုလုပ်ခဲ့ရာ သောကြာနေ့နံနက်စောစောတွင် အဓိကရုဏ်းရဲတပ်ဖွဲ့ဝင်များ မောင်းကွတ်သို့ ရောက်ရှိလာပြီး နှစ်ပတ်ကျော်ကြာ လမ်းများကို ပိတ်ဆို့ထားသည့် အတားအဆီးများနှင့် တဲအိမ်ငယ်များကို ဖယ်ရှားရှင်းလင်းခဲ့သည်ဟု ဆိုသည်။

ထောင်နှင့်ချီသော ဆန္ဒပြသူများက ယခင်ကတည်းက ၎င်းနေရာကို သိမ်းပိုက်ထားခဲ့သည်။ ရဲတပ်ဖွဲ့ဝင်များက ရှင်းလင်းစဉ် လူဦးရေဒါဇင်အချို့မျှသာ ထွက်ခွာသွားသည်ဟု ဆိုသည်။ ယခု သီတင်းပတ်အတွင်း ရဲတပ်ဖွဲ့ဝင်များ၏ ရှင်းလင်းမှုတွင် မောင်းကွတ်ဒေသသည် နေရာအကျယ်ဆုံးဖြစ်သည်။ ယင်းစစ်ဆင်မှုတွင် ရဲအရာရှိ ၈၀၀ ပါဝင်သည်ဟု ဆိုသည်။ **(ဘီဘီစီ)**

# အီဘိုလာ ရိုက်ခတ်မှုကြောင့် အမေရိကရှိကျောင်းများ ပိတ်ထားခဲ့

**နယူးယောက် အောက်တိုဘာ ၁၇**

သေဆုံးမှုများစွာ ဖြစ်ပွားနေသော အီဘိုလာဗိုင်းရပ်စ် ရိုက်ခတ်မှုကြောင့် အမေရိကန်ပြည်ထောင်စုတစ်ဝန်းရှိ ကျောင်းများ ယာယီပိတ်ထားခဲ့ရကြောင်း အရာရှိများက ပြောကြားခဲ့သည်။

အချို့ဝန်ထမ်းများနှင့် ကျောင်းသားများသည် အဆိုပါ ဗိုင်းရပ်စ်ရှိသူနှင့် တွေ့ဆုံခဲ့သည်ဟု ယူဆရသည့်အတွက် တက္ကဆက်ပြည်နယ်နှင့် အိုဟိုင်းယိုးပြည်နယ်ရှိ စာသင်ကျောင်းများ ပိတ်ထားခဲ့သည်။

ကျောင်းဝန်ထမ်း တစ်ဦးသည် အမေရိကန်ပြည်ထောင်စု၌ အီဘိုလာကူးစက်ခံရသည့် သူနာပြု Vinson နှင့် လေယာဉ်တစ်စင်းတည်း စီးနင်းလိုက်ပါကာ ခရီးသွားခဲ့သည်ဟု အရာရှိများက သိရှိခဲ့ပြီးနောက် ကြိုတင်ကာကွယ်သည့် အနေဖြင့် ကျောင်းများ ပိတ်ထားခဲ့ခြင်းဖြစ်သည်။ အချို့ကျောင်းများက ၎င်းတို့၏ ကျောင်းဝန်းကျင် နယ်မြေများကို ပိတ်ထားခြင်း မရှိသော်လည်း ကျောင်းသားများနှင့် ဝန်ထမ်းများကို အိမ်၌သာ နေထိုင်စေသည်။

ဗင်ဆန်သည် အီဘိုလာ ရောဂါရှင် ဒန်ကန်ကို ဆေးကုသပေးခြင်းဖြင့် ကူးစက်ခံခဲ့ရသည့် ဒုတိယမြောက် သူနာပြုဖြစ်သည်။

ဒန်ကန်သည် လိုက်ဘေးရီးယားမှ ဒဲလ်လက်စ်သို့ အလည်ရောက်ရှိနေစဉ် အောက်တိုဘာ ၈ ရက်က သေဆုံးခဲ့သည်။

အနောက်အာဖရိက အီဘိုလာကူးစက်ခံရသူ ၈၉၀၀ ကျော် ရှိခဲ့ရာ ၄၅၀၀ ကျော် သေဆုံးခဲ့ပြီဖြစ်သည်။ ယင်း၌ အီဘိုလာကူးစက်သည့် ရောဂါပျံ့နှံ့မှုကို ရပ်တန့်ရန် ထိန်းချုပ်နေသည့်ကြားက ရက်သတ္တလေးပတ်လျှင် နှစ်ဆခန့်တိုးလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြောသည်။ **(ပရက်စ်တီဗွီ)**

မှုခင်းသတင်းနှင့် ကြော်ငြာ

# အထက်ဆင်သေကြိုးဝိုင်း၌ တောရိုင်းဆင်ပေါက်တစ်ကောင် ဖမ်းမိ

**နေပြည်တော် အောက်တိုဘာ ၁၇**

နေပြည်တော် ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် ရွှေဘုန်းကန်ရွာ အထက်ဆင်သေကြိုးဝိုင်း အကွက်အမှတ် (၂၅)တွင် အောက်တိုဘာ ၁၅ ရက် နံနက် ၁၀ နာရီခန့်က တောရိုင်းဆင်ပေါက် အထီးတစ်ကောင် ဖမ်းမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီခန့်က ရွှေဘုန်းကန်ရွာရှိ လယ်ကွက်ထဲတွင် ဆင်ပေါက်တစ်ကောင် မျက်စိလယ် လမ်းမှားပြီးရောက်ရှိလာ၍ ရွာသားများက စုပေါင်းပြီး တစ်ဖက်ရပ်ဆည်အတွင်း မောင်းချပြီး ဖမ်းဆီးခဲ့ရကြောင်း၊ အောက်တိုဘာ ၁၅ ရက်တွင် မြို့နယ် သစ်တောဦးစီးအရာရှိနှင့် အဖွဲ့က သွားရောက်စစ်ဆေးရာ အဆိုပါဆင်၏ ကျန်းမာရေးအခြေအနေမှာ ရွှေ့ပြောင်းနိုင်သော ကျန်းမာရေးအခြေအနေရှိသဖြင့် အောက်တိုဘာ ၁၆ ရက် နံနက်ပိုင်းတွင် စတင်ရွှေ့ပြောင်းခဲ့ပြီး ကျောက်ကျောရွာတွင် တစ်ညအိပ်နားခဲ့ကြောင်းနှင့် အောက်တိုဘာ ၁၇ ရက် နံနက် ၁၁ နာရီတွင် နေပြည်တော် တိရစ္ဆာန်ဥယျာဉ်သို့ ရောက်ရှိခဲ့ကြောင်း သိရသည်။



အဆိုပါ ဆင်ပေါက်ကို ရွှေဘုန်းကန်ရွာတွင် တွေ့ရှိခဲ့၍ ဘုန်းကန်ဟု အမည်ပေးထားပြီး တောရိုင်းဆင်ဖြစ်သောကြောင့် လူများနှင့် ရင်းနှီးယဉ်ပါးအောင် ရွှေ့ပြောင်းရာတွင် အလွယ်တကူ ရွှေ့ပြောင်းနိုင်အောင် ကျွမ်းကျင် ဆင်ဦးစီးအဖွဲ့များနှင့် စနစ်တကျ လေ့ကျင့်မှုများပြုလုပ်ခဲ့ရကြောင်းသိရသည်။ ဆင်ပေါက်သည်အထီးဖြစ်ပြီး အရပ်သုံးပေ လေးလက်မ၊ လုံးပတ် လေးပေ ရှစ်လက်မ၊ အမြီးတစ်ပေ ရှစ်လက်မ ခန့်ရှိကြောင်း သိရသည်။

၎င်းဆင်ပေါက်ကို တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တွင် ထားရှိမည်ဖြစ်ပြီး တိရစ္ဆာန်ဥယျာဉ်(နေပြည်တော်)တွင် ဆင်အကြီး ရှစ်ကောင်၊ အသေးလေးကောင် စုစုပေါင်း ၁၃ ကောင်ကို ထားရှိပေးထားရာ ပြည်သူများအနေဖြင့် ဆင်များကိုအနီးကပ်လေ့လာနိုင်ပြီး ဆင်လိမ္မာများ၏ပြကွက်များကို ရှုစားရင်း တစ်ခါတစ်ခေါက် သွားရောက်သင့်ပါကြောင်း သတင်းစကားပါးလိုက်ရပါသည်။

**သတင်း-ကျော်သူဝင်း**
**ဓာတ်ပုံ-သက်ထက်**

# ဖားကန့်၌ ဘိန်းဆီရည်များ ဖမ်းဆီးရမိ

**မြစ်ကြီးနား အောက်တိုဘာ ၁၇**

အောက်တိုဘာ ၁၅ ရက် နံနက် ၁၁ နာရီခွဲက မြစ်ကြီးနား မူးယစ်တပ်ဖွဲ့စု (၂) မှော်ဝမ်းလှုပ်ရှားအဖွဲ့မှ ဒုရဲမှူးဇော်မျိုးလွင် ဦးဆောင်သော တပ်ဖွဲ့ဝင်များသည် သက်သေများနှင့်အတူ ပူးပေါင်း၍ ဖားကန့်မြို့ သာယာကုန်းကျေးရွာနေ လောအေ၏ နေအိမ်ကို မူးယစ်သတင်းအရ ဝင်ရောက်ရှာဖွေ စစ်ဆေးရာ လောအေနှင့်အတူ ရန်မြင့်ကြူနှင့် ဝူရှင်းတန်တို့ သုံးဦးကို နေအိမ်ဧည့်ခန်းအတွင်း တွေ့ရှိရပြီး လောအေ၏အိပ်ရာခုတင်ဘေးသံသေတ္တာအတွင်းမှ PEPSI စာတန်းပါ ပလတ်စတစ်ဘူးအတွင်း ဘိန်းဆီရည် ၇၈၀ မီလီလစ်တာပါ တစ်ဘူး၊ တရုတ်စာတန်းပါ ကြွေအိုးအတွင်း ဘိန်းဆီရည် ၅၅၀ မီလီလစ်တာပါ တစ်အိုး၊ လေးထောင့်စတီးလ်လင်ပန်းပေါ်ရှိ OPTICA စာတန်းပါ ကော်ဘူးအတွင်း ဘိန်းဆီရည် ၁၀၀ မီလီလစ်တာပါ တစ်ဘူး၊ စုစုပေါင်း ကာလတန်ဖိုးငွေကျပ် ၇၁၅၀၀၀ ရှိ ဘိန်းဆီ ရည် ၁၄၃၀ မီလီလစ်တာနှင့် BOSS စာတန်းပါ လေးထောင့်သံဘူးအတွင်း တန်ဖိုးငွေကျပ် ၂၄၀၀၀ ရှိ ဘိန်းဆီခဲ အလေးချိန် ငါးဂရမ်နှင့် ဘိန်းချက်လုပ်ရာတွင် အသုံးပြုသည့် ကြေးဇွန်းတစ်ချောင်း၊ အညိုရောင် ဘိန်းရှူတံ တစ်ချောင်းတို့ကို ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရှိသူ လောအေ(၅၄ နှစ်)၊ ရန်မြင့်ကြူ(၃၆နှစ်)၊ ဝူရှင်းတန်(၄၁နှစ်) သာယာကုန်းကျေးရွာနေသူတို့ သုံးဦးကို ဖားကန့်မြို့ မြို့မရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **မိုဃ်းကျ(မြစ်ကြီးနား)**

## သင့်စာသင်ကျောင်းတစ်ခွင် မူးယစ်ကင်းစင်အောင် အစဉ်သတိပြုပါ

# ဝိုင်းမော်၊ ဗန်းမော်နှင့် မူဆယ်မြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၇**

အောက်တိုဘာ ၁၅ ရက်က မူးယစ်တပ်ဖွဲ့စု(၂) မြစ်ကြီးနားမှ တပ်ဖွဲ့ဝင်များသည် ဝိုင်းမော်မြို့နယ် ဝိုင်းမော်-ကန်ပိုက်တီးသွားကားလမ်း နန့်ဝါကျေးရွာထိပ်တွင် ဝါရှောင်ကျေးရွာဘက်မှ ဝိုင်းမော်ဘက်သို့ ဆိုင်ကယ်မောင်းနှင်လာသူ ဇင်မင်းကို ရှာဖွေရာ ၎င်းဝတ်ဆင်ထားသည့် အတွင်းခံဘောင်းဘီအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၆ ပြား သိမ်းဆည်းရမိသဖြင့် ဇင်မင်း(၁၈ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

အောက်တိုဘာ ၁၅ ရက်က မူးယစ်တပ်ဖွဲ့စု(၁)ဗန်းမော်မှ တပ်ဖွဲ့ဝင်များသည် ဗန်းမော်မြို့ ပေါက်ကုန်းရပ်ကွက်နေ မနန်းသူဇာစိုး၏ နေအိမ်ကို သတင်းအရရှာဖွေရာ အိပ်ခန်းထဲရှိ ကျောပိုးအိတ်နှင့် ပိုက်ဆံအိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၉၀ သိမ်းဆည်းရမိသဖြင့် မနန်းသူဇာစိုး (၃၃ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

အောက်တိုဘာ ၁၄ ရက်က မူဆယ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များသည် မူဆယ်မြို့နယ် နမ့်ခုံးတံတားရဲကင်းရှေ့တွင် မန့်ဟောင်ကျေးရွာဘက်မှ မူဆယ်မြို့ဘက်သို့ မော်တော်ဆိုင်ကယ်မောင်းနှင်လာသူ အောင်မြိုင်ကို ရှာဖွေရာ ၎င်းဝတ်ဆင်ထားသည့်အင်္ကျီယာဘက်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၈၅ ပြား သိမ်းဆည်းရမိသဖြင့် အောင်မြိုင်(၃၆ နှစ်)ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အောင်မင်္ဂလာကားဝင်း၌ စိတ်ကြွရူးသွပ်ဆေးပြား ၆ ဒသမ ၉ သိန်း ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၁၇**

အောက်တိုဘာ ၁၀ ရက်က မူးယစ်တပ်ဖွဲ့စု(၄၂) ရန်ကုန်အနောက်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ အောင်မင်္ဂလာအဝေးပြေးဝင်း စစ်တွေလမ်းအမှတ် ဏ/A-2/A-3 ရှိ ရန်ကုန်-စစ်တွေ ကြံတိုင်းအောင်ကားဂိတ် ကုန်စည်ဂိုဒေါင်အတွင်း၌ ဒေါ်သန်းတင် (STW) အမည်ဖြင့် ရန်ကုန်မှစစ်တွေသို့ ပို့ဆောင်မည့် အဝတ်အထည်ဘေထုပ်များကို ဖွင့်ဖောက်ရှာဖွေရာ ဘေထုပ် ခြောက်ထုပ်စီအတွင်း၌ တစ်ထုပ်စီ၏ အဝတ်များကြားရှိ ပီနံအိတ် တစ်အိတ်စီအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား တစ်သိန်းစီပါ ခြောက်ထုပ်နှင့် ဘေထုပ်တစ်ထုပ်အတွင်းရှိ အဝတ်များကြား ပီနံအိတ်တစ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၀ ပါ တစ်ထုပ် စုစုပေါင်း စိတ်ကြွရူးသွပ်ဆေးပြား ၆ ဒသမ ၉ သိန်း သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေး ဖော်ထုတ်ချက်အရ မင်္ဂလာဈေးနေ ဇော်ဇော်ဆိုသူက Suzuki မော်တော်ယာဉ်ဖြင့် လာရောက်ပို့ဆောင်ထားသော ဘေထုပ်များဖြစ်ကြောင်း စစ်ဆေးသိရှိရ၍ ပူးပေါင်းအဖွဲ့သည် အောင်မင်္ဂလာကားဝင်းအတွင်း၌ စောင့်ဆိုင်းနေစဉ် ကြံတိုင်းအောင်ကားဂိတ်သို့ အဝတ်အထည်ဘေထုပ် ခုနစ်ထုပ် လာရောက်ပို့ဆောင်သော ဇော်ဇော်(ခ)အောင်ကျော်ညွန့်(ခ) တိုးမောင်ကို ပို့ဆောင်ခဲ့သည့် ယာဉ် 4F / ---- မော်တော်ယာဉ်နှင့်အတူ ရောက်ရှိလာ၍ ၎င်းကို ဖမ်းဆီးရမိသဖြင့် မူးယစ်ဆေးဝါးနှင့်စိတ်ကို ပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**







ဇော်ဇော်(ခ)အောင်ကျော်ညွန့်(ခ)တိုးမောင်ကို ဖမ်းဆီးရမိ မူးယစ်ဆေးဝါး သက်သေခံပစ္စည်းများနှင့်အတူ တွေ့ရစဉ်။







## ရောင်းမည်

၁။ အင်းစိန်၊ မင်းကြီးလမ်းအနီး စံပယ်ရုံလမ်းသွယ်ရှိ ပေ(၃၀×၉၀) မြေပေါ်ရှိ တိုက်ခံပျဉ်ထောင် သိန်း ၂၅၀၀။
၂။ ဗဟန်း၊ သာသာနာ့ရိပ်သာလမ်း၊ ဂုတ်ခြံ(ကိုယ်ပိုင်လမ်း)၊ ပေ(၅၀×၄၀) ဘိုးဘွားပိုင်အမည်ပေါက်မြေပေါ်ရှိ တစ်ထပ်တိုက် သိန်း ၉၀၀၀။
၃။ အင်းစိန်၊ အောင်ဆန်းဈေးရှေ့၊ ကံ့ကော်မြိုင်လမ်းရှိ ပေ ၁၀၀ ပတ်လည် မြေပေါ်ရှိ တစ်ထပ်တိုက်၊ သိန်း ၄၇၀၀။
ပွဲစားမလို၊ ဆက်သွယ်ရန်ရုံးချိန် ဖုန်း-၀၁-၂၅၆၆၇၂၊ ည ၇ နာရီခွဲနောက်ပိုင်း ဖုန်း-၀၁-၆၄၂၃၄၊ ၀၉-၅၀၄၅၈၁၉။

ဆောင်းပါးနှင့်ပြည်တွင်းသတင်း

# သိမှတ်ဖွယ်ရာ အင်္ဂလိပ်စာအဖြာဖြာ အပိုင်း(၅)

ပါမောက္ခခင်မောင်ဝင်း(အသည်း)

**စပါယ်ရိုးစာကလေး**

ကျွန်တော့်အဖေဟာ ၁၉၃၂ ခုနှစ်မှာ မန္တလေး ရဲဆပ်ကျောင်းဆင်း (Police Academy Graduate) တစ်ယောက်ပါ။ မန္တလေးတက္ကသိုလ်က ဒုတိယနှစ်အောင်ပြီးမှ ရဲသင်တန်းတက်တာဆိုတော့ အဖေ့ရဲ့ အင်္ဂလိပ်စာ အဆင့်အတန်းက တော်တော်လေးမြင့်ပါတယ်။ ရဲသင်တန်းဆင်းပြီးတော့ ဝမ်းတွင်း၊ မလှိုင်၊ တိုက်ကြီးစတဲ့ မြန်မာပြည်အနှံ့အပြား မြို့သေးသေးလေး တွေမှာ လှည့်ပြီးတာဝန်ကျပါတယ်။ ဒါပေမယ့် အဖေ့ရဲ့ အင်္ဂလိပ်စာလေ့လာ မှုနဲ့ အင်္ဂလိပ်စာအပေါ် စိတ်ဝင်စားမှုဟာ ဘယ်မြို့ကိုရောက်ရောက် လျော့ မသွားပါဘူး။ အမြဲတမ်းလိုပဲ အင်္ဂလိပ်စာစောင်တွေကို လန်ဒန်က မှာဖတ် တယ်။ Illustrated Weekly of London ဆိုတာကတော့ အဖေဖတ် နေကျ ဂျာနယ်တစ်ခုပေါ့။ အဲလို အင်္ဂလိပ်စာကို သိပ်စိတ်ဝင်စားတဲ့ အဖေ ဟာ ကျွန်တော်တို့ ညီအစ်ကိုတစ်တွေကို အင်္ဂလိပ်စာတွေ မရပ်မနား တတွတ်တွတ် သင်ပေးလေ့ရှိပါတယ်။ သိပ်ကိုသင်လွန်းတော့ ည ၈ နာရီ လောက်ဆိုရင် အဖေအင်္ဂလိပ်စာသင်မှာစိုးလို့ ကျွန်တော်တို့တစ်တွေ အိပ်ရာ ထဲအပြေးဝင်ပြီး အိပ်ချင်ယောင်ဆောင်ခဲ့ရပါတယ်။ ဟိုတုန်းက ကလေးဘဝ ဆိုတော့ ဘာဘာညာညာနားမလည်ဘဲ စာသင်ရမှာကိုကြောက်တာ။ အခု ရောက်မှ အဖေအင်္ဂလိပ်စာသင်ပေးတဲ့ တန်ဖိုးတွေကို နားလည်သဘော ပေါက်လာပါတယ်။

အဖေအင်္ဂလိပ်စာသင်တာမှာ အမြဲတမ်းသိပ်အလေးထားပြီး ပြောလေ့ သင်လေ့ရှိတာကတော့ အသံထွက်ပါပဲ။ သူတို့ခေတ် ဘုန်းကြီးကျောင်းသား တွေ အင်္ဂလိပ်စာကျက်တဲ့အကြောင်း ပြောပြပါတယ်။ ဘုန်းကြီးကျောင်း တွေမှာတော့ ကျောင်းဆရာလို့ သတ်သတ်မှတ်မှတ်မရှိဘဲ ဘုန်းကြီး၊ ကိုရင် တွေ အလှည့်ကျစာသင်ရပါတယ်။ အင်္ဂလိပ်စာ ဆရာလို့လည်း တိတိကျကျ သတ်မှတ်ထားတာမရှိဘူး။ အဲတော့ ဘုန်းကြီးကျောင်းက အင်္ဂလိပ်စာ အသံထွက်တွေဟာ မြန်မာသံပေါက်နေတာပေါ့။ အဖေပြောတဲ့ ဘုန်းကြီး ကျောင်းသား စာအော်အော်ပြီးကျက်ပုံက "စပါယ်ရိုးစာကလေး"ဆိုပဲ။ အင်္ဂလိပ်စာအသံထွက်မမှန်တော့ စပဲရိုး sparrow စာကလေးဟာ သိပ်ကို မြန်မာဆန်တဲ့ စပါယ်ရိုးဖြစ်သွားပါတယ်။ ဒါ့ကြောင့် အဖေပြောတာက ကျွန်တော်တို့တစ်တွေဟာ မြန်မာလူမျိုးဖြစ်ပေမယ်လို့ အင်္ဂလိပ်စာကို သင်တဲ့ အခါမှာတော့ တတ်နိုင်သမျှ အင်္ဂလိပ်အသံထွက်နဲ့တူအောင် ထွက်ရမယ် တဲ့။ အင်္ဂလိပ်စာတင်မဟုတ်ပါဘူး။ ဂျပန်စကားပြောရင်လည်း ဂျပန် တစ်ယောက်ပြောသလို ပြောတတ်အောင် လုပ်ရမယ်။ ဆိုလိုတာက နိုင်ငံခြား ဘာသာစကားတစ်ခုကိုသင်ရင် သက်ဆိုင်ရာလူမျိုးတွေ ပြောကြဆိုကြသလို အသံထွက်နဲ့ အနီးစပ်ဆုံးပြောနိုင်အောင် သင်ယူရမှာပါ။ ကျွန်တော်တို့ မြန်မာတွေကတော့ အင်္ဂလိပ်စကားကို အင်္ဂလိပ်အသံပီအောင် နည်းနည်း ကြိုးစားပြီးထွက်လိုက်ရင် "ဘိုကြီးပါလားကွ၊ ဘိလပ်က ဘယ်တုန်းက ပြန်ရောက်တုံး" စကြနောက်ကြတော့တာ။ အဲတော့ မြန်မာတွေကြားထဲမှာ နေရင် အင်္ဂလိပ်စာလုံးတွေကို အများအသံထွက်တဲ့အတိုင်း လိုက်ထွက် နေကြပြီး အသံထွက်အမှန်ကို မထွက်ရဲကြဘဲဖြစ်နေတယ်လို့ အဖေကပြောခဲ့ ဖူးပါတယ်။ အဖေက "မင်းတို့ အင်္ဂလိပ်သံပီအောင်ထွက်တာ ဘာမှရှက်စရာ မလိုဘူး။ အမှန်အတိုင်း သူ့အသံထွက်အတိုင်း ကြိုးစားပြီး ပြောကြကွ" လို့ ဆုံးမဖူးပါတယ်။ နောက်ပြီး အဖေကပြောသေးတယ်။ "သူ့မိတ်ဆွေ တစ်ယောက်လိုတော့ မဖြစ်စေနဲ့"တဲ့။ အဖေ့မိတ်ဆွေက ဘယ်လိုပြောသလဲ ဆိုတော့ "အခုခေတ်လူငယ်တွေက ပရိုနောင်စီရေးရှင်းကိုမှန်အောင် မထွက် နိုင်ကြတော့ဘူး"လို့ ပြောတယ်တဲ့။ "သူကိုယ်တိုင် အသံထွက်မှားနေတာ ကို သူမသိဘူးလေ။ အင်္ဂလိပ်လိုအသံထွက်တာဆိုတဲ့ (verb)ကို ပရိုနောင့်(စ်) Pronounce လို့ခေါ်တယ်။ ဒါပေမယ့် noun ဖြစ်သွားတဲ့ အသံထွက်ရောက် တော့ ပရိုနောင်စီရေးရှင်း မဟုတ်တော့ဘူး။ ပရိုနမ်စီရေးရှင်း (Pronunciation) လို့ထွက်ရမှာလေ။ အဲတော့ ငါ့မိတ်ဆွေကြီးက သူကိုယ်တိုင်က အသံ ထွက်လွဲပြီး ပရိုနောင်စီရေးရှင်းလုပ်နေတယ်။ ပြီးတော့ သူများတွေ အသံထွက် တာ မှားတယ်လို့ ပြောနေတယ်။ မင်းတို့ အဲလိုမဖြစ်စေနဲ့" လို့ဆုံးမပါတယ်။ အခုလည်း ကျွန်တော့်ပတ်ဝန်းကျင်မှာ ပရိုနောင်စီရေးရှင်းတွေ အများကြီး တွေ့နေရပါသေးတယ်။ အင်္ဂလိပ်စာလုံး အသံထွက်တွေအကြောင်း ပြော ရမယ်ဆိုရင် စကားလုံးတစ်လုံးစီကိုလိုက်ပြီး တတ်နိုင်သရွေ့အသံထွက်မှန် အောင် ပြင်သွားမှာပါ။ ဥပမာပြောရမယ်ဆိုရင် ထမင်းစားပြီး ချပေးတဲ့အချိုပွဲ ဟာ ဒီဇာတ်(တ်) (dessert) ပါ။ ဒဲဇတ်(တ်) လို့ အသံထွက်လိုက်ရင် (desert) လို့စာလုံးပေါင်းတဲ့ သဲကန္တာရဖြစ်သွားပါလိမ့်မယ်။ နောက်ပြီး တချို့လူတွေ ဟာ ရာထူးအဆင့် တော်တော်မြင့်နေတဲ့အထိ အသံထွက်လွဲနေတာ တွေ့ရပါ တယ်။ ဥပမာကတော့ ရည်ရွယ်ချက်လို့ အဓိပ္ပာယ်ရတဲ့ (purpose) ကို ပါပို့(စ်) လို့အသံထွက်နေတာပေါ့။ အဖေက ပြောဖူးပါတယ်။ "အင်္ဂလိပ်က အို (o) ကို အေ(a) လို့ ယူဆပြီး အသံထွက်ရမယ်။ ဒါကြောင့် (purpose) ကို ပါပ့်(စ်)လို့အသံထွက်ရမယ်"တဲ့။ ဒီသဘောတရားနဲ့ ဆက်ပြောရမယ် ဆိုရင် ဟင်းနွှေးတဲ့မီးဖိုချောင်ထဲက (oven) ရဲ့ အသံထွက်အမှန်ဟာ အာဗင် ပါ။ အိုဗင်မဟုတ်ပါဘူး။ အာလူးဟာ ပတေးတိုး (potato) ပါ။ ပိုတေးတိုး မဟုတ်ပါဘူး။ ခရမ်းချဉ်သီးဟာ တမားတိုး (tomato) ပါ၊ တိုမေးတိုးလို့ အသံမထွက်ရပါဘူး။ တစ်ခါတလေရောက်တော့လည်း အင်္ဂလိပ်အသံ ထွက်ဟာ ပုံသေမှတ်လို့ မရတာလေးတွေရှိပါသေးတယ်။ ဥပမာ ကျောက်သင် ပုန်းကို ဘလက်(ခ)ဘို့(ဒ်) (blackboard) လို့ အသံထွက်ပေမယ့်လို့ (Cupboard) ဆိုတဲ့ ဗီရိုရောက်တော့ ကပ်(ပ်)ဘာ့(ဒ်)လို့ အသံထွက်ရမှာပါ။ ကပ်(ပ်)ဘို့(ဒ်)မဟုတ်ပါဘူး။ ကျွန်တော် ပြောချင်တာက အလွန်ခက်ခဲတဲ့ အင်္ဂလိပ်စကားလုံးကြီးတွေ တစ်နှစ်နေလို့ တစ်ခါမသုံးတဲ့ ရှားပါးအင်္ဂလိပ်စာလုံး တွေရဲ့ အသံထွက်တွေသိအောင်၊ မှန်နေအောင် လိုက်ကြိုးစားဖို့ မဟုတ်ပါ ဘူး။ ကျွန်တော်တို့ပတ်ဝန်းကျင်မှာ နေ့စဉ်သုံးစွဲနေတဲ့ အင်္ဂလိပ်စာလုံး တွေနဲ့ အသံထွက်လေးတွေကို ကြိုးစားဂရုစိုက်လေ့လာပြီး မှန်နိုင်သရွေ့ မှန်အောင်ပြင်ပေးဖို့ လေ့ကျင့်ပေးဖို့ပါ။ ဒီနေ့ မြန်မာလူငယ်တွေနိုင်ငံခြားကို သွား၊ ကမ္ဘာတစ်လွှားမှာလုပ်ရှားကြတော့မှာဆိုတော့ ကျွန်တော်တို့တစ်တွေ စပါယ်ရိုးအဆင့်ကနေ အပြည်ပြည်ဆိုင်ရာ ဝင်ဆံ့နိုင်တဲ့ မှန်ကန်တဲ့ အင်္ဂလိပ်စာအသံထွက်တွေနဲ့ ပြောနိုင်ဆိုနိုင်ဖို့ကြိုးစားကြပါလို့ တိုက်တွန်း လိုက်ရပါစေ။

**မှတ်သားဖို့ရာ**

| | | | |
|---|---|---|---|
| ၁။ | **pronounce** | ပရိုနောင့်(စ်) | |
| ၂။ | **pronunciation** | ပရိုနမ်စီးရေးရှင်း(ပရိုနောင်စီရေးရှင်းမဟုတ်ပါ) | |
| ၃။ | **o** ကို **a** လို့ သဘောထားပြီး အသံထွက်ရမယ်။ | | |
| | **purpose** | ပါပ့်(စ်) | (ပါပို့စ်မဟုတ်ပါ) |
| | **Potato** | ပတေးတိုး | (ပိုတေးတိုးမဟုတ်ပါ) |
| | **tomato** | တမားတိုး | (တိုမေးတိုးမဟုတ်ပါ) |
| | **oven** | အာဗင် | (အိုဗင်မဟုတ်ပါ) |
| ၄။ | **blackboard** | ဘလက်(က်)ဘို့(ဒ်) | |
| | **cupboard** | ကပ်(ပ်)ဘာ့(ဒ်) | |
| ၅။ | **desert** | ဒဲဇာတ်(တ်) | |
| | **dessert** | ဒီဇတ်(တ်) | |

*(ဆက်လက်ဖော်ပြပါမည်)*

# May and Mark Games (မြစ်ကြီးနား)ဆိုင်ခွဲဖွင့်

**နေပြည်တော် အောက်တိုဘာ ၁၇**

May and Mark Games (မြစ်ကြီးနား)ဆိုင်ခွဲဖွင့်ပွဲ အခမ်းအနား ကို အောက်တိုဘာ ၁၆ ရက် နံနက် ၉ နာရီက ကချင်ပြည်နယ် မြစ်ကြီး နားမြို့ Palm Spring ဟိုတယ်ရှိ May and Mark Games ဆိုင်၌ ကျင်းပရာ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ပြည် ထောင်စုဝန်ကြီး ဦးဝင်းမြင့်၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန် ဆိုင်းနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ကုန်သည်လုပ်ငန်းရှင် များ တက်ရောက်ကြသည်။

May and Mark Games (မြစ်ကြီးနား) ဆိုင်ခွဲဖွင့်ပွဲကို ပြည် ထောင်စုဝန်ကြီး၊ ပြည်နယ်ဝန်ကြီးချုပ် နှင့် May and Mark ဆိုင်ပိုင်ရှင် ဒေါ် S ခေါင်နန်းတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ဆိုင်ခန်းအတွင်း ခင်းကျင်းပြသထားသည့် ရတနာ ပစ္စည်းများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

အဆိုပါဆိုင်ခွဲတွင် ကျောက်စိမ်း၊ ပတ္တမြား၊ နီလာ၊ ပုလဲ၊ ဘယ်လ်ဂျီယံ စိန်နှင့် အခြားကျောက်မျက်ရတနာ မျိုးစုံကို ဝယ်ယူရရှိနိုင်ကြောင်း၊ Jade Golf Putter ကိုလည်း မြန်မာနိုင်ငံ တွင် ပထမဦးဆုံးတီထွင်ထုတ်လုပ် ရောင်းချပေးကြောင်း၊ နိုင်ငံတကာ အဆင့်မီ ဒီဇိုင်းများကိုလည်း စိတ်တိုင်းကျ ပြုလုပ်ပေးနေကြောင်း၊ ဝယ်ယူအားပေးသူများ၏ စိတ်တိုင်း ကျ များပြားမှုများကိုလည်း လက်ခံပြု လုပ်ပေးနေကြောင်း၊ ဝယ်ယူပြီးပစ္စည်း များ ပြန်လည်လဲလှယ် အသစ်ပြုလုပ် ချင်သူများကို ၁၅ ရာခိုင်နှုန်းလျှော့ချ ပြီး ပစ္စည်းမှန်၊ ဈေးနှုန်းမှန်ဖြင့် ရောင်း ချပေးနေကြောင်း သတင်းရရှိ သည်။ **(သတင်းစဉ်)**



မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ၂၀၁၄ ခုနှစ် မြန်မာအိုးပင်း စစ်တုရင်ပြိုင်ပွဲဆုချီးမြှင့်ပွဲကို အောက်တိုဘာ ၁၅ ရက်က ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမ၌ ကျင်းပရာ မြန်မာအိုးပင်းစစ်တုရင်ပြိုင်ပွဲတွင် တံခွန်စိုက်ဆုဖလားရရှိသွားသော စည်သူ (လယ်/ဆည်)ကို မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ဥက္ကဋ္ဌဦးမောင်မောင် လွင်က ဆုချီးမြှင့်စဉ်။ တင်စိုး(မြန်မာ့အလင်း)

စာပေမြင့်မှ
လူမျိုးတင့်မည်

# ချင်းပြည်နယ် လိုင်ဗားဆည်အတွင်း ငါးမျိုးစိုက်ထည့်

**ဟားခါး အောက်တိုဘာ ၁၇**

ချင်းပြည်နယ် ငါးလုပ်ငန်းဦးစီး ဌာနကကြီးမှူး၍ ဖလမ်းမြို့နယ် ဖလမ်း-ဟားခါး လမ်းမကြီးဘေးရှိ လိုင်ဗားဆည်အတွင်း ငါးမျိုးစိုက် ထည့်ခြင်းကို အောက်တိုဘာ ၁၆ ရက် နံနက် ၁၁ နာရီက အဆိုပါ ဆည်၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်နယ်ငါးလုပ်ငန်း ဦးစီးဌာန ဦးစီးမှူး ဦးပေါ်လွင်က ဆည်အတွင်း ငါးမျိုးစိုက်ထည့်ပေး ပြီး ဖလမ်းခရိုင်နှင့် မင်းတပ်ခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးများ၊ ဖလမ်း ခရိုင် ဆည်မြောင်းဦးစီးမှူး၊ ငါး လုပ်ငန်းဦးစီးဌာနနှင့် ဆည်မြောင်း ဦးစီးဌာနဝန်ထမ်းများက ငါးမျိုးများ စိုက်ထည့်ပေးကြသည်။

ငါးမျိုးစိုက်ထည့်ရာတွင် မြက် စားငါးကြင်းကောင်ရေ ၅၀၀၀ နှင့် ငါးခုံးမကြီး ကောင်ရေ ၅၀၀၀ စုစု ပေါင်း ကောင်ရေ ၁၀၀၀၀ စိုက်ထည့် ပေးခဲ့ကြောင်း သိရသည်။

(၁၁၇)

# ၂၀၁၄ ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (ပုဂံ)ဖွင့်

**ပုဂံ အောက်တိုဘာ ၁၇**

မြန်မာ့ ရှေးဟောင်းယဉ်ကျေးမှု မြို့တော်ဖြစ်သော ပုဂံ(ညောင်ဦး) မြို့၏ နံနက်စောစောအရုဏ်ဦးရောင် ခြည်နှင့်အတူ Bagan Golf Club တွင် ၂၀၁၄ ခုနှစ် မြန်မာပြည်တွင်း ပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ ပဉ္စမ ပွဲစဉ်(ပုဂံ)ကို အာရှစိမ်းလန်းမှုဖွံ့ဖြိုး ရေးဘဏ်က အဓိကကူညီပံ့ပိုးပြီး မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေက ကြီးကြပ်မှုဖြင့် အဆိုပါဂေါက်ကလပ်၌ ကျင်းပ သည်။

ဖွင့်ပွဲအခမ်းအနားကို အောက်တို ဘာ ၁၆ ရက်တွင် ကျင်းပရာ ဂေါက် သီးရိုက်အားကစားသမားများနှင့် ဖိတ် ကြားထားသော ဧည့်သည်တော်များ သည် သတ်မှတ်ထားသည့်အမှတ် (၁၀)တီခုံ၌ နေရာယူကြပြီး မြန်မာ့ စီးပွားရေး ဦးပိုင်လီမိတက်ကိုယ်စား ဗိုလ်မှူးချုပ် တင်ဝင်း(ငြိမ်း)၊ မြန်မာ နိုင်ငံဂေါက်သီးအဖွဲ့ချုပ် ဒုတိယ ဥက္ကဋ္ဌ ဦးတင့်ဦး၊ အာရှစိမ်းလန်းမှု ဖွံ့ဖြိုးရေးဘဏ် (AGD)၊ မန်နေဂျင်း ဒါရိုက်တာ ဦးသက်လွင်ရွှေတို့က အလှည့်ကျဂေါက်သီးရိုက်၍ ပြိုင်ပွဲ အား ဖွင့်လှစ်ပေးကာ ပထမနေ့ (၁၈) ကျင်းပြိုင်ပွဲကို စတင်ကျင်းပသည်။

ပြိုင်ပွဲတွင် Professional အဆင့်တွင် ၂၃ဦး၊ အပျော်တမ်းအဆင့် အမျိုးသား၅၃ဦး၊ အပျော်တမ်းအဆင့် အမျိုးသမီး ၁၂ဦး စုစုပေါင်းအား ကစားသမား ၈၈ ဦး ဝင်ရောက်ယှဉ် ပြိုင်ကြသည်။

ပထမနေ့အပြီးတွင် Professional အဆင့်ပြိုင်ပွဲတွင် ဇော်ဇော် လတ် (HAN Golf Academy) က ၆၈ ချက်ဖြင့် ပထမ၊ မင်းနိုင် (Srixon)က ၆၉ ချက်ဖြင့် ဒုတိယ၊ နိုင်နိုင်လင်း (New Star)က အချက် ၇၀ ဖြင့် တတိယရရှိပြီး အပျော်တမ်း အဆင့်ပြိုင်ပွဲတွင် သူရက ပထမ၊ ရဲမြတ်သူက ဒုတိယ၊ ဇော်ဇော်ထွန်း က တတိယလိုက်နေကြသည်။



မြန်မာပြည်တွင်း ပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပဉ္စမပွဲစဉ်အောင် မြင်စွာကျင်းပနိုင်ရေးအတွက် အာရှ စိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ် (AGD) က အဓိကကူညီပံ့ပိုးပေးပြီး မြနန္ဒာ သောက်ရေသန့်၊ နေပြည်တော် သောက်ရေသန့်၊ မြဝတီသောက် ရေသန့်၊ Dagon Motor Fresh၊ ဗန္ဓုလ သယ်ယူပို့ဆောင်ရေး၊ Official Golf Ballအဖြစ် Volvik၊ Bagan Golf Club နှင့် HAN Event Management တို့က ထပ်မံ ပံ့ပိုးပါဝင်ကူညီကြောင်း သိရ သည်။

**ဖိုးသော်ဇင်**

လွှတ်တော်ရေးရာကဏ္ဍ

ပြည်သူ့လွှတ်တော်အစည်းအဝေး

# မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် နိုင်ငံတော်၏ ဘဏ္ဍာငွေပံ့ပိုးမှုဖြင့် လွတ်လပ်စွာဆောင်ရွက်သည့် အဖွဲ့အစည်းဖြစ်

**နေပြည်တော် အောက်တိုဘာ ၁၇**

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ကို ယနေ့ နံနက်ပိုင်းတွင် ဆက်လက်ကျင်းပရာ ကန်ကြီးထောင့် မဲဆန္ဒနယ်မှ ဦးကျော်ဝင်း၏ **အမျိုးသားလူ့အခွင့်အရေးကော်မရှင်သည် သီးခြားလွတ်လပ်သည့် အဖွဲ့ဖြစ်၊ မဖြစ်နှင့် ကော်မရှင်၏ ဆောင်ရွက်မှုကို သိလိုခြင်း**မေးခွန်းနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်ဥက္ကဋ္ဌ ဦးဝင်းမြက ဥပဒေပြဋ္ဌာန်းချက်များအရ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေး ကော်မရှင်သည် နိုင်ငံတော်ဖွဲ့စည်းပုံ ဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ပိုမို၍ ကာကွယ်စောင့်ရှောက်နိုင်ရန် အလို့ငှာ နိုင်ငံတော်က ဥပဒေပြဋ္ဌာန်း၍ ဖွဲ့စည်းပေးပြီး နိုင်ငံတော်၏ဘဏ္ဍာငွေပံ့ပိုးမှုဖြင့် လွတ်လပ်စွာ ဆောင်ရွက်သည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါကြောင်း၊ ကော်မရှင်အနေဖြင့် လူ့အခွင့်အရေး မြှင့်တင်ရေးနှင့် ကာကွယ်ရေးကို မဟာဗျူဟာစီမံကိန်းနှင့် လုပ်ငန်းစီမံချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ပြီး အစီရင်ခံစာ ညှိနှိုင်းပြုစုခြင်းနှင့် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသို့ သွားရောက်ဖြေဆိုခြင်းတို့ကို ပံ့ပိုးကူညီခြင်းနှင့်ကော်မရှင်၏ သီးခြားအစီရင်ခံစာပြုစုတင်သွင်းခြင်းတို့ကို ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။


မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥက္ကဋ္ဌ ဦးဝင်းမြ ရှင်းလင်း ဖြေကြားစဉ်။ (သတင်းစဉ်)

ထို့နောက် အုတ်တွင်း မဲဆန္ဒနယ်မှ ဦးညီညီမြင့်၏ **မော်တော်ဆိုင်ကယ်လိုင်စင်များပြုလုပ်ပေးရာတွင် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ပေးသကဲ့သို့ ကွင်းဆင်းဆောင်ရွက်ပေးရန် အစီအစဉ်ရှိ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးချန်မောင်က ၂၀၁၄ ခုနှစ်အတွင်း One Stop Service ပြုလုပ်ပေးခြင်းသည် နောက်ဆုံးအကြိမ် ပြုလုပ်ပေးခြင်းဖြစ်ပြီး နိုင်ငံသားမှတ်ပုံတင် ပြုလုပ်ဆောင်ရွက်ခြင်းကဲ့သို့ အဆင့်လိုက်စီမံချက်များချမှတ်၍ သက်ဆိုင်ရာဒေသအလိုက် မြို့နယ်များအထိ အချိန်ကာလသတ်မှတ်၍ ကွင်းဆင်းဆောင်ရွက်ပေးနိုင်ခြင်း အစီအစဉ်မရှိတော့ပါကြောင်း စီမံချက်ကာလပြီးဆုံးသွားပြီဖြစ်၍ တည်ဆဲဥပဒေများကို လေးစားလိုက်နာစေရန် အတွက် မှတ်ပုံတင်မဲ့ မော်တော်ဆိုင်ကယ်များအား အရေးယူဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ယင်းနောက် တာမွေ မဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ၏ **ကာကွယ်ဆေးများ ဈေးနှုန်းကွာခြားနေမှုအပေါ် မည်ကဲ့သို့ ထိန်းချုပ်မည်နှင့် မွေးလူနာနှင့် မွေးကင်းစကလေးများအား မည်သည့် ကာကွယ်ဆေးများ အခမဲ့ထိုးပေးမည်ကို သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက ပုဂ္ဂလိကဈေးကွက်မှ ကာကွယ်ဆေးများသည် ဆေးခန်းတစ်ခုနှင့် တစ်ခု အမြတ်အစွန်းရယူခြင်း အပေါ်တွင် မူတည်၍ ဈေးနှုန်းများ ကွာခြားနိုင်ပါကြောင်း၊ ထိုကာကွယ်ဆေးများအား ဆရာဝန်များနှင့် ပြည်သူများက သုံးစွဲနေခြင်းသည် သုံးစွဲသူ၏ ရွေးချယ်မှုဖြစ်၍ ကျန်းမာရေးဝန်ကြီးဌာနအနေနှင့် တားမြစ်ထိန်းချုပ်ရန် အစီအစဉ် မရှိပါကြောင်း၊ ဆေးရုံကြီးများနှင့် မြို့နယ်၊ တိုက်နယ်ဆေးရုံများတွင် မွေးကင်းစ ကလေးများအား အသည်းရောင်အသားဝါ(ဘီ) ရောဂါ ကာကွယ်ဆေး (မွေးကင်းစ)၊ ရန်ကုန်မြို့ ဗဟိုအမျိုးသမီးဆေးရုံကြီးတွင် အသည်းရောင်အသားဝါ(ဘီ) ရောဂါ ကာကွယ်ဆေး(မွေးကင်းစ)အပြင် ဘီစီဂျီ (ပြင်းထန်တီဘီရောဂါကာကွယ်ဆေး) အား အခမဲ့ ထိုးနှံပေးလျက်ရှိပါကြောင်းနှင့် ကျန်းမာရေးဌာနများတွင် ကိုယ်ဝန်ဆောင်မိခင်များကိုသာ မေးခိုင်ရောဂါ ကာကွယ်ဆေး နှစ်ကြိမ် အခမဲ့ ထိုးနှံပေးလျက်ရှိပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။


ကန်ကြီးထောင့် မဲဆန္ဒနယ်မှ ဦးကျော်ဝင်း မေးမြန်းစဉ်။ (သတင်းစဉ်)

ထို့နောက် တပ်မတော်သား ကိုယ်စားလှယ် ဗိုလ်မှူးရဲစိုး၏ **အခြေခံပညာကျောင်းများတွင် အစားအသောက် အန္တရာယ်ကင်းရေး စီမံချက်အား မည်သည့်အချိန်တွင် အကောင်အထည်ဖော် ဆောင်ရွက်မည်ကို သိလိုခြင်း** မေးခွန်းနှင့် စပ်လျဉ်း၍ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက အခြေခံကျောင်းများတွင် အစားအသောက် အန္တရာယ်ကင်းရှင်းရေး၊ ကျောင်းစားသောက်ဆိုင်များ သန့်ရှင်းပြီး၊ ကျန်းမာရေးနှင့်ညီညွတ်စေရန် ကျောင်းအုပ်ကြီး ဦးဆောင်သော ကျောင်းမုန့်ဈေးဆိုင်ကြီးကြပ်ရေး ကော်မတီကို ဖွဲ့စည်းပြီး နှစ်စဉ် ပညာသင်နှစ် မတိုင်မီ မေလနောက်ဆုံးပတ်မှစတင်၍ စီမံချက်ရေးဆွဲပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ စီမံချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ပညာရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ဒေသခံအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ကျောင်းအကျိုးတော်ဆောင် ရယူ၍ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းဖြင့် ရှင်းလင်းဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော ယှဉ်ပြိုင်မှု ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီဝင် ဦးသိန်းထွန်းဦးက အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းသည်။ **(သတင်းစဉ်)**

အမျိုးသားလွှတ်တော်အစည်းအဝေး

# အပင်ပိုးမွှား ကာကွယ်သည့်ဥပဒေကို နိုင်ငံတကာစံချိန်စံညွှန်းသတ်မှတ်ချက်များနှင့်ညီညွတ်စေရန် ပြင်ဆင်ရေးဆွဲဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၁၇**

ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပသည်။

အစည်းအဝေးတွင် ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁) မှ ဦးစောမော်ထွန်း၏ **ကမ္ဘာတစ်ဝန်းရာသီဥတုပြောင်းလဲလာခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သော သီးနှံဖျက်ပိုးများနှင့် သီးနှံပင်ရောဂါများကို ကြိုတင်တွက်ချက်ကာကွယ်ပေးရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်က ကမ္ဘာ့ရာသီဥတုပြောင်းလဲလာမှုကြောင့် သီးနှံဖျက်ပိုးများနှင့် သီးနှံဖျက်ရောဂါများ ကျရောက်ဖျက်ဆီးမှုကာကွယ်နိုင်ရန် အတွက် ရာသီအလိုက် စိုက်ပျိုးလျက်ရှိသည့် သီးနှံများတွင် ကျရောက်ဖျက်ဆီးတတ်သည့် ပိုးမွှား၊ ရောဂါများကို အချိန်နှင့်တစ်ပြေးညီ ကြိုတင်သတိပေးချက်များ ထုတ်ပြန်ပေးခြင်းကို


ဒုတိယဝန်ကြီး ဦးခင်ဇော် ဖြေကြားစဉ်။ (သတင်းစဉ်)

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားအစီအစဉ်များတွင်လည်းကောင်း၊ တောင်သူလယ်သမား ရုပ်သံကဏ္ဍလိုင်း၊ Skynet ရုပ်သံလိုင်း၊ Agriand Livestock Channel၊ မြန်မာ့အသံ၊ ချယ်ရီ FM စသည့် သတင်းမီဒီယာများတွင် လည်းကောင်း၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအပတ်စဉ်ထုတ် လယ်ယာစီးပွားသတင်းစာစောင်၊ နည်းသစ်စွယ်စုံ ပညာပေးဂျာနယ်နှင့် မြန်မာ့တောင်သူကြီးများ ဂျာနယ်များတွင် ၂၀၁၄ ဩဂုတ်အထိ အကြိမ်ပေါင်း ၁၂၀ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း။

စိုက်ပျိုးရေးဦးစီးဌာန ရုံးချုပ်မှ ပညာရှင်များပါဝင်သည့် ကွင်းဆင်းပညာပေးအဖွဲ့ငါးဖွဲ့က တိုင်းဒေသကြီး ပြည်နယ်အသီးသီးတွင် ကွင်းဆင်းပညာပေးခြင်းနှင့်စိုက်ပျိုးရေးဦးစီးဌာန သီးနှံကာကွယ်ရေးပညာရှင်များက ရာသီအလိုက် အချိန်နှင့်တစ်ပြေးညီ ကျေးရွာအုပ်စုများအရောက် တောင်သူလယ်သမားများနှင့် တွေ့ဆုံဆွေးနွေးပညာပေးခြင်း (၁၃၈) ကြိမ်နှင့် ပိုးသတ်ဆေးများ မဆင်မခြင်သုံးစွဲမှုကြောင့် သဘာဝပတ်ဝန်းကျင်မထိခိုက်စေရေး၊ ပိုးမွှားများပြန့်ပွားမှုမရှိစေရေးအတွက် ဖျက်ပိုးများကို ဘက်စုံကာကွယ်နှိမ်နင်းရေးနည်းလမ်းများဖြင့် လိုက်နာကျင့်သုံးဆောင်ရွက်နိုင်ရန်တောင်သူပညာပေး ပိုးမွှားရောဂါကာကွယ်ရေးသင် တန်းကျောင်းများတွင် ပညာပေးခြင်းများကို ၂၀၁၄ ဩဂုတ်အထိ အကြိမ်ပေါင်း (၁၃၆)ကြိမ် ဆောင်ရွက်ပေးခဲ့ပြီဖြစ်ပါကြောင်း။


ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁) မှ ဦးစောမော်ထွန်း မေးမြန်းစဉ်။ (သတင်းစဉ်)

ကမ္ဘာ့ကုန်သွယ်ရေးတွင် လယ်ယာထွက်ကုန်သီးနှံများကို ကုန်သွယ်ဖက်နိုင်ငံများအချင်းချင်း တင်ပို့ရောင်းချလျက်ရှိရာ မိမိနိုင်ငံအတွင်းသို့ တင်သွင်းလာသည့် လယ်ယာထွက်ကုန်သီးနှံများနှင့်အတူ သီးနှံဖျက်ပိုးမွှားရောဂါများဝင်ရောက်လာခြင်း မရှိစေရန် ၁၉၉၃ မှစတင်၍ "အပင်ပိုးမွှားကာကွယ်သည့် ဥပဒေ" ကိုပြဋ္ဌာန်းခဲ့ပြီး ဥပဒေနှင့်အညီ မြန်မာနိုင်ငံအတွင်း မရှိသေးသည့် ပိုးမွှားရောဂါအသစ်များ၊ အန္တရာယ်ကြီးဖျက်ပိုးများ ဝင်ရောက်လာမှုမရှိစေရန် စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း။

မြန်မာနိုင်ငံနှင့်နယ်နိမိတ်ချင်း ထိစပ်လျက်ရှိသည့် ကုန်သွယ်ဖက်နိုင်ငံများ၏ ကုန်သွယ်ရေးလမ်းကြောင်း ကိုးခုနှင့် ရန်ကုန်၊ မန္တလေး လေဆိပ်များတွင် သီးနှံပိုးမွှားရောဂါ ပြန့်ပွားမှု ထိန်းချုပ်ရေးစခန်း ၁၁ ခု တို့ဖြင့် ကုန်သွယ်သီးနှံများနှင့်အတူ ပိုးမွှားရောဂါအသစ်များ ကပ်ငြိဝင်ရောက်လာမှု မရှိစေရန် စစ်ဆေးဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် ၁၉၉၃ ခုနှစ်က ပြဋ္ဌာန်းခဲ့သည့် အပင်ပိုးမွှား ကာကွယ်သည့် ဥပဒေကို အပင်ပိုးမွှားကင်းရှင်းရေး နည်းလမ်းများဆိုင်ရာ နိုင်ငံတကာစံချိန် စံညွှန်းသတ်မှတ်ချက်များနှင့် ညီညွတ်စေရန်၊ ခေတ်ကာလနှင့် ကိုက်ညီမှုရှိစေရန်၊ "အပင်နှင့် အပင်ထွက်ပစ္စည်းများတင်သွင်း၊ တင်ပို့ခြင်းဆိုင်ရာ ပိုးမွှား/ရောဂါ ထိန်းချုပ်ရေးဥပဒေ" အဖြစ် ပြင်ဆင်ရေးဆွဲဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ဖြေကြားသည်။

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်ဇော်ကမျိုးစေ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က ဆွေးနွေးစဉ်းစားရန် အဆိုတင်သွင်းရာ လွှတ်တော်က ဆွေးနွေးရန် ဆုံးဖြတ်သည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော်က မျိုးစေ့ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို တင်သွင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပေးပို့လာသည့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကိုဥပဒေကြမ်းကော်မတီဝင် ဦးစိုင်းတင်အောင်က ပြန်လည်ဖတ်ကြားတင်သွင်းပြီး လွှတ်တော်က အတည်ပြုခဲ့သည်။

**(သတင်းစဉ်)**

## လွှတ်တော်သို့ လာရောက်လေ့လာကြည့်ရှု

**နေပြည်တော် အောက်တိုဘာ ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ မြို့နယ်အတွင်းရေးမှူး ဦးချစ်ဆွေ ခေါင်းဆောင်သည့် ပါတီကော်မတီဝင်များနှင့် စည်းရုံးရေးမှူးများ ၈၅ ဦး၊ "မြန်မာ့လွှတ်တော်ကိုအဝေးကြည့်" ဆောင်းပါးရေးသားနေသူ အမေရိကန်နိုင်ငံသား ဦးအောင်ဒင် (Mr.Aung Din) နှင့်အဖွဲ့ဝင် လေးဦး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရွှေ(ခင်ဦးမဲဆန္ဒနယ်)၏ မိသားစုဝင် နှစ်ဦးနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးနှင့်အဖွဲ့ သုံးဦး စုစုပေါင်း ၉၄ ဦးတို့သည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ၌ ကျင်းပသည့် ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁) ကြိမ်မြောက်ပုံမှန်အစည်းအဝေး(၁၉)ရက်မြောက်နေ့ ကျင်းပနေမှုနှင့် လွှတ်တော်အဆောက်အအုံများကို လေ့လာကြည့်ရှုခဲ့သည်။

ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးစတင်ကျင်းပသည့် ၁၁-၉-၂၀၁၄ ရက်မှ ယနေ့ (၁၉) ရက်မြောက်နေ့အထိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီဝင် ၈၈၆ ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ၃၄၁ ဦး၊ ကျောင်းသား ကျောင်းသူ ၂၅၄ ဦး၊ အခြားပါတီ/အဖွဲ့အစည်း/ပြည်သူလူထု ၄၄၀၊ နိုင်ငံခြားသား ၁၀ ဦး စုစုပေါင်း ၁၉၃၁ ဦးတို့သည် ပြည်သူ့လွှတ်တော် (၁၁)ကြိမ်မြောက် ပုံမှန်အစည်းအဝေးကျင်းပနေမှုနှင့် လွှတ်တော် အဆောက်အအုံအတွင်း လေ့လာကြည့်ရှုခဲ့ကြသည်။ **(သတင်းစဉ်)**

## စာပေရေချမ်းစင် ကျေးရွာအရောက်တိုးချဲ့

**အောင်လံ အောက်တိုဘာ ၁၇**

မကွေးတိုင်းဒေသကြီး အောင်လံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများသည် အောက်တိုဘာ ၁၅ ရက်က မြို့ပေါ်ရှိ စာပေရေချမ်းစင်ထားရှိရာနေရာ ရှစ်နေရာတို့တွင် စာအုပ်အသစ်များ အစားထိုးဖြည့်ဆည်းပေးခဲ့ပြီး ကျေးရွာများ ၁၁ နေရာတို့တွင် စာပေရေချမ်းစင်အသစ်များထားရှိပေးရာ အောင်လံမြို့နယ်တွင် ပြည်သူ့ဆေးရုံ၊ ကားဂိတ်၊ တရားရုံး၊ လက်ဖက်ရည်ဆိုင်၊ မြန်မာ့စီးပွားရေးဘဏ်၊ မြို့မဈေးတို့တွင် စာပေရေချမ်းစင်များ ချိတ်ဆွဲထားရှိပေးသည့်အပြင် ကျေးရွာအရောက် တိုးချဲ့ထားရှိကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

## ပြည်တွင်းသတင်း

❖ **ရှေ့ဖုံးမှ**

အာဆီယံစီးပွားရေးအသိုက်အဝန်း တည်ဆောက်မှုရည်မှန်းချက်အတွက် အလွန်အရေးကြီးသော စီမံကိန်း ဖြစ်ပါကြောင်း၊ ဥရောပသမဂ္ဂအနေဖြင့် အာဆီယံပေါင်းစပ်ဆက်သွယ်မှု မဟာစီမံကိန်း (Master Plan on ASEAN Connectivity-MPAC) ကို ပူးပေါင်းဆောင်ရွက်မှုအား ကြိုဆိုပါကြောင်း၊ အာဆီယံသည် ဥရောပသမဂ္ဂ၏ တတိယအကြီးဆုံး ကုန်သွယ်ဖက်ဖြစ်သကဲ့သို့ ဥရောပသမဂ္ဂသည်လည်း အာဆီယံ၏ တတိယအကြီးဆုံး ကုန်သွယ်ဖက် ဖြစ်သည့်အတွက် ထိုအခြေအနေကို ဆက်လက်ထိန်းသိမ်းထားရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဥရောပသမဂ္ဂနှင့် ပူးပေါင်းဆောင်ရွက်မှုများပြုလုပ်နိုင်ခဲ့ခြင်းအပေါ် ကျေနပ်အားရပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့ သည်။

ယင်းနောက် နိုင်ငံတော်သမ္မတသည် မီကိုကွန်ဖရင့်စင်တာသို့ မွန်းလွဲ ၂နာရီတွင် ရောက်ရှိရာ အီတလီနိုင်ငံဝန်ကြီးချုပ်မစ္စတာ မက်တေယိုရမ်ဇီ၊ ဥရောပသမဂ္ဂဥက္ကဋ္ဌ မစ္စတာ ဟာမား ဗန်ရွမ်ပွိုင်နှင့် ဥရောပကော်မရှင်ဥက္ကဋ္ဌ မစ္စတာ ဟိုဆေးမန်နျူရယ်ဘာရိုဆိုတို့က ခင်မင်ရင်းနှီးစွာ



**နိုင်ငံတော်သမ္မတဦးသိန်းစိန် အီတလီနိုင်ငံဝန်ကြီးချုပ်အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (သတင်းစဉ်)

ကြိုဆိုနှုတ်ဆက်ကြသည်။

(၁၀)ကြိမ်မြောက် အာရှ-ဥရောပထိပ်သီးအစည်းအဝေး ဖွင့်ပွဲအခမ်းအနားကို မီကိုကွန်ဖရင့်စင်တာ Main Conference Hall ၌ကျင်းပရာ ဥရောပသမဂ္ဂဥက္ကဋ္ဌ မစ္စတာ ဟာမား ဗန်ရွမ်ပွိုင်၊ လာအိုနိုင်ငံဝန်ကြီးချုပ် မစ္စတာ သွန်ဆင်း သမာဗောင်၊ မွန်ဂိုလီးယားနိုင်ငံသမ္မတ မစ္စတာ အယ်လ်ဘတ်ခ်ဒေါ့ဂ်ျဇတ်ခ်ဟီးလ်ယာဒ်၊ အီတလီနိုင်ငံဝန်ကြီးချုပ် မစ္စတာ မက်တေယိုရမ်ဇီနှင့် မလေးရှားနိုင်ငံဝန်ကြီးချုပ် မစ္စတာ ဒါတိုဆရီမိုဟာမက်နာဂျစ်တွန်းရာဇတ်တို့က အမှာစကားပြောကြားကြပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် မျက်နှာစုံညီထိပ်သီးအစည်းအဝေးကို ဆက်လက်ကျင်းပရာ အာရှ-ဥရောပစီးပွားရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ ကဏ္ဍများ၌ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးနှင့် ကမ္ဘာ့ရေးရာကိစ္စရပ်များတွင် ဒေသကြီးနှစ်ခုအကြား ယခုထက်ပိုမိုပူးပေါင်းဆောင်ရွက်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ မျက်နှာစုံညီထိပ်သီးအစည်းအဝေးတွင် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ဒေသနှစ်ခုအကြား စီးပွားရေးပေါင်းစည်းဆက်သွယ်မှုများ တိုးတက်မြင့်မားစေရန်အတွက် အာရှနှင့် ဥရောပဒေသနှစ်ခုကြား ငွေကြေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ စည်းမျဉ်းများ ခိုင်မာအားကောင်းအောင် အလေးထားဆောင်ရွက်ရန် တိုက်တွန်းလိုပါကြောင်း၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး၊ အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးကဲ့သို့သော ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအပေါ် တိုက်ရိုက်အကျိုးသက်ရောက်စေသည့် ပူးပေါင်းဆောင်ရွက်မှုများကို အလေးထားမြှင့်တင်ရန် လိုအပ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် ဆောင်ရွက်နေသည့် ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် ကျောက်ဖြူရေနက်ဆိပ်ကမ်း စီမံကိန်းများတွင် ဥရောပနိုင်ငံများမှ လာရောက်ရင်းနှီးမြှုပ်နှံရန်ဖိတ်ခေါ်ပါကြောင်းဖြင့် ဆွေးနွေးပြောကြားခဲ့သည်။

ညပိုင်းတွင် နိုင်ငံတော်သမ္မတသည် အီတလီနိုင်ငံသမ္မတ ဂျော်ဂျီယိုနာပိုလီတာနိုက Palazzo Real နန်းတော်၌ တည်ခင်းဧည့်ခံသည့် (၁၀)ကြိမ်မြောက် အာရှ-ဥရောပထိပ်သီးအစည်းအဝေးဂုဏ်ပြုညစာစားပွဲသို့ အာရှ-ဥရောပနိုင်ငံများမှ ခေါင်းဆောင်များနှင့်အတူ တက်ရောက်ခဲ့သည်။

ကမ္ဘာ့နိုင်ငံရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအရ အလွန်အရေးပါသော ဒေသကြီးနှစ်ခုဖြစ်သည့် အာရှတိုက်နှင့် ဥရောပတိုက်တို့အကြား ပူးပေါင်းဆောင်ရွက်မှုသည် ဒေသကြီးနှစ်ခုအတွက်သာမက နိုင်ငံတကာ အပြန်အလှန်ဆက်သွယ်မှုနှင့် ကမ္ဘာလုံးဆိုင်ရာဆက်စပ်ဖြစ်ပေါ်မှု ဖြစ်စဉ်တို့အတွက် အာရှ-ဥရောပ ထိပ်သီးအစည်းအဝေးမှ အကျိုးပြုလျက်ရှိသည်။

အဆိုပါ အာရှ-ဥရောပထိပ်သီးအစည်းအဝေးကို စင်ကာပူနိုင်ငံမှ ကမကထပြု၍ ၁၉၉၆ခုနှစ်တွင် ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ပထမအကြိမ် ထိပ်သီးအစည်းအဝေးကို ကျင်းပခဲ့ပြီး အာရှ-ဥရောပထိပ်သီးအစည်းအဝေးကို အာရှတိုက်နှင့် ဥရောပတိုက်ဒေသများတွင် နှစ်နှစ်တစ်ကြိမ် တစ်လှည့်စီကျင်းပခဲ့သည်။

အာရှ-ဥရောပထိပ်သီးအစည်းအဝေးသို့ ဥရောပတိုက်မှ နိုင်ငံပေါင်း ၃၀၊ အာရှဒေသမှ ၁၉နိုင်ငံ၊ ဥရောပသမဂ္ဂနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးတို့ပါဝင်ပြီး စုစုပေါင်းနိုင်ငံ ၄၉ နိုင်ငံနှင့် အဖွဲ့အစည်းနှစ်ခုတို့ဖြင့် ဖွဲ့စည်းထားကြောင်း သိရသည်။ **(သတင်းစဉ်)**

❀ **ရှေ့ဖုံးမှ**

**ဒေါက်တာ ရစ်ချက်ဒ် ဒရောဘ်နစ်ခ်**
**IBEAR MBA Program Director University of Southern California**

မြန်မာနိုင်ငံက အာရှရဲ့ အခြေအနေအကောင်းဆုံး နောက်ဆုံးဈေးကွက်ပါ။ ကျွန်တော်တို့ အမေရိကန်ပြည်ထောင်စု အပါအဝင် အီးယူနိုင်ငံတွေ၊ ဒေသတွင်းနိုင်ငံကြီးတွေအားလုံးအတွက် စီးပွားရေးအခွင့်အလမ်းတစ်ခုလည်း ဖြစ်ပါတယ်။ ပြောင်းလဲလာတဲ့ နိုင်ငံ့အခြေအနေပေါ်မူတည်ပြီး ကမ္ဘာ့စီးပွားရေး ဈေးကွက်ကလှုပ်ရှားရတာဖြစ်ပါတယ်။ အခုနိုင်ငံတွေ အများကြီးက လုပ်ငန်းရှင်တွေပါတယ်။ တရုတ်နဲ့ အိန္ဒိယ၊ ထိုင်းတို့လို အိမ်နီးချင်းနိုင်ငံက လုပ်ငန်းရှင်တွေနဲ့ အစိုးရပိုင်းတွေလည်း ပါတယ်။ မြန်မာနိုင်ငံအနေနဲ့လည်း အက်ဖ်ဒီအိုင်တွေ ပိုဝင်လာဖို့မျှော်လင့်မှာပဲ။ ကျွန်တော်တို့ရဲ့ အခက်အခဲတွေက ဘာတွေဖြစ်လာမလဲ။ အကျိုးအမြတ်ကဘာတွေရှိလာမလဲဆိုတာ ဖိုရမ်ကနေ အဖြေအများကြီးထွက်လာပါတယ်။ ကျွန်တော့်အမြင်ပြောရရင် လိုအပ်ချက်က မြန်မာနိုင်ငံရဲ့ တရားဥပဒေစိုးမိုးရေးဖြစ်ပြီး ကောင်းမွန်တဲ့ အုပ်ချုပ်မှုစနစ်ကို ယခုအတိုင်းဆက်ပြီး ဆောင်ရွက်ပေးဖို့ ဖြစ်ပါတယ်။ ကျွန်တော်ထင်တာ တံခါးဖွင့်ဝါဒကိုကျင့်သုံးဖို့ မြန်မာစီးပွားရေးသမားတွေ အဆင်သင့်မဖြစ်သေးတာကို နားလည်ပါတယ်။ ဖြစ်နိုင်ရင် ASEAN Free Trade Area ကို အမြန်ဆုံးအကောင်အထည်ဖော်စေချင်တယ်။ အသေးစားလုပ်ငန်းတွေက စုပေါင်းပြီး အလတ်စားအဆင့်မြှင့်၊ အလတ်စားတွေစုပေါင်းပြီး အကြီးစားလုပ်ငန်းတွေအဖြစ်မြှင့်လို့ရတယ်။ အဆင်သင့်မဖြစ်သေးဘူးထင်ရင် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုတွေ အများကြီးလုပ်ပြီး အက်ဖ်ဒီအိုင် ပိုဝင်အောင်လုပ်ရမှာပါ ။ အစိုးရပိုင်းက ကြိုးစားနေတာကိုတွေ့ရတယ်။ လုပ်ငန်းရှင်တွေ ကြောက်ရွံ့နေတာလည်း တွေ့ရတယ်။

**မစ္စတာ နရောင်ချိုင် အကရာဆန်နေ**
**စွမ်းအင်ဝန်ကြီး၊ ထိုင်းနိုင်ငံ**

မြန်မာနိုင်ငံက သဘာဝအရင်းအမြစ်တွေ အများကြီးကျန်ရှိပြီး သယံဇာတထွက်ကုန်တွေလည်း ရှိတယ်လို့ ဆိုရမှာပါ။ လက်ရှိ ထိုင်းနိုင်ငံအနေနဲ့ ပြောရရင် စွမ်းအင်ဝယ်ယူနေတာဖြစ်လို့ မြန်မာအနေနဲ့ ဝင်ငွေတွေအများကြီးရှိပါတယ်။ ရရှိလာတာတွေကို မြန်မာနိုင်ငံရဲ့ စီးပွားရေးအခြေခံအဆောက်အအုံတွေမှာ ထည့်သွင်းအသုံးပြုမယ်ဆိုရင် ပိုပြီးကောင်းမွန်တဲ့ လျှပ်စစ်မီးရရှိရေးတွေ၊ လမ်းပန်းဆက်သွယ်ရေးတွေ အဆင်ပြေမယ်ထင်ပါတယ်။ ရေအားလျှပ်စစ်နဲ့ ပတ်သက်ပြီးတော့လည်း ကျွန်တော်တို့ နိုင်ငံက ကမ်းလှမ်းထားတာတွေလည်း ရှိပါတယ်။ အခြားအိမ်နီးချင်းနိုင်ငံတွေနဲ့လည်း လုပ်ဆောင်တာရှိတယ်။ လက်ရှိမှာ မြန်မာကို အကြံပေးချင်တာတစ်ခုက အကျိုးအမြတ်ထက် အရင်းအနှီးအတွက် အချိန်ပေးသင့်တယ်။ ရရှိလာတဲ့ဘဏ္ဍာတွေကို အကျိုးရှိစွာနဲ့ အက်ဖ်ဒီအိုင်တွေနဲ့ အပြိုင်ရင်ဆိုင်နိုင်မယ့် လုပ်ငန်းရှင်တွေ မွေးထုတ်ရာမှာ သုံးစွဲသင့်တယ်။ ဒါမှမဟုတ်လည်း အခြေခံအဆောက်အအုံ တည်ဆောက်ရေးတွေမှာ အင်ပြည့်အားပြည့်သုံးသင့်တယ်။

ကျွန်တော်တို့ဆီက စီးပွားရေးလုပ်ငန်းရှင်အများကြီး မြန်မာနိုင်ငံကို ဝင်ရောက်တယ်။ ပို့ကုန်လည်း အများကြီးရှိတယ်။ နောက်ပိုင်းမှာ စက်ရုံလာတည်ကြတာရှိတယ်။ သို့သော် ကုန်စည်ချင်းတူတာတောင် မြန်မာပြည်တွင်းထုတ်ကုန်ကို သုံးစွဲတဲ့အပိုင်းမှာ အားနည်းနေတယ်။ ဥပမာပြောရရင် စားသောက်ကုန်လုပ်ငန်းမှာ သိသာတယ်။ နိုင်ငံရဲ့ စီးပွားရေးမြင့်တက်ဖို့ဆိုတာ ဗျူဟာရေးဆွဲရုံနဲ့မပြီးဘူး၊ လိုက်နာဆောင်ရွက်ဖို့လည်း လိုအပ်တယ်။

**ပါမောက္ခ မာရီ ကယ်လင်ဟန်**
**University of Washington**

မြန်မာနိုင်ငံရဲ့ ဖွံ့ဖြိုးတိုးတက်လာမှုက အားရဖွယ်ရာဖြစ်ပါတယ်။ ကျွန်မလေ့လာထားသလောက် ပြောရရင် အခွင့်အလမ်းတွေအများကြီး ဖွံ့ဖြိုးလာတယ်။ ဖိုရမ်မှာ ကျွန်မဆွေးနွေးဖြစ်တဲ့အကြောင်းက လူမှုစီးပွားဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာတွေနဲ့ ပတ်သက်ပါတယ်။ မြန်မာနိုင်ငံသားတွေအနေနဲ့ တိုးတက်လာတဲ့စီးပွားရေးအခွင့်အလမ်းတွေအတွက် ပညာရပ်ကျွမ်းကျင်မှုဆိုင်ရာအားနည်းနေတယ်။ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှုဆိုတာ သင်ယူလို့ရနေပါပြီ။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဆိုတဲ့နေရာမှာ လူသားအရင်းအမြစ်က အရေးကြီးဆုံးမို့ ပညာရေးကဏ္ဍမှာ များများရင်းနှီးမြှုပ်နှံကြပါလို့ နိုင်ငံတကာတက္ကသိုလ်တွေကို ပြောပြလိုပါတယ်။ ဒုတိယအချက်ကတော့ တိုင်းပြည်ရဲ့ စီးပွားရေးကဏ္ဍမှာ လူနည်းစုတစ်စု၊ အင်အားကြီးတစ်စုကသာ ချုပ်ကိုင်ထားလို့မရပါဘူး။ အများပိုင်တွေ ဖွဲ့စည်းဆောင်ရွက်တာ အကောင်းဆုံး ဗျူဟာဖြစ်ပေမယ့် လက်တွေ့ ဆောင်ရွက်နိုင်စွမ်းရှိမရှိ အကဲဖြတ်ဖို့လိုအပ်ပါတယ်။ နောက်တစ်ခုက ပွင့်လင်းမြင်သာပြီး အမှန်တကယ် အကျိုးရှိတဲ့ကုန်သွယ်မှုတွေ ဖြစ်လာဖို့လိုအပ်တယ်။ မှောင်ခိုဈေးကွက်လို၊ အခွန်ရှောင်တာလိုကိစ္စတွေကို ပြည်တွင်းမှာ အရင်ဆုံးပြေလည်စေချင်တယ်။ အားရကျေနပ်စရာကောင်းတာက မြန်မာနိုင်ငံအတွင်းကဂျီဒီပီကို လေ့လာကြည့်တဲ့အခါ ၂၀၀၈ခုနှစ်မှာ လေးရာခိုင်နှုန်းသာ တိုးတက်ရာကနေ ၂၀၁၄ ခုနှစ်မှာ ရှစ်ရာခိုင်နှုန်းအထိ မြင့်မားလာတယ်။ သို့သော် တစ်ဦးချင်းရဲ့ တစ်နှစ်တာပျမ်းမျှဝင်ငွေက အမေရိကန်ဒေါ်လာ ၁၃၂၄သာရှိသေးတယ်။

**ဦးဝင်းအောင် ဥက္ကဋ္ဌ**
**(ကုန်သည်/စက်မှုအသင်းချုပ်)**

ကျွန်တော်တို့အတွက် စီးပွားရေးအခွင့်အလမ်းတွေရရှိဖို့ ဖိုရမ်တွေ၊ များများလုပ်ပေးဖို့ လိုအပ်ပါတယ်။ အခု ယူအက်စ်စီမာရှယ်ကလုပ်တဲ့ ဖိုရမ်ကနေ အကျိုးကျေးဇူးတွေ အများကြီးရမယ်လို့ ယုံကြည်ပါတယ်။ စီးပွားရေးလာလုပ်မယ့် လုပ်ငန်းရှင်တွေအနေနဲ့လည်း အခက်အခဲတွေ အကျိုးအမြတ်တွေကို ပွင့်ပွင့်လင်းလင်းဆွေးနွေးကြတာအလွန်ကောင်းတယ်။ ပြည်တွင်းက လုပ်ငန်းရှင်အများကြီးပါဝင်ဖို့ ဖိတ်ခေါ်ချင်ပါတယ်။ ကျွန်တော်တို့က ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်ပေမယ့် လူသားအရင်းအမြစ်ပေါများတယ်။ သဘာဝအမွေအနှစ်တွေရှိတယ်။ မြေနေရာတွေရှိတယ်။ တစ်ဖက်မှာလည်း ပြည်တွင်းကဏ္ဍစီးပွားရေးတွေ မြှင့်တင်ပေးဖို့ လိုအပ်နေသေးတယ်။ ယှဉ်ပြိုင်ဖို့ ကျွန်တော်တို့မှာ အခက်အခဲတွေအများကြီးရှိတယ်။ ဒါပေမယ့် မလွဲမသွေကြုံရမှာပါ။ အချိန်တစ်ခုတော့ လိုအပ်နေတာပေါ့။ အခုလည်း ချထားပေးနေတာ တွေ့မှာပါ။ နိုင်ငံခြားဘဏ်တွေလာဖွင့်ခွင့်ရပြီ။ အထူးစီးပွားရေးဇုန်တွေမှာ အများကြီးလာရောက် လုပ်ကိုင်နေကြပြီ။ ပြည်တွင်းက ယှဉ်ပြိုင်နိုင်ဖို့အတွက် လိုအပ်ချက်တွေကို နိုင်ငံတော်က မြှင့်တင်ပေးဖို့လည်း လိုအပ်သလို အချင်းချင်းလည်း ပူးပေါင်းဆောင်ရွက်ကြရမယ်။ လက်ရှိအနေအထားကနေ မြှင့်တင်နိုင်မှသာ အက်ဖ်တာဖြစ်လာရင် ခံနိုင်ရည်ရှိမှာ။ အခုလို ဖိုရမ်မျိုးကို ပြည်တွင်းက လုပ်ငန်းရှင်တွေ လာတက်စေချင်တာ။ အခုထက်ပိုပြီး နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်တဲ့ အတွေ့အကြုံတွေ လိုအပ်နေတယ်။

**မစ္စတာ ပက်ပ်တာဘရမ်းဘဲန်**
**Country Director (Myanmar) Asian Development Bank**

ဖိုရမ်မှာ ကျွန်တော်ဆွေးနွေးတဲ့အကြောင်းအရာက အာဆီယံနိုင်ငံတွေရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအခြေအနေဖြစ်ပါတယ်။ နိုင်ငံတစ်ခုချင်းအလိုက် နှစ်အလိုက်တိုးတက်မှုကျဆင်းမှုတွေကို ဆန်းစစ်တင်ပြပါတယ်။ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုက အစိုးရသစ်လက်ထက် ၂၀၁၁ ခုနှစ်ကစလို့ မြင့်တက်လာနေတာ ကျွန်တော်လေ့လာမိတယ်။ သို့သော် CLMV ဖွံ့ဖြိုးဆဲလေးနိုင်ငံထဲမှာ ရှိနေသေးတဲ့ မြန်မာနိုင်ငံအတွက် ကျွန်တော်တို့ အေဒီဘီအပြင် ကမ္ဘာ့ဘဏ်ကလည်း ကူညီတယ်။ ဂျပန်ကလည်း အများကြီးကူညီထောက်ပံ့တယ်။ အီးယူကလည်း ပေးအပ်နေတယ်။ သို့သော် အချိန်ကာလအတိုင်းအတာတွေတော့ရှိတာပေါ့။ စီးပွားရေးဖွံ့ဖြိုးတိုးတက်ဖို့အတွက် အကူအညီကောင်းလိုအပ်သလို အစိုးရနဲ့ လုပ်ငန်းအဖွဲ့အစည်းတွေကလည်း ပူးပေါင်း ဆောင်ရွက်ဖို့လိုတယ်။ အလုပ်အကိုင် အခွင့်အလမ်းတွေ ဖွင့်ပေးဖို့လိုတယ်။ ကျွန်တော့်အမြင်ပြောရရင် နိုင်ငံတကာကလည်း တစ်ဦးချင်းအလိုက် လုပ်ငန်းစုအလိုက် စီးပွားရေးပိတ်ဆို့ထားတာတွေကို ပြန်လည်သုံးသပ်သင့်တယ်။ ဒါကလည်း လေ့လာဆန်းစစ်မှုတွေ၊ သတိပေးမှုတွေ စောင့်ကြည့်မှုတွေတော့လိုအပ်မယ်။ နိုင်ငံတကာမှာ စီးပွားရေးရင်ပေါင်တန်းလိုရင် အရင်ဆုံး ပြည်တွင်းလုပ်ငန်းရှင်တွေ အားအပြည့်နဲ့ ကျောချင်းကပ်ထားဖို့ လိုအပ်မယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုက အရှိန်အဟုန်နဲ့ ဝင်လာခဲ့မယ်ဆိုရင် တားဆီးထားလို့မရဘူး။ ပြည်တွင်းအက်စ်အမ်အီးတွေအတွက် စိုးရိမ်စရာဖြစ်ပေမယ့် တစ်နှစ်ချင်းကာဆီးထားရုံနဲ့ ပြီးတဲ့အရာမဟုတ်လို့ ရင်ဆိုင်ကြရမယ်။ ကျွန်တော်တို့အနေနဲ့ကတော့ ကူညီမှုတွေ ဆက်လက်ပေးအပ်သွားမှာ ဖြစ်ပါတယ်။




**Pacific Rim ၂၀၁၄ စီးပွားရေးဖိုရမ်ကို ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပစဉ်။**

ပြည်တွင်းသတင်း

# နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာရှ-ဥရောပ ခေါင်းဆောင်များနှင့် သီးခြားစီတွေ့ဆုံ

မီလန် အောက်တိုဘာ ၁၇

**ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် (၁၀)ကြိမ်မြောက် အာရှ-ဥရောပ ထိပ်သီးအစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိနေသည့် ဖင်လန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ အလက်ဇန္ဒား စတပ်အား ယနေ့တွင် မီလန်မြို့ နီကိုကွန်ဖရင့်စင်တာ၌ တွေ့ဆုံခဲ့သည်။**

ထိုသို့ တွေ့ဆုံရာတွင် ၂၀၁၃ ခုနှစ်မှစတင်၍ မြန်မာနိုင်ငံ၏ ပညာရေး၊ ကျန်းမာရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်မှုအတွက် အကူအညီပေးခဲ့မှုများကို ဆက်လက်တိုးမြှင့်ဆောင်ရွက်ရေး၊ မြန်မာနိုင်ငံ ဒီမိုကရေစီ အသွင်ကူးပြောင်းရေး၊ လူ့အခွင့်အရေး အခြေအနေများ မြှင့်တင်ရေး၊ ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲအား လွတ်လပ်ပွင့်လင်းပြီး တရားမျှတမှုရှိစွာ ကျင်းပနိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာနိုင်ငံနှင့် ဒေသတွင်းနိုင်ငံများ ဆက်ဆံရေး၊ ဥရောပသမဂ္ဂမှ ကုလသမဂ္ဂ အထွေထွေညီလာခံ တတိယကော်မတီတွင် မြန်မာနိုင်ငံလူ့အခွင့်အရေးအခြေအနေနှင့် ပတ်သက်သည့်အဆိုကို နှစ်စဉ်တင်သွင်းနေမှုအား ရပ်ဆိုင်းရေးတို့ကို ဆွေးနွေးခဲ့ကြသည်။




**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဖင်လန်နိုင်ငံဝန်ကြီးချုပ် မစ္စတာ အလက်ဇန္ဒား စတပ်နှင့် တွေ့ဆုံဆွေးနွေးစဉ်။** (သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆွီဒင်နိုင်ငံဝန်ကြီးချုပ် မစ္စတာ စတေဖန် လော့ဖ်ဗန်နှင့် တွေ့ဆုံဆွေးနွေးစဉ်။** (သတင်းစဉ်)

အလားတူ နိုင်ငံတော်သမ္မတသည် ဆွီဒင်နိုင်ငံဝန်ကြီးချုပ် မစ္စတာ စတေဖန် လော့ဖ်ဗန်နှင့် တွေ့ဆုံ၍ ဆွီဒင်နိုင်ငံက မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးနှစ်စီမံကိန်းဖြင့် အကူအညီပေးနေမှုအခြေအနေများ၊ စွမ်းအင်နှင့် ဆက်သွယ်ရေးကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်နိုင်မည့် အလားအလာများ၊ ဆွီဒင်နိုင်ငံမှ မြန်မာနိုင်ငံတွင် ရင်းနှီးမြှုပ်နှံနိုင်မည့် အလားအလာများ၊ အမျိုးသမီးများနှင့် တိုင်းရင်းသားလူနည်းစုများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကူအညီပေးနိုင်မည့် အခြေအနေများနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထို့အတူ နိုင်ငံတော်သမ္မတသည် ဗီယက်နမ်နိုင်ငံဝန်ကြီးချုပ် မစ္စတာ ငုယင်တန်ဇွန်းနှင့် တွေ့ဆုံ၍ နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်နိုင်ရေးအတွက် လုပ်ငန်းစဉ်များ၊ ကာကွယ်ရေးနှင့် လုံခြုံရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ အာဆီယံဒေသတွင်းဆိုင်ရာ အရေးကိစ္စများ၊ နှစ်နိုင်ငံစီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်နိုင်ရေး၊ ၂၀၁၃ ခုနှစ်တွင် နှစ်နိုင်ငံကုန်သွယ်မှုအနေဖြင့် အမေရိကန်ဒေါ်လာ ၃၅၁ သန်းခန့်ရှိသဖြင့် ၂၀၁၅ ခုနှစ်တွင် သန်း ၅၀၀ အထိ တိုးမြှင့်နိုင်ရန် မျှော်မှန်းထားရှိမှုတို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် နိုင်ငံတော်သမ္မတသည် နော်ဝေနိုင်ငံ ဝန်ကြီးချုပ် အာနာ ဆိုးလ်ဘတ်ဂ်အား တွေ့ဆုံ၍ မြန်မာနိုင်ငံတွင် နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ပြောင်းလဲနေမှုများ၏ အောင်မြင်မှုများနှင့် ရင်ဆိုင်နေရဆဲစိန်ခေါ်မှုများ၊ ငြိမ်းချမ်းရေးတည်ဆောက်မှုလုပ်ငန်းစဉ်များ၊ ရေနံနှင့်သဘာဝဓာတ်ငွေ့အပါအဝင် သယံဇာတစီမံခန့်ခွဲရေးဆိုင်ရာ လုပ်ငန်းစဉ်များတွင် ပူးပေါင်းဆောင်ရွက်ရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်များ၊ ၂၀၁၅ ခုနှစ် အထွေထွေ ရွေးကောက်ပွဲအား လွတ်လပ်ပြီး တရားမျှတစွာ ကျင်းပနိုင်ရေးအတွက် အကူအညီပေးနိုင်မည့် အလားအလာများ၊ ဆက်သွယ်ရေးနှင့်စွမ်းအင်ကဏ္ဍများတွင် ပိုမိုပူးပေါင်းဆောင်ရွက်နိုင်ရေးတို့ကို ဆွေးနွေးခဲ့ကြသည်။

အဆိုပါ တွေ့ဆုံပွဲများသို့ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ ဦးတင်နိုင်သိန်းနှင့် ဦးရဲထွဋ်၊ အီတလီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်နောင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

# (၆)ကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာကော်မတီ+၃ အစည်းအဝေးကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၇**

(၆)ကြိမ်မြောက် အာဆီယံ အမျိုးသမီးရေးရာ ကော်မတီ+၃ အစည်းအဝေးကို ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ ယနေ့နံနက် ၉ နာရီက ကျင်းပသည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်၊ ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာ အဖွဲ့ချုပ်ဥက္ကဋ္ဌဒေါ်မြမြနှင့် တာဝန်ရှိသူများ၊ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ၊ အာဆီယံအမျိုးသမီးရေးရာကော်မတီဝင်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်က အဖွင့်အမှာစကား ပြောကြားသည်။

ယခုနှစ်တွင် အစည်းအဝေးဆောင်ပုဒ်အဖြစ် “၂၀၁၅ အလွန် အာဆီယံဒေသတွင်း အမျိုးသားအမျိုးသမီး တန်းတူညီမျှရေးအတွက် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်ခြင်း” ဟု သတ်မှတ်ထားပြီး ၂၀၁၅ အလွန် အာဆီယံဒေသအတွင်း အမျိုးသား အမျိုးသမီးတန်းတူညီမျှရေး ပူးပေါင်းဆောင်ရွက်ချက်များနှင့် အာဆီယံ+၃ နိုင်ငံများ၏ အမျိုးသမီးရေးရာ ပူးပေါင်းဆောင်ရွက်မှုများကို ဆွေးနွေးကြမည်ဖြစ်သည်။ အာဆီယံနှင့် မိတ်ဖက်သုံးနိုင်ငံ ဒေသတွင်းစီမံချက်များ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် စိန်ခေါ်မှုများရင်ဆိုင်ဖြေရှင်းရေး၊ အခွင့်အလမ်းကောင်းများ ဖန်တီးရေးနှင့် အမျိုးသား အမျိုးသမီး ရင်ပေါင်တန်းဆောင်ရွက်နိုင်မှုတွင် အမျိုးသမီးထုတစ်ရပ်လုံး ပါဝင်နိုင်ရေး၊ ကိုယ်စားပြုနိုင်ရေးနှင့် ဆုံးဖြတ်ချက်ချမှတ်နိုင်မည့် စွမ်းဆောင်ရည်မြှင့်တင်ရေးတို့ပါဝင်ကြောင်း သိရသည်။

မြန်မာနိုင်ငံတွင် နိုင်ငံ့လူဦးရေ၏ ထက်ဝက်ကျော်ဖြစ်သော အမျိုးသမီးများသည် နိုင်ငံတော်၏အရေးပါသော ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများတွင် အင်အားစုတစ်ရပ်အဖြစ် ပါဝင်နေသည်ကို နိုင်ငံတော်ကအသိအမှတ်ပြုထားပြီး ဖြစ်သည်။ ထို့ပြင် အမျိုးသား အမျိုးသမီး တန်းတူညီမျှရှိရေး ခွဲခြားဆက်ဆံမှုပပျောက်ရေးဆိုင်ရာ လုပ်ငန်းအစီအစဉ်များချမှတ်ခြင်း၊ ဥပဒေများပြင်ဆင်ခြင်း၊ ဥပဒေသစ်များပြဋ္ဌာန်းရန် သုတေသနစာတမ်း၊ အမျိုးသားအမျိုးသမီးလူမှုရေးရာအလေ့အထ၊ ယဉ်ကျေးမှုစံနှုန်းများနှင့် သတ်မှတ်ချက်များပါဝင်သည့် စာတမ်းများ၊ အမျိုးသမီးရေးရာ လေ့လာဆန်းစစ်ချက်စစ်တမ်းများကို ပြုစုကာအမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ လုပ်ငန်းများတွင် အသုံးပြုသွားမည်ဖြစ်သည်။




**ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင် (၆)ကြိမ်မြောက် အာဆီယံအမျိုးသမီးရေးရာ ကော်မတီ+၃ အစည်းအဝေး၌ အမှာစကားပြောကြားစဉ်။**

(သတင်းစဉ်)

ထို့ပြင် ၂၀၁၃ ဇန်နဝါရီလတွင် ကျင်းပခဲ့သော မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှု ပူးပေါင်းဆောင်ရွက်ရေးဖိုရမ်တွင် ထုတ်ပြန်ခဲ့သည့် နေပြည်တော်သဘောတူညီချက်အရ အမျိုးသား အမျိုးသမီးတန်းတူညီမျှဖြစ်ရေးနှင့် အမျိုးသမီးစွမ်းပကား မြှင့်တင်ရေးလုပ်ငန်းအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့သည်။ အမျိုးသမီးများဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာစီမံကိန်းကို ၂၀၁၃ ခုနှစ်မှစ၍ ၁၀ နှစ်တာကာလအတွင်း အကောင်အထည်ဖော်သွားရန် မြန်မာနိုင်ငံလုံးဆိုင်ရာ အမျိုးသမီးရေးရာ ကော်မတီနှင့်အတူ ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ လူမှုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါစီမံကိန်းကို သုတေသနပြုခြင်း၊ စစ်တမ်းကောက်ယူခြင်း၊ အသိပညာပေးခြင်း၊ အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ဘဏ္ဍာရေးနှင့် မူဝါဒချမှတ်ခြင်းဟူသည့် မဟာဗျူဟာလေးရပ်နှင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ စီမံကိန်းပါ လုပ်ငန်းနယ်ပယ် ၁၂ ရပ်ကို အကောင်အထည်ဖော်ရာတွင် လိုအပ်သောဘဏ္ဍာငွေနှင့် လူ့စွမ်းအားအရင်းအမြစ်များ မြှင့်တင်ရေးတို့အတွက် နိုင်ငံတော်အစိုးရ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် အခြားလူမှုအဖွဲ့အစည်းများက ကျခံသုံးစွဲသွားမည်ဖြစ်သည်။ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာနက ဦးဆောင်၍ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုမှတားဆီးကာကွယ်ရေးဥပဒေရေးဆွဲလျက်ရှိပြီး ၂၀၁၄ ခုနှစ် နှစ်ကုန်တွင် အပြီးသတ်ရေးဆွဲရန် လျာထားကြောင်း သိရသည်။

ထို့နောက် အာဆီယံနိုင်ငံများနှင့် မိတ်ဖက်နိုင်ငံများ၏ ကြိုးပမ်းဆောင်ရွက်ချက်ဖြင့် အာဆီယံဒေသတွင်း အမျိုးသမီးများ၏ အခွင့်အလမ်းနှင့် အခွင့်အရေးများကို မြှင့်တင်ရေး၊ အာဆီယံနိုင်ငံများနှင့် မိတ်ဖက်သုံးနိုင်ငံ ပူးပေါင်းကာ ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အစည်းအဝေးမှ သိရသည်။

**(သတင်းစဉ်)**

## မိုးလေဝသအခြေအနေ

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။
မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံ အထက်ပိုင်းဒေသများတွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။

# ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ ရောင်းချပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၁၇**

မြန်မာ့ကျောက်မျက်ရတနာပြပွဲ ဗဟိုကော်မတီက ကြီးမှူးကျင်းပသည့် မြန်မာ့ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲ စတုတ္ထနေ့ကို ယနေ့နံနက် ၈ နာရီတွင် နေပြည်တော်ရှိ မဏိရတနာ ကျောက်စိမ်းခန်းမ၌ ဆက်လက်ကျင်းပသည်။

နံနက်ပိုင်းမှစတင်ကာ ပြည်တွင်းကျောက်မျက်ရတနာကုန်သည်များသည် သတ်မှတ်ဧရိယာအလိုက် ခင်းကျင်းပြသထားသည့် ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များကို မိမိတို့နှစ်သက်သည့် ဈေးနှုန်းများအတိုင်း ဝယ်ယူနိုင်စေရန် လွတ်လပ်စွာ ကြည့်ရှုလေ့လာကြကာ ဈေးနှုန်းအဆိုပြုလွှာများကို ထည့်သွင်းကြသည်။

အဆိုပါရောင်းချပွဲကို အောက်တိုဘာ ၂၀ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး ရောင်းချပွဲသို့ တက်ရောက်ဝယ်ယူအားပေးကြသည့် ကျောက်မျက်ရတနာကုန်သည်များအနေဖြင့်လည်း စိတ်ချမ်းမြေ့စွာ ဝယ်ယူအားပေးလျက်ရှိကြောင်း သိရှိရသည်။

**(သတင်းစဉ်)**

ပြည်တွင်းသတင်း

# မြန်မာယူ-၁၉အသင်း ယူ-၂၀ ကမ္ဘာ့ဖလားဝင်ခွင့်ရပြီး မြန်မာ့ဘောလုံးသမိုင်း စာမျက်နှာသစ် ဖွင့်လှစ်နိုင်ခဲ့ပြီ

**ရန်ကုန် အောက်တိုဘာ ၁၇**

မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အာရှယူ-၁၉ပြိုင်ပွဲ ကွာတားဖိုင်နယ်ပွဲစဉ်များကို ယနေ့ညနေပိုင်းက ကျင်းပရာ အိမ်ရှင်မြန်မာအသင်းမှာ ယူအေအီးအသင်းကို တစ်ဂိုး-ဂိုး မရှိဖြင့် အနိုင်ယူပြီး ဆီမီးဖိုင်နယ်သို့ တက်ရောက်ကာ ယူ-၂၀ ကမ္ဘာ့ ဖလားပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရရှိခဲ့ပြီ ဖြစ်သည်။

**မြန်မာ - တစ်ဂိုး(သန်းပိုင်)**
**ယူအေအီး - ဂိုးမရှိ**

ဒေသတွင်းပြိုင်ပွဲများဖြစ်သည့် အာဆီယံအဆင့်နှင့် အာရှအဆင့်ပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရန် ရုန်းကန်နေရသည့် မြန်မာ့ဘောလုံးလောကအတွက် သမိုင်းစာမျက်နှာသစ်ကို မြန်မာယူ-၁၉ အသင်းက ရေးထိုးပေးနိုင်ခဲ့ပြီဖြစ်သည်။ မြန်မာ့ဘောလုံးအသင်းများမှာ မြန်မာ့ဘောလုံး သမိုင်းတစ်လျှောက်အမြင့်ဆုံးပြိုင်ပွဲအဖြစ် ၁၉၇၂ မြူးနစ်အိုလံပစ်ပြိုင်ပွဲကို ယှဉ်ပြိုင်ခဲ့ဖူးပြီး ၄၂ နှစ်ကြာမှ ကမ္ဘာ့အဆင့်ပြိုင်ပွဲတစ်ခုကို ယှဉ်ပြိုင်နိုင်ခဲ့ခြင်းဖြစ်သည်။

မြန်မာယူ-၁၉ အသင်းအနိုင်ရရှိရန်အတွက် မြန်မာဘောလုံးချစ်ပရိသတ်များမှာ နေပူပူထဲတွင် ကွင်းပြည့်ကွင်းလျှံ လာရောက်ကာ တစ်ခဲနက်အားပေးခဲ့ကြသည်။ မြန်မာဘောလုံးပရိသတ်များ၏တစ်ခဲနက်အားပေးမှုမှာ မြန်မာယူ-၁၉ အသင်းအတွက် အဓိကအားတစ်ခုဖြစ်ခဲ့ပြီး တိုက်စစ်မှူးသန်းပိုင်၏ တစ်လုံးတည်းသော အနိုင်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာဘောလုံးပရိသတ်များမှာ ကမ္ဘာ့ဖလားပြိုင်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရပြီးနောက်ပိုင်းတွင် အပျော်လွန်ပြီး ကွင်းအတွင်းဆင်းကာ အောင်ပွဲခံခဲ့ကြသည်။ ယခု အာရှယူ-၁၉ ပြိုင်ပွဲတွင် ဒုတိယ အအောင်မြင်ဆုံး အသင်းအဖြစ် ရပ်တည်နေသည့် မြန်မာယူ-၁၉အသင်းမှာ ယခုအကြိမ်တွင် တစ်ကျော့ပြန်ခြေစွမ်းပြကာ ဆီမီးအဆင့်ထိရောက်ရှိပြီး မြန်မာ့ဘောလုံးလောကတွင် မြူးနစ်အိုလံပစ်ပြိုင်ပွဲပြီးနောက် အဆင့်မြင့်ဆုံးပြိုင်ပွဲတစ်ခုဖြစ်သည့် ယူ-၂၀ကမ္ဘာ့ ဖလားပြိုင်ပွဲကို ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

သတင်း-ညီမြတ်သော်တာ
ဓာတ်ပုံ-ဖိုးသော်ဇင်

မြန်မာအသင်းမှာ ညာနောက်ခံလူ နန်းဝေမင်း ဒဏ်ရာရရှိနေသောကြောင့် ကစားပုံပြောင်းခဲ့ပြီး ကွင်းလယ်လူ ရန်နိုင်ဦးကိုထည့်ကာ ကစားကွက်ပြောင်းလဲ ကစားခဲ့သည်။ မြန်မာအသင်းမှာ ဂိုးမပေးရရေးအတွက် ခံစစ်ကိုအားပြုကစားခဲ့ရာ ပထမပိုင်းတွင် အခွင့်အရေးအနည်းငယ်သာ ရရှိခဲ့သည်။ ယူအေအီးအသင်းမှာ လျင်မြန်မှုကိုအားပြုပြီး မြန်မာအသင်းဘက်သို့ တိုက်စစ်ဆင်ခဲ့ပြီး မြန်မာခံစစ်ကစားသမားများ အမှားအယွင်းမရှိ ဟန့်တားနိုင်ခဲ့၍ ယူအေအီးတိုက်စစ်ထင်တိုင်း မပေါက်ခဲ့ပေ။

ဒုတိယပိုင်းတွင် မြန်မာယူ-၁၉ အသင်းမှာ ပရိသတ်၏ အားပေးမှုနှင့်အတူ ဂိုးရရှိရေးကြိုးပမ်းလာခဲ့သည်။ ၅၁ မိနစ်တွင် မြန်မာတစ်မျိုးသားလုံးမျှော်လင့်နေသည့် ယူ-၂၀ ကမ္ဘာ့ဖလားဝင်ခွင့်အတွက် အရေးပါသည့်တစ်လုံးတည်းသော အနိုင်ဂိုးကို ငြိမ်းချမ်းအောင်၏ ဘယ်ခြမ်းမှ ဖန်တီးပေးမှုတစ်ဆင့် သန်းပိုင်က ပိတ်သွင်းယူခဲ့ခြင်းဖြစ်သည်။ သုဝဏ္ဏကွင်းထဲရှိ သုံးသောင်းကျော်သော မြန်မာ ဘောလုံးပရိသတ်များ၏ ဂိုးဟူသောအော်သံမှာ သုဝဏ္ဏကွင်းကြီး ပွင့်ထွက်သွားသည့်အလား ဟိန်းထွက်သွားခဲ့သည်။ ယင်းနောက်ပိုင်းတွင် ယူအေအီးအသင်း ချေပဂိုးရရှိရန် ကြိုးပမ်းခဲ့သော်လည်း မြန်မာအသင်းခံစစ်ပိုင်းက အုတ်တံတိုင်းအလား ကြံ့ကြံ့ခံဖျက်ထုတ်နိုင်ခဲ့သည်။ ပုံမှန်လက်စွမ်းရနေသည့် ဂိုးသမား မျိုးမင်းလတ်ကလည်း သေချာပေါက်ဂိုးအချို့ကို ကာကွယ်နိုင်ခဲ့သည်။ ကွင်းလုံးပြည့်ပရိသတ်၏ အားပေးမှုအောက်တွင် ဧည့်သည်ယူအေအီးအသင်း ချေပဂိုးရရှိအောင် မစွမ်းဆောင်နိုင်ခဲ့ပေ။

သန်း ၅၀ ကျော်သော မြန်မာပြည်သူများမျှော်လင့်နေသည့် ကမ္ဘာ့ဖလားဝင်ခွင့်ကို မြန်မာယူ-၁၉ အသင်းက ရယူပေးနိုင်ခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်၏ ငွေကြေးအကုန်အကျခံကာ ပြုစုပျိုးထောင်ခဲ့မှု၏ အသီးအပွင့်ကို ခံစားနေရပြီဖြစ်သည်။ မြန်မာအသင်းယှဉ်ပြိုင်ခွင့်ရရှိခဲ့သည့် ယူ-၂၀ ကမ္ဘာ့ဖလားပြိုင်ပွဲကို ၂၀၁၅ ခုနှစ် မေ ၃၀ ရက်မှ ဇွန် ၂၀ ရက်အထိ နယူးဇီလန်၌ ကျင်းပသွားမည်ဖြစ်ပြီး အသင်းပေါင်း ၂၄ သင်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

သုဝဏ္ဏကွင်း၌ ကျင်းပသောကွာတားဖိုင်နယ် ဒုတိယပွဲတွင် ဥဇဘက်ကစ္စတန်အသင်းက ထိုင်းအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဝဏ္ဏသိဒ္ဓိကွင်း၌ ကျင်းပသော ကွာတားပွဲစဉ်များတွင် မြောက်ကိုရီးယားနှင့် ဂျပန်တို့သာမန်ပွဲကစားချိန်တစ်ဂိုးစီသရေကျနေ၍ ပယ်နီတီဖြင့်ဆုံးဖြတ်ရာ မြောက်ကိုရီးယားအသင်းက ငါးဂိုး-လေးဂိုးဖြင့် အနိုင်ရရှိခဲ့သည်။ အခြားပွဲတွင် ကာတာအသင်းက တရုတ်အသင်းကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဆီမီးပွဲစဉ်များကို အောက်တိုဘာ ၂၀ ရက်တွင် ကျင်းပမည်ဖြစ်ပြီး မြန်မာနှင့် ကာတာ၊ မြောက်ကိုရီးယားနှင့် ဥဇဘက်ကစ္စတန်တို့ ကစားရမည်ဖြစ်သည်။



အာရှယူ-၁၉ ပြိုင်ပွဲ၌ မြန်မာအသင်းနှင့် ယူအေအီးအသင်းတို့ အကြိတ်အနယ်ယှဉ်ပြိုင်ကြစဉ်။

လက်ကိုဆပ်ပြာဖြင့် စနစ်တကျစင်ကြယ်အောင် ဆေးကြောခြင်းဖြင့် ကူးစက်မြန်အီဘိုလာရောဂါအပါအဝင် ကူးစက်ရောဂါများအား ကာကွယ်ကြပါစို့။

ကျန်းမာရေးဝန်ကြီးဌာန

❑ *ကျောဖုံးမှ*

ကြိုးစားအားထုတ်မှုနဲ့ ပရိသတ်အားလုံးရဲ့ အားပေးပံ့ပိုးမှု၊ နိုင်ငံချစ်စိတ် မျိုးချစ်စိတ်အပြည့်နဲ့ အားပေးမှုရဲ့ နောက်ဆုံးအဖြေက ကျွန်တော်တို့ ရောက်သင့်တဲ့နေရာကို ရောက်သွားခဲ့တယ်။ အဲဒီအတွက် ကျွန်တော်အလွန်ကျေးဇူးတင်တယ်။ ပျော်လည်းပျော်တယ်။ ဒီအပျော်မျိုးကို ရဖို့အတွက်လည်း ကျွန်တော်တို့ကျားကုတ်ကျားခဲ ကြိုးစားခဲ့ကြတယ်။ နောက်ဆုံးမှာ ကျွန်တော်တို့ရခဲ့တယ်။ နောက်ဆုံးအပျော်ဆုံးကတော့ ပြည်သူတွေပျော်တာကြည့်ပြီး ကိုယ်တိုင်လည်း ပျော်နေတယ်။ ဒီအပျော်မျိုး နောက်မလွယ်ပါဘူး။ကျွန်တော်တို့ကြိုးစားဖို့ အများကြီး လိုပါသေးတယ်။ ဒီအောင်မြင်မှုထက် ထပ်ပြီးအောင်မြင်အောင် အများကြီးတည်ဆောက်ရဦးမယ်။

မြန်မာပြည်သူတွေအားလုံးညီညီညွတ်ညွတ်နဲ့ကြိုးစားကြရင် တစ်ချိန်မှာ ကျွန်တော်တို့နိုင်ငံကြီးဟာ ပန်းတိုင် တစ်ခုတော့ရောက်မှာပါ။ ယူ-၂၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲအတွက် Plan ကောင်းကောင်း ချပါမယ်။ သူနဲ့ တန်းတူကစားဖို့လည်း ကျွန်တော်တို့ပြင်ဆင်ပါ့မယ်။

**ဦးအေးမောင်ကြီး (ရွှေခေတ်ဂန္ထဝင် ဘောလုံးသမားကြီး)**

ကမ္ဘာ့ဖလားဆိုတာရောက်ချင်တိုင်းရောက်လို့ မရဘူးလေ။ ကလေးတွေရဲ့ ကြိုးစားမှုလုပ်အားနဲ့ရတာလေ။ အများကြီးဝမ်းသာတယ်။ ဒီအခွင့်အရေးကို ကလေးတွေရအောင် အသုံးချနိုင်ခဲ့တယ်။ တို့တွေခေတ်တုန်းက ဒီလိုမျိုးလူငယ် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဆိုတာ မရှိဘူးလေ။ အာရှလူငယ်ပြိုင်ပွဲလောက်ပဲရှိတယ်။ များသောအားဖြင့် အရှေ့တောင်အာရှအသင်းတွေနဲ့ အများဆုံးကစားခဲ့ရတာ။ အခုပြိုင်ပွဲမှာ ကလေးတွေ အာရှ အဆင့်ကြီးကို တက်ကစားနိုင်တယ်။ ကလေးတွေရဲ့ ဒီနေ့လုပ်အားက အလွန်ဂုဏ်ယူစရာကောင်းတယ်။ အလွန်လည်း ဝမ်းသာပါတယ်။

ဒီနေ့ဆို ဘောလုံးပညာသမ္ဘာအရ သူကသာတယ်ဆိုပေမယ့် ပရိသတ်အားပေးမှုနဲ့ စိတ်ဓာတ်နဲ့ကစားသွားတာ။

**ကြည်သာ(ပွဲကြိုက်ခင်)**

ကျွန်တော်တို့ဘယ်လိုမှ အင်အားမမျှတဲ့အသင်းကို အနိုင်ကစားသွားတာ တကယ့်အံ့အားသင့်စရာပါ။ ပရိသတ်လည်း သိပါတယ်။ ဘောလုံးပညာ၊ အရပ်အမောင်း၊ စိတ်ဓာတ်တည်ငြိမ်မှုက ကျွန်တော်တို့နဲ့ အလှမ်းကွာပါတယ်။ ကမ္ဘာ့အဆင့်မှာလည်း အလှမ်းကွာပါတယ်။ အဲ့ဒီလိုအသင်းမျိုးကို ကျွန်တော်တို့ ကစားပြသွားတာ ကလေးတွေကို အင်မတန် ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ နှစ်ပေါင်းများစွာ စောင့်ခဲ့ရတာပါ။ ကျွန်တော်ထင်ပါတယ်။ နှစ်လေးဆယ်လောက် ကွာသွားပါပြီ။ ကလေးတွေက အခု ၁၉ နှစ်ဆိုတော့ အများကြီးသွားရမှာပါ။ ဟိုတစ်ခေါက် မာဒေးကားပြိုင်ပွဲက မြန်မာအသင်းကတော့ အသင်းလိုက်ပျက်သွားတယ်။ ဒီကလေးတွေကို ဒီလိုမဖြစ်စေချင်ဘူး။

ဒီကလေးတွေကိုသေသေချာချာမွေးနိုင်ရင်တော့ နောင်လေး၊ ငါးနှစ်ဆိုအားကိုးလို့ရပြီ။ အလွန်ပျော်ပါတယ်။

**ဦးစိုးမိုးကျော် (မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ညွှန်မှူး(စီမံ)နှင့် မီဒီယာတာဝန်ခံ)**

အလွန်ပျော်ပါတယ်။ ပရိသတ်ရဲ့ တစ်ခဲနက်အားပေးမှုကြောင့် ကျွန်တော်တို့ ကလေးတွေအားတက်ပြီး အခုလိုအနိုင်ရတာပါ။ ဒါကြောင့်ဖော်မပြနိုင်အောင် ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ဒီအဆင့်ရောက်ဖို့အစွမ်းကုန်ကြိုးစားခဲ့ကြပါတယ်။ ဒီပွဲအတွက် အများကြီးပြင်ဆင်ခဲ့ပါတယ်။ ဒီအကျိုးကျေးဇူး ကလေးတွေခံစားရတာပါ။ ဒါပေမယ့် ဒီအကျိုးကျေးဇူးကလည်း ပရိသတ်မပါရင် တွန်းအားမဖြစ်ပါဘူး။ ဒါကြောင့်ပရိသတ်တွေကိုအများကြီးကျေးဇူးတင်ပါတယ်။ ပရိသတ်အားပေးမှုမှာ စည်းကမ်းနည်းနည်းလျော့သွားတာနဲ့ ပွဲပျက်သွားမှာပါ။ ပရိသတ်တွေတကယ်ချစ်ဖို့ကောင်းပါတယ်။ ကွင်းထဲကပြန်ထွက်ပေးပါဟုဆိုလည်း နာရီဝက်အတွင်း ထွက်ပေးကြပါတယ်။ ကျေးဇူးတင်ပါတယ်။ တာဝန်ရှိသူများကိုလည်း ကျေးဇူးအထူးတင်ပါတယ်။

**ကိုမြတ်မင်း(ဘောလုံးပရိသတ်)**

မြန်မာကဒီလိုပဲကစားရမှာပါပဲ။ ယူအေအီးက အသင်းကောင်း တစ်သင်းပါ။ ဒါကြောင့်မြန်မာဒီလို ကစားမှအနိုင်ရမှာပါ။ မြန်မာနိုင်ပြီဆိုတော့ ကျွန်တော်အလွန်ပျော်ပါတယ်။

**ကိုဇော်လင်းအောင် (သဃ်န်းကျွန်း)**

ကျေနပ်ပါတယ်။ ပွဲပြီးဖို့ ၁၀ မိနစ်အလိုမှာတော့စိုးရိမ်တယ်ဗျ။ မြန်မာက လူကောင်အရရော၊ သက်လုံအရပါ အားနည်းတယ်။ ဒီလိုပဲ Counterကစားရမှာပဲ။

**ဒေါ်ခင်စောမူ (မင်္ဂလာတောင်ညွန့်မြို့နယ်)**

မြန်မာလူငယ်အသင်းကို အလွန်အားပေးချင်လို့ ကွင်းထဲအထိလာအားပေးရတာပါ။ အမြဲတမ်းအားပေးပါတယ်။ ဒီနေ့ မြန်မာလူငယ်တွေ အနိုင်ရလိုက်တော့ ပြောမပြနိုင်အောင် ဝမ်းသာပါတယ်။ ဒါကို မျှော်လင့်နေတာပါ။ ပွဲစ ပွဲဆုံး လက်မှတ်ကို ငွေကျပ်ငါးသောင်းနဲ့ လာဝယ်ကြည့်ပြီး မြန်မာလူငယ်အသင်းကို အားပေးတာပါ။

**မစောသူဇာလှိုင် (မင်္ဂလာတောင်ညွန့်မြို့နယ်)**

ပျော်လည်းပျော်တယ်။ ဝမ်းလည်းသာတယ်။ ပွဲပြီးခါနီးလေရင်တွေအလွန်ခုန်ပြီး ဆုတောင်းနေရတယ်။ ကလေးတွေအလွန်တော်ပါတယ်။ ပွဲပြီးတဲ့အထိဖွဲ့ မလျှော့ဘဲ ကစားသွားလို့ ချီးကျူးဂုဏ်ပြုပါတယ်။

**ကိုလွင်ကို(မင်္ဂလာဒုံမြို့နယ်)**

မြန်မာလူငယ် အသင်းကတော့ ယခုနှစ်ပိုင်းအတွင်းမှာ ပရိသတ်ရဲ့အားပေးမှုကို အထူးရတဲ့အသင်းတစ်သင်းပါ။ ဒီနေ့ပွဲကတော့ အထူးသဖြင့် ကမ္ဘာ့ဖလားပေါ့။ ကျွန်တော်တို့ အိပ်မက်တောင် မက်ခွင့်မရခဲ့တဲ့ ကမ္ဘာ့ဖလားကို ယခုလို ဝင်ရောက်ခွင့်ရတဲ့အတွက် အလွန်ဂုဏ်ယူတယ်။ ပြောမပြတတ်အောင် ပီတိလည်းဖြစ်ရတယ်။ အသံဝင်တဲ့အထိ အားပေးခဲ့ပါတယ်။

**ကိုနိုင်လင်းစိုး(မင်္ဂလာဒုံမြို့နယ်)**

လူငယ်လေးတွေ ကြိုးစားမှုကောင်းပါတယ်။ ဒီအောင်မြင်မှုကို ဆက်ထိန်းထားဖို့ လိုပါတယ်။ အောင်မြင်မှုအပေါ် အလွန်သာယာသွားပြီး ပျက်စီးသွားမှာစိုးရိမ်တယ်လို့ ပြောချင်ပါတယ်။

**မအေးအေးမျိုးနှင့်သူငယ်ချင်းများ ဒဂုံမြို့သစ်(အရှေ့ပိုင်းမြို့နယ်)**

ဒီနေ့တစ်ပွဲပဲ လာအားပေးတာ။ ကမ္ဘာ့ဖလားတက်ရတော့အလွန်ပျော်ပါတယ်။ ဆက်ပြီး ကြိုးစားပေးပါ။ ဒီထက် အောင်မြင်အောင် ဆက်ကြိုးစားပေးပါ။

နောက်ဆုံး အချိန်ပိုငါးမိနစ်မှာ ဟိုဘက်ကဂိုးသွားရင်တော့ ဒုက္ခပဲလို့ စိတ်ထဲမှာ ခံစားရတယ်။ ငါးမိနစ်ထဲလည်း ဖြစ်တတ်တယ်လေ။ နိုင်သွားတော့ အလွန်ပျော်တာပေါ့။ မြန်မာလူငယ်တွေ ဒီထက်ပိုကြိုးစားပါလို့ပြောချင်ပါတယ်။



မြန်မာ ယူ-၁၉ အသင်းမှ သန်းပိုင် ဂိုးသွင်းအပြီးအောင်ပွဲခံနေစဉ်။ (ဓာတ်ပုံ-စိုးညွန့်)

# အိန္ဒိယမှချည်မျှင်နှင့် အထည်အလိပ်လုပ်ငန်းများပြသ



**ရန်ကုန် အောက်တိုဘာ ၁၇**

မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်လာနေသည့် အထည်ချုပ်လုပ်ငန်းရှင်များသည် လက်ခစား CMP စနစ်မှ ကိုယ်တိုင် အထည်အလိပ်များကို မှာယူတင်သွင်းပြီး ကုန်ချော(ချုပ်ပြီးအထည်)များကို နိုင်ငံတကာသို့ တင်ပို့ရောင်းချနိုင်ရန် ကြိုးပမ်းလျက်ရှိသည်။ ခေတ်မီအထည်အလိပ်များနှင့် နည်းပညာများကို မှာယူတင်သွင်းပြီး ထုတ်ကုန်များကို နိုင်ငံတကာဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ရန် ကြိုးစားအားထုတ်လျက်ရှိသည်ကို တွေ့မြင်ရသည်။

အောက်တိုဘာ ၁၅ ရက်မှ ၁၆ ရက်အထိ ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ Park Royal ၌ ကျင်းပသည့် အိန္ဒိယနိုင်ငံ၏ INTEXPO Myanmar 2014 ပြပွဲသည် မြန်မာနှင့် အိန္ဒိယနှစ်နိုင်ငံရှိ ချည်မျှင်နှင့်အထည်အလိပ်လုပ်ငန်းများ ပိုမိုတိုးတက်စေရန်နှင့် အခက်အခဲများကို ပူးပေါင်းဆွေးနွေးညှိနှိုင်းနိုင်ရန် ပြပွဲကိုပြသခြင်းဖြစ်ကြောင်း သိရသည်။

ကုန်စည်ပြပွဲသို့ တက်ရောက်ဖွင့်လှစ်ပေးသည့် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr. Gautam Mukhopadhaya က ပြောကြားရာတွင် မြန်မာနိုင်ငံသည် လွန်ခဲ့သော ငါးနှစ်ခန့်က အိန္ဒိယနိုင်ငံမှ ချည်မျှင်နှင့်အထည်အလိပ်များကို အမေရိကန်ဒေါ်လာ နှစ်သန်းဖိုးခန့် မှာယူတင်သွင်းခဲ့ကြောင်း၊ ယခုနှစ်တွင် ဒေါ်လာ သုံးသန်းခန့် မှာယူတင်သွင်းမည်ဟု ခန့်မှန်းကြောင်း၊ မြန်မာနှင့်အိန္ဒိယနှစ်နိုင်ငံတို့သည် နယ်စပ်ကုန်သွယ်ရေးတွင် လမ်းပန်းဆက်သွယ်ရေးအခက်အခဲများကြောင့် ကုန်သွယ်မှုလုပ်ငန်းတွင် တိုးတက်အောင် မပြုလုပ်နိုင်ခဲ့သော်လည်း ယခုအခါ နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းများကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်လျက်ရှိကြောင်း၊ ၂၀၁၄ ခုနှစ် စက်တင်ဘာနှင့် အောက်တိုဘာနှစ်လအတွင်း ရန်ကုန်နှင့် မန္တလေးမြို့များတွင် အိန္ဒိယကုန်စည်ပြပွဲများကို သုံးကြိမ်ပြုလုပ်နိုင်ခဲ့ပြီး အိန္ဒိယ မြန်မာနှစ်နိုင်ငံသို့ တိုက်ရိုက်ပင်လယ်ရေကြောင်းသွား သင်္ဘောများစတင်ဝင်ရောက်လာပြီဖြစ်သဖြင့် နှစ်နိုင်ငံကုန်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **အောင်သူရ**

# တရုတ်နိုင်ငံသို့ တရားမဝင်အမျိုးသမီးများ ပို့ဆောင်သူဖမ်းဆီးရမိ

**ဖြူး အောက်တိုဘာ ၁၇**

တရားမဝင် လူကုန်ကူးမှုတိုက်ဖျက်ရေးကို မြန်မာနိုင်ငံရဲတပ်ဖွဲ့အနေဖြင့် ပြည်သူများနှင့် ပူးပေါင်း၍ အရေးယူဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၁၄ ရက် ည ၁၁ နာရီခွဲက ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ်တွင် တရုတ်ပြည်သို့ တရားမဝင်ပို့ဆောင်သူအချို့ ရောက်ရှိနေကြောင်း သတင်းအရ ဖြူးမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ဒုရဲအုပ်ကျော်ဇင်ထိုက်နှင့်အဖွဲ့သည် ဖြူးအမြန်လမ်းရဲစခန်း ဇဟားချောင်းရဲကင်းမှူး အရာခံဗိုလ်ရန်နိုင်ထွန်းတို့ပါဝင်သော ပူးပေါင်းအဖွဲ့က ခင်တန်းကြီးကျေးရွာအုပ်စု ပိန္နဲခုံကရင်ကုန်းကျေးရွာနေ ဒေါ်ကြည်ပြုံး(၅၂နှစ်) နေအိမ်ကိုဝင်ရောက်ရှာဖွေစစ်ဆေးခဲ့ရာ ဒေါ်ကြည်ပြုံး၏ နေအိမ်၌ ကိုကျော်အောင် (၃၉နှစ်) ကျော်လှအုပ်စု ရင်းတိုက်စိန်ကျေးရွာ ဖြူးမြို့နယ်နေသူနှင့်ဒေါ်ဝိုင်းမြင့် (၄၇နှစ်) စပ်သောင်(၁)ရပ်ကွက် ကညွတ်ကွင်းမြို့နေသူတို့ကို တွေ့ကြောင်း၊ လွန်ခဲ့သောတစ်နှစ်ခွဲခန့်က ကိုကျော်အောင်၏ သမီးဖြစ်သူ မအေး(၁၆နှစ်)၊ ဒေါ်ဝိုင်းမြင့်၏သမီး ဖြစ်သူ မလှလှမွန် (၂၈နှစ်) တို့ကို ဒေါ်ကြည်ပြုံးက တရုတ်နိုင်ငံသို့ တရားမဝင်ပို့ဆောင်ထားကြောင်း၊ ပို့ဆောင်ထားသောသမီးများကို သွားရောက်တွေ့ဆုံရန် ဒေါ်ကြည်ပြုံးကခေါ်၍ ရောက်ရှိနေခြင်းဖြစ်ကြောင်း သိရသည်။ ထို့အတူ တရုတ်နိုင်ငံသို့ ပို့ဆောင်ရန်ခေါ်ထားသော မခင်မာဦး (၂၅နှစ်) ညောင်ပင်သာစိမ့်ကြီးရွာ ဖြူးမြို့နယ်နေသူနှင့် တစ်ရွာတည်းနေ မခင်သူဇာဝင်း (၁၆ နှစ်) တို့နှစ်ဦးကို တွေ့ရှိရ၍စစ်ဆေးခဲ့ရာ ဒေါ်ကြည်ပြုံးက တရုတ်နိုင်ငံတွင် တစ်နှစ်လျှင် ငွေကျပ်ခုနစ်သိန်းဖြင့် အလုပ်အကိုင်ရရှိမည်ဟုပြောပြီး ပို့ဆောင်ရန်ခေါ်ယူထားခြင်းဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ချက်များအရ တရားဝင်ခွင့်ပြုချက်မရှိဘဲ ပြည်ပတွင် အလုပ်အကိုင်ရရှိရေးအတွက် ပို့ဆောင်ပေးသူ ဒေါ်ကြည်ပြုံးကို ဖြူးမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။ **ကိုလွင်(ဆွာ)**

## အပူလွန်ကဲရာမှ မီးလောင်မှုဖြစ်

**ရန်ကုန် အောက်တိုဘာ ၁၇**

မရမ်းကုန်းမြို့နယ် (၁)ရပ်ကွက် သီရိမွန်ပလာဇာဝင်းအတွင်း အောက်တိုဘာ ၁၄ ရက်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ အဆိုပါဝင်းအတွင်းစံပယ်လမ်းရှိ သုံးထပ်တိုက်အဆောက်အအုံပေါ်တွင် ဆက်သွယ်ရေးကုမ္ပဏီမှ တပ်ဆင်ထားသော GSM တာဝါတိုင်စက်ခန်းရှိ လေအေးပေးစက်နှစ်လုံးမှာ အပူလွန်ကဲပြီး နံနက် ၄နာရီခွဲတွင် မီးလောင်ကျွမ်းခဲ့ခြင်းဖြစ်သည်။ မီးလောင်ရာသို့ မီးသတ်ယာဉ်များ ရောက်ရှိငြိမ်းသတ်ခဲ့သဖြင့် နံနက် ၄ နာရီ ၅၆ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ ယင်းမီးလောင်မှုနှင့်ပတ်သက်ပြီး စက်ခန်းထိန်းသိမ်းရေးတာဝန်ခံ ကိုကျော်ဇင်လတ် (၂၆ နှစ်)ကို ဘုရင့်နောင်နယ်မြေရဲစခန်းက အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်လှမောင်**

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

## မှုခင်းသတင်း

### ဒလမြို့နယ်တွင် နေအိမ်မီးရှို့သူကို အရေးယူ

**ဒလ အောက်တိုဘာ ၁၇**

ဒလမြို့နယ်တွင် အောက်တိုဘာ ၁၅ ရက် ညနေပိုင်းက နေအိမ်အား မီးရှို့သူကို အရေးယူလိုက်ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဒလမြို့နယ် မှော်စက်ရပ်ကွက်နေ ဖြိုးမောင်မောင် (၂၀ နှစ်) သည် အောက်တိုဘာ ၁၅ ရက် ညနေ ၃ နာရီခွဲခန့်က ဇနီးဖြစ်သူနှင့် စကားများရန်ဖြစ်ပြီး ၎င်းတို့နေထိုင်သော တဲအိမ်ကိုမီးရှို့ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ပတ်ဝန်းကျင်က ဝိုင်းဝန်းငြှိမ်းသတ်နိုင်ခဲ့၍ ညနေ ၃ နာရီ ၄၆ မိနစ်တွင် မီးငြိမ်းသွားခဲ့သည်။ နေအိမ်အားမီးရှို့ခဲ့သူ ဖြိုးမောင်မောင်ကို ဒလမြို့မရဲစခန်းက အမှုဖွင့် အရေးယူလျက်ရှိကြောင်း သိရသည်။

**တင်လှမောင်**

### အချုပ်ခန်းအတွင်း မိမိကိုယ်ကိုသေကြောင်းကြံသူအား အမှုဖွင့်

**ထီးချိုင့် အောက်တိုဘာ ၁၇**

ကသာခရိုင် ထီးချိုင့်မြို့နယ် မြို့မရဲစခန်းအချုပ်စခန်းတွင် အမှုဖြင့် ချုပ်နှောင်ထားသည့်သူတစ်ဦး မိမိအသက်ကို သေကြောင်းကြံစည်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောင်ချမ်းသာရပ် ညောင်ပင်သာကျေးရွာ ထီးချိုင့်မြို့နယ်နေသူအား တရားစွဲတင်ရန် စီစဉ်ဆောင်ရွက်နေစဉ် ၎င်း ကျူးလွန်ခဲ့သောပြစ်မှုအတွက် အချုပ်ခန်းအတွင်း သေကြောင်းကြံစည်ခဲ့သဖြင့် လည်းပင်နှင့် တန်းရိုက်မိသည့်ဒဏ်ရာ (မစိုးရိမ်ရ)ရရှိခဲ့ပြီး ပြည်သူ့ဆေးရုံ၌ ဆေးစာပေးပို့ဆေးကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

အချုပ်ခန်းအတွင်း မိမိကိုယ်ကိုသေကြောင်းကြံစည်သူ စိုးမင်းကို ထီးချိုင့်မြို့မရဲစခန်းက အရေးယူအမှုဖွင့်ခဲ့ပြီး အမှုကို ဒုရဲအုပ်ထွန်းထွန်းလင်းက စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ဦးရဲ(ကသာ)**

### မိခင်ကိုကြိုးဖြင့်တုပ်၍ ရွှေထည်ပစ္စည်းများယူသွားသည့် သမီးနှစ်ဦးအား အရေးယူရန် တိုင်တန်း

**ရန်ကုန် အောက်တိုဘာ ၁၇**

လှိုင်သာယာမြို့နယ်အတွင်း အောက်တိုဘာ ၁၄ ရက် နံနက်ပိုင်းက မိခင်ဖြစ်သူကို သမီးရင်းဖြစ်သူနှစ်ဦးက အဝတ်၊ ကြိုးများဖြင့် တုပ်နှောင်၍ ရွှေထည်ပစ္စည်းနှင့်ငွေများယူဆောင်သွားသည့်ဖြစ်စဉ်အပေါ် မိခင်ဖြစ်သူမှ အရေးယူပေးရန် တိုင်တန်းခဲ့သောဖြစ်စဉ်ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ လှိုင်သာယာမြို့နယ်နေ ဒေါ်ခင်စန်း (၆၉နှစ်)က ၎င်းအား တစ်အိမ်တည်းအတူနေ သမီးကြီးဖြစ်သူ မတင်တင်အေး(၃၀နှစ်) နှင့်သမီးငယ် မအေးအေးသန်း (၂၈နှစ်) တို့က အောက်တိုဘာ ၁၄ ရက် နံနက် ၁၀ နာရီက နေအိမ်၌ဆေးလူးပေးနေစဉ် သမီးကြီးမတင်တင်အေးက အင်္ကျီတစ်ထည်ဖြင့်၎င်း၏မျက်နှာကိုအုပ်၍ ချည်နှောင်ခဲ့ပြီး သမီးငယ် မအေးအေးသန်းကလည်း လက်နှစ်ဖက်ကိုနှစ်ပင်လိမ် လျှပ်စစ်ဝိုင်ယာကြိုးဖြင့် ကုလားထိုင်နှင့်တွဲ၍ ချည်နှောင်ခဲ့သည့်အပြင် ခြေထောက်နှစ်ချောင်းကိုလည်း ပူး၍ချည်နှောင်ခဲ့သည်။ ထို့နောက်မိခင်လည်ပင်းတွင် ဆွဲထားသော ရွှေဆွဲကြိုးတစ်ကုံး တန်ဖိုးငွေကျပ် ၁၃၈၀၀၀၊ အတွင်းခံအင်္ကျီအိတ်အတွင်းမှ ရွှေဆွဲသီးတစ်ခု တန်ဖိုးငွေကျပ် ၂၆၉၀၀၀၊ ရွှေလက်ကောက်နှစ်ကွင်း တန်ဖိုးငွေကျပ် ၆၉၆၀၀၀ နှင့်အိပ်ရာအောက်တွင် ထားရှိသော ငွေကျပ် ၁၉၀၀၀၀ တို့ကို ယူဆောင်သွားခဲ့ကြောင်း၊ ယင်းသို့ကျူးလွန်ခဲ့ကြသည့် သမီးနှစ်ဦးကို အရေးယူပေးပါရန် တိုင်တန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **တင်လှမောင်**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ ငါးထပ်ကြီးဘုရားလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၂-ဒီ)၊ မြေကွက်အမှတ်(၄၆၈-အိုင်)၊ ဧရိယာ ၀ ဒသမ၆၀၅၈ဧက အကျယ်အဝန်းရှိသည့် ဂရန်ရှိမြေပိုင်မြေဟုခေါ်တွင်သောမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော အဆောက်အအုံတစ်လုံးအပါအဝင် ယင်းအဆောက်အအုံတွင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးမှာ ဒေါ်တီစွမ်တီ ၁၂/လမတ(နိုင်)၀၂၇၂၁၂ အမည်ပေါက်ပြီး ၎င်းနှင့်၎င်း၏ခင်ပွန်း ဦးတန်ရှန်ချိန်(ခ)ဦးကျင် ၁၂/လမတ(နိုင်)၀၂၇၂၁၁ တို့မှာ အသီးသီးကွယ်လွန်သွားကြပြီးဖြစ်၍ ၎င်းတို့၏အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိသည့် သားသမီးများဖြစ်ကြသော ၁။ ဒေါ်တန်ရှုခင်(ခ)ဒေါ်ခင်ခင်ဝင်း ၁၂/သဃက(နိုင်)၁၃၃၆၇၄၊ ၂။ ဒေါ်တန်ရှုဟွာ (ခ) ဒေါ်ခင်ဝင်း ၁၂/ရကန(နိုင်)၀၄၃၅၅၄၊ ၃။ ဦးသန်းအောင် ၁၂/ဗဟန(နိုင်)၀၈၀၄၄၅၊ ၄။ ဒေါ်ရှုကင်း(ခ)ဒေါ်ရှုခင် ၁၂/လမတ(နိုင်)၀၁၈၈၃၇၊ ၅။ ဒေါ်ရှုရီ၊ ၆။ ဒေါ်ရှုအိန် ၁၂/လမတ(နိုင်)၀၁၉၅၀၇၊ ၇။ ဦးသန်းစိန် ၁၂/လမတ(နိုင်)၀၁၈၈၃၅၊ ၈။ ဒေါ်ခင်နုဝင်း(ခ)ဒေါ်ရှုကြူ ၁၂/လမတ(နိုင်)၀၂၄၈၃၀၊ ၉။ ဒေါ်ရှုလွမ်(ခ)ဒေါ်ခင်စန်းဝင်း ၁၂/လမတ(နိုင်)၀၁၈၈၄၁၊ ၁၀။ ဦးသန်းထွန်း ၁၂/လမတ(နိုင်)၀၁၈၈၃၉၊ ၁၁။ ဒေါ်အေးအေးဝင်း ၁၂/လမတ(နိုင်)၀၂၄၈၂၇ နှင့် ၁၂။ ဒေါ်နီနီဝင်း ၁၂/လမတ(နိုင်)၀၁၈၈၃၈ တို့က ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်ပြီး အပေါင်အနှံအရှုပ်အရှင်းကင်းရှင်း၍ ၎င်းတို့မောင်နှမ ၁၂ဦးသာ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုလာသောကြောင့် ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်း အပြည့်အစုံနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိုဥပဒေနှင့်အညီ ဆက်လက်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်တင်တင်လှိုင် (LL.B)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်ဌေးဌေးဝင်း LL.B,D.I.L,LCCI(UK)** — **အထက်တန်းရှေ့နေ**

**အမှတ် ၃/ခ၊ ကုက္ကိုင်းရေကူးကန်လမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊**

**ဖုန်း-၀၁-၅၄၀၈၁၄၊ ၀၉-၇၃၀၇၁၇၉၂၊ ၀၉-၂၅၀၆၄၉၇၉၉**


## ဂုဏ်ယူဝမ်းမြောက်ခြင်း

**ဧင်ကောက် မိသားစု ၏** Pro 1 Home Centre အား မ-၈/၆၊ သိပ္ပံလမ်း၊ (၆၂)လမ်း နှင့်(၆၃) လမ်းကြား၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့တွင် (၁၈.၁၀.၂၀၁၄) ရက်နေ့၌ အောင်မြင်စွာ ဖွင့်လှစ်နိုင်ခြင်းအတွက် မိသားစုနှင့်ထပ်တူ ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် လုပ်ငန်းများ ဆထက်ထမ်းပိုး အောင်မြင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် –

Max Cement

Max Myanmar Manufacturing Co.,Ltd


## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ အထက(၂)၊ တက္ကသိုလ်ဝင်တန်းမှ မနန်းရဲန်နွန်း၏ဖခင်အမည်မှန်မှာ ဦးစိုင်းဆွတ်ရဲန် ၁၃/ကတန(နိုင်)၁၀၁၄၅၅ ဖြစ်ပါကြောင်း။ **ဦးစိုင်းဆွတ်ရဲန်**

## အမည်ပြောင်း

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပင်လောင်းမြို့နေ ဦးတင်ငွေ၏သမီး မိုင်းဖြတ်မြို့၊ အထက၊ တက္ကသိုလ်ဝင်တန်း(B)မှ မသန္တာမြင့်အား မကေခိုင်မိုးမြင့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မကေခိုင်မိုးမြင့်**


စာအုပ်စာပေ

လူ့မိတ်ဆွေ

# ရွှေပိတောက်ငါးဈေးသစ် ရောင်းအားမြှင့်တင်မည်

ရန်ကုန်အနောက်ပိုင်းခရိုင် လှိုင်မြို့နယ် သီရိမင်္ဂလာဈေးသစ်ကြီးနှင့်ကပ်လျက် တည်ဆောက်ခဲ့သော ရွှေပိတောက် ငါးဈေးသစ်ကြီး အရောင်းအဝယ် ပိုမိုစည်ကားနိုင်ရေးအတွက် အရောင်းမြှင့်တင်ခြင်းဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်း ကျင်းပသွားမည်ဟု သိရသည်။ **(ယာပုံ)**

ရွှေပိတောက်ငါးဈေးသစ်ကြီး အရောင်းမြှင့်တင်ခြင်းဖွင့်ပွဲ ကျင်းပရန်ကိစ္စနှင့်ပတ်သက်၍ ဈေးသာယာရေး ကော်မတီမှ မီဒီယာရှင်းလင်းပွဲကို အောက်တိုဘာ ၁၆ ရက် ညနေက ယင်းဈေးသစ်ကြီး သာယာရေးကော်မတီရုံးခန်း၌ ကျင်းပခဲ့သည်။

ဈေးသာယာရေး ကော်မတီနာယက ဦးသန်းလွင်က "ဈေးကတော့ ၂၀၁၄ ဧပြီ ၂၉ ရက် ညက စတင်ဖွင့်လှစ်ခဲ့ပြီး ဖြစ်ပါတယ်။ ရောင်းအားစုတွေ တက်လာဖို့အတွက် အရောင်းမြှင့်တင်ခြင်း ဖွင့်ပွဲကို အောက်တိုဘာ ၂၃ ရက် နံနက်ပိုင်းမှာ အခမ်းအနားနဲ့ ဖွင့်လှစ်မှာဖြစ်ပြီး အရောင်းအဝယ်ကိုတော့ နောက်တစ်နေ့နံနက်အကူး ၂၄ ရက် နံနက် ၁ နာရီမှာစတင်ရောင်းကြဝယ်ကြမှာပါ"ဟု ရှင်းလင်းပြောကြားခဲ့သည်။

ရွှေပိတောက်ငါးဈေးသစ်ကြီးကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် တောက်ထွန်းကုမ္ပဏီတို့က အကျိုးတူပူးပေါင်းမှုအစီအစဉ်ဖြင့် ၂၀၁၁ ခုနှစ်က စတင် တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

မြေဧက ၈ ဒသမ ၇၅ ဧကပေါ်တွင် ကိုရီးယားစတိုင် ခေတ်မီလှပသော ဈေးရုံကြီးရှစ်ရုံတွင် အကျယ် ၁၈ပေ၊ ၁၁ပေ ကျယ်ဝန်းသော ဆိုင်ခန်းပေါင်း ၄၃၂ ခန်းဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟုဆိုသည်။ ယခုအခါ ဆိုင်ခန်းပေါင်း ၃၀၀ ကျော် ရောင်းချပြီးဖြစ်ကြောင်း ဈေးသာယာရေးကော်မတီဥက္ကဋ္ဌ ဦးစိုးသိန်းက ရှင်းလင်းပြောကြားခဲ့သည်။ "ရောင်းထားပြီး ဆိုင်ခန်းအတော်များများက ဈေးရောင်းဖို့ကတိပေးထားပြီးကြပါတယ်။ ဒါ့အပြင် ဗဟိုစံပြဈေးကြီးက အမှန်တကယ်လာရောက် ရောင်းချချင်တဲ့ ပုံကျဈေးသည်များအတွက် နေရာအစီအစဉ်တွေ ပြုလုပ်ထားပြီးပါပြီ"ဟု ဆိုခဲ့သည်။

ရေချို၊ ရေငန် မွေးမြူရေး ငါးများတစ်နေရာတည်းတွင် အစုံဝယ်နိုင်ကြမည်ဖြစ်ပြီး ဈေးကြီးအတွင်း ငါးတန်ချိန် ၉၀၀ မျှ အဆင်ပြေစွာ ရောင်းချနိုင်ခြင်းရှိမည့်အပြင် ကားများအတွက် အဝင်တစ်လမ်း၊ အထွက်တစ်လမ်းနှင့် ရပ်နားရန် ကျယ်ဝန်းသော ကားရပ်နားကွင်းအဖြစ် ထည့်သွင်းတည်ဆောက်ထားသည်။

ရေလမ်းမှ ကုန်စည်များအတွက် ဆိပ်ခံဗောတံတားနှစ်ခုအပြင် ခေတ်မီအတင်အချ ကိရိယာများပါရှိသည့် ဂျက်တီတစ်ခုကိုပါ အဆင်သင့်အသုံးချနိုင်ပြီဖြစ်ကြောင်း နာယက ဦးသန်းလွင်က ထည့်သွင်းရှင်းလင်းပြောကြားသွားခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ ငါးဈေးများမှ ဈေးသည်များအနေဖြင့် လာရောက်ရောင်းချရန် စိတ်ပါဝင်စားပါက ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ နှစ်ပတ်ခန့် မော်တော်ယာဉ်များဖြင့် ကြိုဆိုမှုကိုလည်း ပြုလုပ်သွားရန် စီစဉ်မှုများရှိကြောင်း ဈေးသာယာရေးကော်မတီ ဥက္ကဋ္ဌဦးစိုးသိန်းက ထည့်သွင်းပြောကြားခဲ့သည်။

ဈေးကြီး လုံခြုံရေးအတွက် မြို့တော်စည်ပင်မှဝန်ထမ်းများ၊ ဈေးသာယာရေးကော်မတီမှ ခန့်ထားသော လုံခြုံရေးဝန်ထမ်းများဖြင့် လှိုင်မြို့နယ် ပြည်သူ့ရဲတပ်ဖွဲ့မှ လုံခြုံရေးအင်အားတို့ဖြင့်ရောင်းသူ၊ ဝယ်သူတို့အား စောင့်ရှောက်သွားမည်ဟုလည်းသိရသည်။

ဈေးကြီးကို နံနက်ခင်းရောင်းဝယ်သူများအတွက် နံနက် တစ်နာရီမှ စတင်ရောင်းချမှုပြုသကဲ့သို့ ညနေဈေးများအတွက် ရောင်းချလိုသူများ အဆင်ပြေစေရန် စီစဉ်ဖွင့်လှစ်သွားမည်ဟု သိရသည်။



တင်ဝင်းလေး(ကြည့်မြင်တိုင်)
ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

# အသိပညာပေးဟောပြောပွဲနှင့် စာပေဆွေးနွေးပွဲကျင်းပ

**တောင်ငူ အောက်တိုဘာ ၁၇**

ကျေးရွာနေ ပြည်သူများ၏ အသိပညာ မြင့်မားလာစေရေး၊ အသက်အရွယ်မရွေး စာပေဖတ်ရှုလေ့လာကြစေရေးနှင့် ယဉ်ကျေးလိမ္မာပြီး စွမ်းဆောင်ရည်မြင့်မားသည့် လူငယ်လူရွယ်များပေါ်ထွန်းလာစေရေးတို့အတွက် အသိပညာပေးဟောပြောဆွေးနွေးခြင်းများ ဆောင်ရွက်လျက်ရှိရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန၊ တောင်ငူခရိုင်ရုံးမှ ခရိုင်ဦးစီးမှူးနှင့် ဒုတိယဦးစီးမှူးတို့သည် အောက်တိုဘာ ၁၅ ရက်က တောင်ငူမြို့ကမ်းနီကျေးရွာတွင် ကျေးရွာပြည်သူများ ဖတ်ရှုနိုင်ရန်အတွက် နံရံကပ်စာပေ ရေချမ်းစင်ကိုပေးအပ်ခဲ့ပြီး ကျေးရွာသူ ကျေးရွာသားများနှင့် စာပေ ဆွေးနွေးပွဲများ ကျင်းပသည်။

"အဘတို့ အသက်အရွယ်နဲ့ စာဖတ်ရမယ်ဆိုတော့ ကြောက်နေတာ။ အခုလို စာစဉ်လေးတွေနဲ့ စာကြောင်း အတန်းတိုတိုလေးတွေ ဖတ်ရတာကောင်းလိုက်တာ။ စာကြီးပေကြီးတွေ မဖတ်ရဲပါဘူး။ ဒီလို စာအုပ်မျိုးဆိုဖတ်နိုင်ပြီး သိသင့်သိထိုက်တာတွေလည်း ခဏနဲ့လည်း သိရှိသွားတာပေါ့"ဟု ကမ်းနီကျေးရွာက တောင်သူဦးသောင်းမြင့်ကလည်းကောင်း၊ "အဘွားက စာဖတ်ချင်တာ၊ ဒါပေမယ့် ဘာဖတ်ရမယ်မသိဘူး။ အခုလိုမျိုးစာအုပ်တွေထားပေးတော့ဝမ်းသာတယ်။ ဘာသာရေးကို အကြိုက်ဆုံးပဲ။ ဘာသာရေးစာအုပ်ပဲအမြဲဖတ်မယ်" ဟု အဘွားဒေါ်ခင်သန်းက ဝမ်းသာပီတိဖြင့် ပြောကြားခဲ့သည်။

ထို့နောက် ဂုဏ်မင်းအိုင်ကျေးရွာရှိ မြတ်ဂုဏ်ရည်စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လည်းကောင်း၊ ကမ်းနီကျေးရွာတွင် မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်း၏ ပံ့ပိုးငွေကျပ် ငါးသိန်းဖြင့် ဆောက်လုပ်ဆဲ ကျေးရွာစာကြည့်တိုက် အမြန်ဆုံး အပြီးသတ်နိုင်ရေးအတွက် လည်းကောင်း၊ ကျေးရွာအုပ်ချုပ်ရေးမှူး ဦးသိန်းစိုး၊ စာကြည့်တိုက်မှူး၊ ရပ်မိရပ်ဖများနှင့် ဆွေးနွေးညှိနှိုင်းကြကြောင်း သိရှိရသည်။

**မောင်ရွှေဝင်း (ပြည်)**

# ကျောင်းဆောင်သစ်တည်ဆောက်ရန် ပန္နက်တင်အခမ်းအနားကျင်းပ

**ရန်ကုန် အောက်တိုဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် ဒိုင်စုကျေးရွာရှိ အမှတ်(၃) အလယ်တန်းကျောင်းဝင်းတွင် အောက်တိုဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲက ကျောင်းသား ၆၀၀ ကျော် ပညာသင်ကြားနိုင်သော အာရ်စီနှစ်ထပ် အယ်လ်ပုံစံကျောင်းဆောင်သစ် တည်ဆောက်ရန် မြေနေရာတွင်ပန္နက်တင်အခမ်းအနားကို ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါအခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဦးတင်လှိုင်က မင်္ဂလာပန္နက်ကို စိုက်ထူပေးခဲ့ပြီး အယ်လ်ပုံစံပေ(၁၉၀×၃၀) အာရ်စီနှစ်ထပ်ကျောင်းဆောင်၌ (၃၀×၂၄)ပေ အပေါ်ထပ်၊ အောက်ထပ် ၁၀ ခန်း ပေ(၂၀×၂၄)ပေ နှစ်ခန်း စုစုပေါင်း ၁၂ ခန်းပါရှိပြီး တစ်ခန်းလျှင် ကျောင်းသား ၅၀ ကျော် လျာထားကြောင်းသိရသည်။

လက်ရှိကျောင်းသားဦးရေ ၂၂၂၀ ပညာသင်ကြားလျက်ရှိပြီး ကျောင်းသားဦးရေတိုးလာသည့်အတွက် ပညာသင်ကြားလျက်ရှိသည့် အရှည်ပေ ၈၀ရှိသော ကျောင်းဆောင်ကိုလည်း သုံးထပ်ဆောင်အဖြစ် မြို့နယ်ပညာရေးမှူးရုံးမှတစ်ဆင့် အမှတ်(၃)အခြေခံပညာဦးစီးဌာနသို့တင်ပြထားကြောင်း အမှတ်(၃)အလယ်တန်းကျောင်း အုပ်ကြီးဦးတင်ဌေးက ပြောကြားသည်။

ဒိုင်စုကျေးရွာအတွက် ပေါ်ထွန်းလာမည့်အထက်တန်းကျောင်းဆောင်ကို ကျေးရွာနေပြည်သူတို့မျှော်လင့်ဝမ်းသာပီတိဖြစ်လျက်ရှိပြီး အောက်တိုဘာ ၁၈ရက်တွင် ကုန်ကျငွေကျပ် သိန်း ၂၂၅၀ လျာထားသော အာရ်စီနှစ်ထပ်ကျောင်းဆောင်ကို စတင်အုတ်မြစ်ချလုပ်ဆောင်မည်ဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(လှိုင်သာယာ)**



Junction Cineplex တွင် 17 . 10 . 2014 မှ စတင်ပြသမည့် ဇာတ်ကားများ

| | | |
|---|---|---|
| Junction Square ( Ph - 01 527055, 09 2544 24544) | | |
| Reclaim | Sun to Thu | 10 AM , 1 PM , 4 PM , 7 PM |
| | Fri & Sat | 10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM |
| နှလုံးသားဖြင့်ပြုလုပ်သည် | Sun to Thu | 10 AM , 1 PM , 4 PM , 7 PM |
| | Fri & Sat | 10 AM , 1 PM , 4 PM , 7 PM , 9 : 30 PM |
| Annabelle (Dell Digital Cinema) | Sun to Thu | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM |
| | Fri & Sat | 10 AM , 12 : 30 PM , 3 : 30 PM , 6 : 30 PM , 9 : 30 PM |
| Junction Nay Pyi Taw ( Ph - 067 421 615) | | |
| Annabelle | Mon to Thu | 11 AM , 2 PM , 6 : 30 PM |
| | Fri to Sun | 10 : 30 AM , 1 : 30 PM , 4 : 30 PM , 7 : 30 PM |

## ဖိတ်ကြားအပ်ပါသည်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ မဇ္ဈိမအလင်း၊ တရားအလှူတော်အသင်းနှင့် မတည်အလှူရှင်များ ပေါင်းစည်းပူဇော်အပ်သောအားဖြင့် ဒုတိယအကြိမ်၊ မိုးကုတ်ဝိပဿနာ(၇)ရက် မီးငြိမ်းအထူးတရားစခန်းပွဲတွင် နိုင်ငံတော်ကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိက၊ ဗဟုဇနဟိတဓရ ပြည်တွင်းပြည်ပ ကမ္ဘာ့သာသနာပြု ဓမ္မရံသီဆရာတော် ဘဒ္ဒန္တသုနန္ဒအရှင်သူမြတ်က သစ္စာတရားတော်များကို ဟောကြားချီးမြှင့်မည်ဖြစ်ပါသောကြောင့် (၁၃၇၆ခုနှစ် တန်ဆောင်မုန်းလဆန်း ၁ရက်မှ ၇ ရက်အထိ)၊ ၂၃-၁၀-၂၀၁၄ မှ ၂၉-၁၀-၂၀၁၄ ရက်ထိ နေ့စဉ် နံနက် ၈နာရီမှ ည ၉ နာရီတိုင် တောင်ငူမြို့ သာသနဟိတကာရီဗိမာန်တော်ကြီးသို့ တရားတော်နာကြွရောက်ပါရန် လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။



နိုင်ငံတကာအားကစားနှင့်ကြော်ငြာ

## ဥရောပပြည်တွင်းလိဂ် ပွဲစဉ်များ

သီဟ

### အင်္ဂလန်ပရီမီယာလိဂ် ပွဲစဉ်(၈) — အောက်တိုဘာ ၁၈

| | | | |
|---|---|---|---|
| မန်စီးတီး | - | စပါး | ညနေ ၆း၁၅ |
| အာဆင်နယ် | - | ဟားလ်စီးတီး | ည ၈း၃၀ |
| ဘန်လေ | - | ဝက်စ်ဟမ်း | ည ၈း၃၀ |
| ပဲလေ့စ် | - | ချယ်လ်ဆီး | ည ၈း၃၀ |
| အဲဗာတန် | - | အက်စ်တွန်ဗီလာ | ည ၈း၃၀ |
| နယူးကာဆယ် | - | လက်စတာ | ည ၈း၃၀ |
| ဆောက်သမ်တန် | - | ဆန်းဒါးလန်း | ည ၈း၃၀ |

### ဂျာမန်ဘွန်ဒက်စ်လီဂါ ပွဲစဉ်(၈) — အောက်တိုဘာ ၁၈

| | | | |
|---|---|---|---|
| ဘိုင်ယန်မြူးနစ် | - | ဝါဒါဘရီမင် | ည ၈း၀၀ |
| မိန့်ဇ် | - | အော့စ်ဘတ် | ည ၈း၀၀ |
| ဟန်နိုဗာ | - | မိုချန်ဂလက်ဘတ် | ည ၈း၀၀ |
| ဖရိုင်းဘတ် | - | ဝုဖ်ဘတ် | ည ၈း၀၀ |
| စတုဂတ် | - | လေဗာကူဆင် | ည ၈း၀၀ |
| ကိုလုံး | - | ဒေါ့မွန် | ည ၈း၀၀ |
| ရှော်လ်ကေး | - | ဟာသာဘာလင် | ည ၁၁း၀၀ |

### အီတလီစီးရီးအေ ပွဲစဉ်(၇) — အောက်တိုဘာ ၁၈/၁၉

| | | | |
|---|---|---|---|
| ရိုးမား | - | ချီယေဗို | ည ၁၀း၃၀ |
| ဆက်ဆူအိုလို | - | ဂျူဗင်တပ်စ် | နံနက် ၁း၁၅ |

### စပိန်လာလီဂါ ပွဲစဉ်(၈) — အောက်တိုဘာ ၁၈/၁၉

| | | | |
|---|---|---|---|
| လီဗန်တေး | - | ရီးရဲမက်ဒရစ် | ည ၈း၃၀ |
| ဘီလ်ဘာအို | - | ဆယ်လ်တာဗီဂို | ည ၁၀း၃၀ |
| ဘာစီလိုနာ | - | အီဘာ | နံနက် ၀၀း၃၀ |
| ကော်ဒိုဘာ | - | မာလာဂါ | နံနက် ၂း၃၀ |

### ပြင်သစ်လီဂူး ပွဲစဉ်(၁၀) — အောက်တိုဘာ ၁၈/၁၉

| | | | |
|---|---|---|---|
| လော်ရီယန့် | - | စိန့်အက်တီယန် | ည ၉း၃၀ |
| လိုင်လီ | - | ဂူအင်ဂမ့် | နံနက် ၀၀း၃၀ |
| မတ်ဇ် | - | ရန်းနက်စ် | နံနက် ၀၀း၃၀ |
| မိုနာကို | - | အီဗီယန် | နံနက် ၀၀း၃၀ |
| နန့်တက်စ် | - | ရိမ်းစ် | နံနက် ၀၀း၃၀ |
| နိုက်စ် | - | ဘတ်စ်တီယာ | နံနက် ၀၀း၃၀ |

# စောင့်ကြည့်ရမယ့် မန်ယူအသင်းရဲ့ အနာဂတ်

မိုးမြင့်လင်းလက်

မန်ယူအသင်းရဲ့ မတည်မငြိမ်ဖြစ်မှုတွေကြောင့် ရလဒ်ကောင်းမွန်အောင်ကြိုးစားနေရတဲ့ နည်းပြဗန်ဟားလ်နဲ့အဖွဲ့သားတွေအတွက်ရော မန်ယူပရိသတ်တွေအတွက်ပါ ရိုက်ခတ်လာတဲ့သတင်းကတော့ မန်ယူအသင်းကို ရောင်းချတော့မယ်လို့ ထွက်ပေါ်နေတာပဲဖြစ်ပါတယ်။

ဂလေဇာမိသားစုဟာ မန်ယူအသင်းကို ၂၀၀၅ ခုနှစ်က ပေါင်သန်း ၈၀၀ ခန့်နဲ့ ဝယ်ယူခဲ့တာဖြစ်ပြီး ဆယ်စုနှစ်တစ်ခုမပြတ်သန်းခင်မှာ ပြန်လည်ရောင်းချတော့မယ်ဆိုတဲ့သတင်းတွေထွက်ပေါ်လာတာပဲဖြစ်ပါတယ်။ ဒါကလည်း ဂလေဇာမိသားစုညီအစ်ကိုတွေရဲ့ သဘောထားကွဲလွဲမှုတွေကြောင့်ဖြစ်ပြီး အဓိကအချက်ကတော့ မန်ယူအသင်းရဲ့ ခြေစွမ်းကျဆင်းမှုနဲ့ ဘဏ္ဍာရေးအခက်အခဲတွေကြောင့် ဖြစ်ပါတယ်။

ကြွေးမြီများတင်ရှိခြင်း၊ ဘောလုံးသမားအသစ်များ ဝယ်ယူဖြည့်ဆည်းခြင်း၊ ရလဒ်ဆိုးရွားမှုနှင့် ပြီးခဲ့သည့်နှစ်က ဥရောပဝင်ခွင့်ဆုံးရှုံးမှုများကြောင့် မန်ယူအသင်း ဆုတ်ယုတ်မှုများဖြစ်ပေါ်ခဲ့ရပါတယ်။

ဒီအချက်တွေအပြင် ပိုင်ရှင်ဂလေဇာမိသားစုရဲ့ဖခင် မယ်လ်ကွန်ဂလေဇာ ယခုနှစ်အစောပိုင်းက ကွယ်လွန်သွားခဲ့တာကြောင့် မိသားစုအတွင်း သဘောထားကွဲလွဲမှုတွေဖြစ်ပေါ်လာခဲ့ပြီး မန်ယူကိုရောင်းချမယ်လို့ သတင်းတွေ ထွက်ပေါ်လာတာပဲဖြစ်ပါတယ်။

ဒီလိုအခြေအနေမှာ စင်ကာပူသူဌေးတစ်ဦးဖြစ်တဲ့ ပီတာလင်းက မန်ယူကိုဝယ်ယူမယ်လို့ သတင်းတွေထွက်ပေါ်လာပြန်ပါတယ်။ ပီတာလင်းဟာ စပိန်ကလပ် ဗလင်စီယာအသင်းကို ဝယ်ယူထားတာဖြစ်ပြီး အခုမန်ယူအသင်းကို ထပ်မံဝယ်ယူဖို့ စီစဉ်နေတယ်လို့ ဆိုပါတယ်။

ဈေးငွေများဖြင့် ရပ်တည်နေသော မန်ယူဘဏ္ဍာရေးအခြေအနေမှာ အတိုးနှုန်းများကြောင့် ဘဏ္ဍာရေးအနေအထားအရ အကျိုးအမြတ်ထိခိုက်လာနိုင်သည့်အခြေအနေဖြစ်ရာ ဂလေဇာညီအစ်ကိုများအကြား မန်ယူကို ရောင်းချမည့် အယူအဆများပေါ်ထွက်လာခြင်း ဖြစ်ပါတယ်။

ဒါပေမယ့် ကမ္ဘာ့ပရိသတ်အများစု အားပေးမှုရရှိနေတဲ့ မန်ယူကို ဂလေဇာမိသားစုဝင်အချို့က ရောင်းမထုတ်လိုကြပါဘူး။ ၁၈၇၈ ခုနှစ်ကတည်းက စတင်တည်ထောင်ခဲ့ပြီး ၁၉၀၂ ခုနှစ်မှာ မန်ယူသို့ပြောင်းခဲ့တဲ့အပြင် ၂၀၁၁-၂၀၁၂ မှာ ကမ္ဘာ့အချမ်းသာဆုံး ဘောလုံးအသင်းဖြစ်ခဲ့ပြီး နှစ်ပတ်လည်ဝင်ငွေ ပေါင် ၃၉၅ ဒသမ ၉ သန်းရရှိခဲ့ပါတယ်။ ၂၀၁၃ ခုနှစ်မှာ အမေရိကန်ဒေါ်လာ ၃ ဒသမ ၁၆၅ ဘီလီယံခန့်တန်ဖိုးရှိတဲ့ အသင်းဖြစ်လာပြီး ကမ္ဘာ့ဒုတိယမြောက် တန်ဖိုးအကြီးဆုံး ဘောလုံးအသင်းဖြစ်လာပါတယ်။ ဒါကြောင့်မန်ယူအသင်းရဲ့ အနာဂတ်ပြောင်းလဲမှုဟာ စိတ်ဝင်စားစရာ ကောင်းနေတာကြောင့် စောင့်ကြည့်ရမှာဖြစ်ပါတယ်။

## အာဖရိကနိုင်ငံများဖလား မော်ရိုကို၌သာ ကျင်းပမည်ဆို

အာဖရိကဘောလုံးအဖွဲ့ချုပ်က ဂါနာနှင့်တောင်အာဖရိကနိုင်ငံတို့အား ၂၀၁၅ ခုနှစ်အာဖရိကနိုင်ငံများဖလား အိမ်ရှင်အဖြစ်ကျင်းပပေးရန် ချဉ်းကပ်လျက်ရှိသည်။ လွန်ခဲ့သည့် သီတင်းပတ်က မော်ရိုကိုနိုင်ငံ၌ ဇန်နဝါရီလတွင် ကျင်းပရန် စီစဉ်ထားသော်လည်း အီဘိုလာကြောင့် ရွှေ့ဆိုင်းထားခဲ့ရသည်။ သို့သော်လည်း မော်ရိုကိုနိုင်ငံ၌ ကျင်းပမည့်အစီအစဉ်ကို ပြောင်းလဲလိမ့်မည်မဟုတ်ဟု မော်ရိုကိုနိုင်ငံက ဆိုသည်။

မော်ရိုကိုနိုင်ငံက နိုဝင်ဘာလတွင် အဆိုပါပြိုင်ပွဲကို ကျင်းပရန် မေတ္တာရပ်ခံထားသည်။ အာဖရိကဘောလုံးအဖွဲ့ချုပ်အနေဖြင့် နိုင်ငံပြောင်းလဲကျင်းပရန် ကြိုးစားနေသော်လည်း မော်ရိုကိုနိုင်ငံက ငြင်းဆိုထားသည်။ အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပသွားမည်ဟု ဆိုသည်။

## မာရေး ပီယင်နာအိုးပင်းကွာတားတက်

ဩစတြီးယားနိုင်ငံဗီယင်နာမြို့၌ ကျင်းပလျက်ရှိသော ဗီယင်နာအိုးပင်းတင်းနစ်ပြိုင်ပွဲတွင် အင်ဒီမာရေးက ကနေဒါတင်းနစ်ကစားသမား ဗီဆက်ပိုစပီးဆေးလ်အား ၆-၄၊ ၆-၄ ဖြင့်နိုင်ပြီး ကွာတားဖိုင်နယ်သို့ တက်ရောက်သွားသည်။ မာရေးသည် ကွာတားဖိုင်နယ်တွင် ဂျာမနီတင်းနစ်ကစားသမား ဂျင်းလင်နတ်စတတ်နှင့် ကစားရမည်ဖြစ်သည်။

အသက် ၂၇ နှစ်ရှိ အင်ဒီမာရေးသည် ယင်းပြိုင်ပွဲအနိုင်ရလိုက်သဖြင့် ရာသီကုန်ပြိုင်ပွဲအဖြစ် လန်ဒန်မြို့၌ ကျင်းပမည့် နောက်ဆုံးရှစ်ဦးပြိုင်ပွဲတွင် ပါဝင်လာနိုင်သည်။ ဂျိုကိုဗစ်၊ ဖက်ဒဲယား၊ နာဒယ်၊ ဝါရင်ကာနှင့် အမေရိကန်အိုးပင်းချန်ပီယံ မာရင်စီလစ်တို့ အဆိုပါ လန်ဒန်မြို့ ရှစ်ဦးပြိုင်ပွဲတွင် ပါဝင်ကစားရန် အသင့်ဖြစ်နေသည်။

**ကောင်းမြတ်သူ-စုစည်းသည်**

**တစ်ဦးတည်းဖြစ်ကြောင်း**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ်၊ ဈေးကြီးရပ်ကွက်နေ ဦးကျော်စိုး၏သမီး မအေးပွင့်မာ ၁၂/လကန(နိုင်)၁၄၅၀၇၉ နှင့် မအမရာကျော်မှာ အမည်တစ်ဦးတည်းဖြစ်ပါသည်။ **မအေးပွင့်မာ(ခ)မအမရာကျော်**

**ဖောင်းကြွနံပါတ်ပြား ပျောက်လျှောက်ထားခြင်း**

ယာဉ်အမှတ် CC/5754 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**ကန့်ကွက်နိုင်ပါကြောင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၄၂၊ မြေကွက်အမှတ် ၂၁၀၊ ပေ (၄၀×၆၀) အကျယ်အဝန်းရှိ နှစ် ၆၀ မြေငှားစာချုပ်၏ မြေအမည်ပေါက် ဦးမောင်မောင်ဝင်း S/OKA-၀၄၇၄၉၂ မြေကွက်အား အဆက်အစပ်စာချုပ်ဖြင့် ဝယ်ယူထားသူ ဦးမျိုးဇော်ဦး ၉/မရတ(နိုင်)၁၁၇၆၆၆ ထံမှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီး ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားတင်ပြ၍ ကန့်ကွက်နိုင်ပါသည်။

**ဦးဝေဖြိုးကျော် ၉/ပဥလ(နိုင်)၀၂၁၇၆၉**
**အမှတ် (၃) ကေရာဇ်လမ်း၊**
**တက္ကသိုလ်ရိပ်မွန်**
**ဒဂုံအရှေ့၊ ဖုန်း-၀၉-၄၅၀၀၅၇၆၅၉**

**သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း**

ဒဂုံမြို့သစ်(မြောက်ပိုင်း)နေ ကျွန်တော်ကျွန်မတို့၏သား မောင်သက်ဖြိုးဟန် ၁၂/ဒဂမ(နိုင်)၀၁၆၂၅၆ သည် မိဘများကို စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ကိုယ်ထိလက်ရောက်ပြုလုပ်ပါသဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်ငွေးနှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝတာဝန်မယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်။ **ဦးအေးကို**

**၁၂/ဥကတ(နိုင်)၁၄၀၈၆၃**
**ဒေါ်ဌေးဌေးမူ**
**၁၂/ဥကတ(နိုင်)၀၀၄၄၀၁**

**မြန်မာ့ဆိပ်ကမ်းအာဏာပိုင် အလုပ်ပိတ်ရက်ကြော်ငြာ**

ရန်ကုန်ဆိပ်ကမ်းရှိ တံတားများ၊ ကုန်လှောင်ရုံများနှင့် ချလန်ရုံးများကို ၂၀၁၄ခုနှစ် အောက်တိုဘာ ၂၃ ရက် (ဒီပါဝလီနေ့)တွင် ပိတ်ထားမည်ဖြစ်ပါ၍ ကုန်တင်/ကုန်ချနှင့် ကုန်ထုတ်ယူလိုပါက ပိတ်ရက်ခကြေး ပေးဆောင်ရမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**CLAIMS DAY NOTIC**
**MV. SEA PALACE**

Consignees of cargo carried by MV. SEA PALACE are here by notified that the vessel will arrive on about 18-10-2014 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims a gainst this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သင်္ဘောမှချပြီးချိန်တွင် မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များ ယူဆောင်လျက် လာရောက်ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**ဖုန်း-၂၃၀၁၁၈၆**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၄)၊ မြေကွက်အမှတ် ၈၇၁၊ ဧရိယာ စတုရန်းပေ ၂၄၀၀၊ အလျားပေ ၄၀×အနံပေ ၆၀ ရှိ အမှတ် ၈၇၁၊ (၁၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်ဟုခေါ်တွင်သော မြေသည်နှစ် ၆၀မြေငှားဂရန်တွင် ဦးတင်ဟန် ၁၂/မဂတ(နိုင်)၀၀၁၅၇၀ အမည်ပေါက်မြေကွက်အား ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်တင်မိုးရီ ၉/ညဥန(နိုင်)၁၆၆၃၅၈ မှ အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ ယခုအခါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောပိုင်ဆိုင်မှုစာ ချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ငါးရက်အတွင်း ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဒေါ်သက်ဆုရည်** | **ဒေါ်စိမ်းအိဝေ** | **ဦးဇော်မင်းနိုင်** |
| **LL.B** | **LL.B** | **LL.B, DL-101Wipo (Switzerland)** |
| **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ် ၂၈၅၀၈)** | **(စဉ်-၄၂၇၉၉)** | **(စဉ်-၂၉၇၇၇)** |

**ဖုန်း-၀၉-၄၂၁၀၂၄၈၈၆**

**ရှေ့နေများနားနေခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၇၃၉၀၃၃၀၇၊ ၀၉-၃၂၁၁၇၈၁၁၊**

**LAFFAIR CORPORATION SDN.BHD 496448-M ၏ အလှကုန်ပစ္စည်းများ ဖြန့်ချိရေး တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်ကြောင်း အသိပေးကြေညာခြင်း အပေါ် ပြန်လည်အသိပေးကြေညာခြင်း**

ကျွန်ုပ်၏အမှုသည်ဖြစ်သူ အမှတ် (ဘီ/၃၆)၊ ပီတောက်ဝါ (၃) လမ်း၊ **FMI City** လှိုင်သာယာမြို့နယ်၊ ရန်ကုန်မြို့တွင် မှတ်ပုံတင်ရုံးစနစ်ဖွင့်လှစ်၍ စီးပွားရေးလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသည့် **VISTA LINK TRADING COMPANY LIMITED** ဒါရိုက်တာအဖွဲ့၏ လွှဲအပ်ညွှန်ကြားချက်အရ ဒေါ်လင်းလင်းလတ်(၇/ပခန(နိုင်)၂၂၇၅၅၉) **M.D, EXELON GROUP LTD.** ၏ လွှဲအပ်ညွှန်ကြားချက်အရ အသိပေးကြေညာခဲ့သော (၁၂)၊ အောက်တိုဘာ၊ ၂၀၁၄ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ (၁၃)ပါ **LAFFAIR CORPORATION SDN-BHD 496448-M** ၏ အလှကုန်ပစ္စည်းများ ဖြန့်ချိရေး တစ်ဦးတည်းကိုယ်စားလှယ်ဖြစ်ကြောင်း အသိပေးကြေညာခြင်းအပေါ် အောက်ပါအတိုင်း ပြန်လည်အသိပေးကြေညာပါသည်။

၁။ ကျွန်ုပ်၏အမှုသည် ကုမ္ပဏီသည် (၁-၁၂-၂၀၁၀) နေ့မှစ၍ **LAFFAIR CORPORATION SDN-BHD** ၏ မြန်မာနိုင်ငံဈေးကွက်တွင် တစ်ဦးတည်းဖြန့်ဖြူးရောင်းချခွင့်ရှိသူအဖြစ် ခန့်အပ်ခြင်းခံထားရသည့် ကုမ္ပဏီဖြစ်ပါသည်။ ယနေ့တိုင် အကြီးအကဲကုမ္ပဏီက ကျွန်ုပ်၏အမှုသည်အား ကိုယ်စားလှယ်အဖြစ်မှ ပယ်ဖျက်ရုပ်သိမ်းကြောင်း အကြောင်းကြားစာပေးပို့ခဲ့ခြင်း မရှိပါ။ ကိုယ်စားလှယ်ဟောင်းအား ရုပ်သိမ်းရပ်ဆိုင်းမည်ဆိုပါက နစ်နာဆုံးရှုံးမှုနှင့် အငြင်းပွားမှုများ မဖြစ်စေရန် ကိုယ်စားလှယ်ဟောင်း လုပ်ဆောင်နေသည့် လုပ်ငန်းကို ပြီးဆုံးသည်အထိ ဆောင်ရွက်ခွင့်ပြုပြီးမှ နောက်ကိုယ်စားလှယ်အသစ်အား ခန့်ထားဆောင်ရွက်ရန် လိုပါသည်။

၂။ ကျွန်ုပ်အမှုသည်သည် **LAFFAIR CORPORATION SDN-BHD** ၏ မြန်မာနိုင်ငံဈေးကွက်တွင် တစ်ဦးတည်းဖြန့်ဖြူးရောင်းချရန်အတွက် **LAFFAIR CORPORATION SDN-BHD** မှ ထုတ်လုပ်သည့် ထုတ်ကုန်ပစ္စည်းများကို လက်ငင်းငွေအကြေပေးချေပြီး နိုင်ငံတော်မှ ခွင့်ပြုချက်လိုင်စင်များဖြင့် တင်သွင်းပြီးမှ ဖြန့်ဖြူးရောင်းချရခြင်း ဖြစ်ပါသည်။

၃။ ကျွန်ုပ်အမှုသည်သည် ဥပဒေနှင့်အညီ ငွေပေးချေ ဝယ်ယူတင်သွင်းထားသော ကုန်ပစ္စည်းများကို ဈေးကွက်တွင် ဖြန့်ဖြူး ရောင်းချရာ၌ ဥပဒေအရ မည်သူ့ထံကမှ ခွင့်ပြုချက်တောင်းခံရယူရန် မလိုပါ။ မိမိဝယ်ယူတင်သွင်းထားသော ကုန်ပစ္စည်းများကို ကိုယ်စားလှယ်သက်တမ်း မကုန်ဆုံးမီဖြစ်စေ၊ ကုန်ဆုံးပြီးဖြစ်စေ ဆုံးရှုံးမှုမရှိအောင် လက်ကျန်ပစ္စည်းများကို ကုန်ဆုံးသည်အထိ လွတ်လပ်စွာ ဖြန့်ဖြူးရောင်းချခွင့် ရှိပါသည်။

၄။ ဒေါ်လင်းလင်းလတ် (၇/ပခန(နိုင်)၂၂၇၅၅၉) **M.D EXELON GROUP LTD** ၏ ကြေညာချက်ကြောင့်လည်းကောင်း၊ ပြုလုပ်မှုတစ်ရပ်ရပ်ကြောင့်လည်းကောင်း ကျွန်ုပ်အမှုသည်၏ **LAFFAIR CORPORATION SDN-BHD** မှ မြန်မာနိုင်ငံဈေးကွက်တွင် ဖြန့်ဖြူးရောင်းချရန် ဝယ်ယူတင်သွင်းထားသော ကုန်ပစ္စည်းများ ဖြန့်ဖြူးမှုကို ထိပါးနှောင့်ယှက် ထိခိုက်မှုဖြစ်စေပြီး ကျွန်ုပ်၏အမှုသည်အား ဆုံးရှုံးနစ်နာမှု ဖြစ်စေခဲ့ပါလျှင် ဥပဒေအရ ဒေါ်လင်းလင်းလတ်တွင် တာဝန်ရှိမည်ဖြစ်ပြီး နစ်နာကြေး၊ လျော်ကြေးငွေများ ပေးလျော်ရမည်ဖြစ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ- ဦးတင်ယု၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၉၈)
အမှတ်(၂၉)၊(တထပ်)၊(၃၅)လမ်း၊ အောက်လမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ Ph-၀၁-၂၅၃၂၆၅

ပြည်တွင်းသတင်းနှင့် ဖေကြာ

# ဖွံ့ဖြိုးဆောင်ရွက် ပြည်သူ့အတွက်

မင်းမင်းဇော်(သတင်းစဉ်)၊ဓာတ်ပုံ-မောင်ဖိုးဇော်

**မြန်မာ၊ ထိုင်း၊ လာအို ရွှေတြိဂံဒေသ တိုင်းရင်းသား သွေးချင်းညီအစ်ကိုမောင်နှမများထံ လေ့လာရေးခရီးသွားရမည် ဆိုကတည်းက ကျွန်တော်စိတ်လှုပ်ရှားမိသည်။ အမှန်အတိုင်းပြောရလျှင် တိုင်းရင်းသားညီအစ်ကိုတို့၏ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို လေ့လာလိုသည်။ များမကြာမီ တာချီလိတ်၊ မိုင်းဖြတ်ဒေသ လေ့လာရေးခရီး ထွက်ခွာရပါတော့သည်။**



ဦးထွေးလှ



ရဲမှူးကြီးဇော်လင်းထွန်း



ဦးအားရင်

"မကြာမီအချိန်အတွင်းမှာ ကျွန်မတို့လေယာဉ်ဟာ တာချီလိတ်လေဆိပ်ကို ဆင်းသက်တော့မှာဖြစ်ပါတယ်ရှင်" ဟူသည့် မြန်မာ့လေကြောင်းမှ လေယာဉ်မယ်လေး၏ ချိုလွင်သာယာသည့်အသံကြောင့် လေယာဉ်ပြတင်းပေါက်မှ ပြင်ပလောကကို ကြည့်ရှုမိသည့် တစ်ခဏ စိမ်းလန်းစိုပြည်စွာဖြစ်ထွန်းနေသည့် ရော်ဘာစိုက်ခင်း တောင်ကုန်းတောင်တန်းများကို မြင်တွေ့နေရသည်။ "စိုက်ခင်းတွေက တော့ရှယ်ပဲကွာ"ဟု ကျွန်တော့်စိတ်ထဲကျိတ်၍ ချီးကျူးနေမိသည်။

ယနေ့ နိုင်ငံတော်အစိုးရသည် တောင်ပေါ်၊ မြေပြန့်ဟူ၍ နေရာဒေသ မခွဲခြားဘဲ တိုင်းရင်းသားသွေးချင်းမောင်နှမများ၏ ဒေသဖွံ့ဖြိုးရေးစီမံကိန်းများကို ဘက်စုံ၊ ထောင့်စုံ၊ ကဏ္ဍစုံမှ နည်းလမ်းမျိုးစုံကဏ္ဍအဖုံဖုံဖြင့် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေသည်ကိုမြင်တွေ့နေရသည်။

ယခုပစ္စုပ္ပန်တည့်တည့်၌ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်နှင့် မိုင်းဖြတ်ဒေသများတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံပူးပေါင်း၍ ရေရှည်တည်တံ့သော အစားထိုး အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ အဆိုပါ စီမံကိန်းသည် ၂၀၁၂ မှ ၂၀၁၈ ခုနှစ်အထိ ခြောက်နှစ်ကြာမြင့်မည်ဖြစ်ကြောင်းလည်း သိရသည်။

ထိုစီမံကိန်း အကောင်အထည်ဖော်ဆောင်နိုင်ရေးအတွက် မြန်မာနိုင်ငံမှ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး (ဗဟို)အဖွဲ့နှင့် ထိုင်းနိုင်ငံမူးယစ်ဆေးဝါး ပူးပေါင်းထိန်းချုပ်ရေး ဘုတ်အဖွဲ့တို့ ၂၀၁၂ ခုနှစ် စက်တင်ဘာ ၁၇ ရက်က နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ကြသည်။ ထိုနားလည်မှုစာချွန်လွှာအရ ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများဖွံ့ဖြိုးတိုးတက်ရေး အစားထိုးအသက်မွေးဝမ်းကျောင်းစီမံကိန်းကို မြန်မာနိုင်ငံမှ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ထိုင်းနိုင်ငံ မယ့်ဖားလုံဖောင်ဒေးရှင်းတို့ ပူးပေါင်းအကောင်အထည်ဖော်ဆောင်ရွက်နေကြခြင်းဖြစ်သည်။

ထိုစီမံကိန်းနှင့် ပတ်သက်၍ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ တိုင်းရင်းသားများ၊ တာဝန်ရှိသူများ၏ ရင်တွင်းပွဲတင်သံများကို ရေးသားတင်ပြလိုက်ရပါသည်။

**ဒေါ်အားကာတာ (မြန်မာနိုင်ငံ မယ့်ဖားလုံစီမံကိန်းအုပ်ချုပ်ရေးမှူး)**

ကျွန်မတို့စီမံကိန်း ဧရိယာအတွင်းက ကျေးရွာတွေ ဝမ်းစာဖူလုံဖို့၊ ဝင်ငွေတိုးပွားဖို့ ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဒေသတွင်း စိုက်ပျိုးဖို့ ရေမရှိတဲ့နေရာတွေမှာ မြေသားတမံတွေ၊ ကျောက်စီတမံတွေ တည်ဆောက်ပေးပါတယ်။ နှစ်တို၊ နှစ်ရှည်ပင်တွေကို ဖြန့်ဖြူးပေးပါတယ်။ စိုက်ပျိုးလို့ထွက်လာတဲ့သီးနှံတွေကို အပြင်မှာ ရောင်းချင်ရင်ရောင်းနိုင်ပြီး အပြင်မှာ မရောင်းချင်ရင် ကျွန်မတို့စီမံကိန်းက ဝယ်ယူပေးပါတယ်။ ဒါကဈေးကွက်ဖန်တီးပေးတဲ့ သဘောပါ။ မွေးမြူရေးအတွက်ဆိုရင် ထိုင်းဘက်ကလာတဲ့ မွေဆန်းဆိုတဲ့ ဝက်မျိုးတွေဖြန့်ဝေထားပါတယ်။ အခမဲ့ကျန်းမာရေး ဝန်ဆောင်မှုတွေကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အိမ်သာတွေ တည်ဆောက်နိုင်ဖို့ ဘိလပ်မြေအိတ်တွေ၊ အိမ်သာပိုက်တွေ၊ အုတ်တွေဖြန့်ဝေပေးပါတယ်။ ပညာရေးအတွက်လည်းစာသင်ကျောင်းတွေ တည်ဆောက်ပေးလျက်ရှိပါတယ်။ ဒါတွေက လတ်တလောဆောင်ရွက်ပေးနေတဲ့လုပ်ငန်းတွေ ဖြစ်ပါတယ်။ နောက်ဆက်လက် လုပ်ဆောင်မယ့်လုပ်ငန်းတွေကို ဒေသလိုအပ်ချက်တွေအရ ဆက်လက်အကောင်အထည်ဖော်သွားမှာဖြစ်ပါတယ်။ စီမံကိန်းလုပ်ငန်းတွေအောင်မြင်ဖို့ ကျေးရွာသူကျေးရွာသားတွေနဲ့ ပိုမိုပူးပေါင်းစည်းရုံးဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**ဦးအားရင် (မိုင်းကမ်းကျေးရွာအုပ်ချုပ်ရေးမှူး)**

ကျွန်တော်တို့ဒေသမှာ အခုလို ကျောင်းဆောင်သစ်ဖွင့်ပေးတာ ဝမ်းသာပါတယ်။ စီမံကိန်းကိုလည်း ကျေးဇူးတင်ပါတယ်။ ဒီကျောင်းက နေအောင်မြင်တဲ့ ကျောင်းသား ကျောင်းသူတွေကို ကျွန်တော်တို့ရဲ့စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းတွေမှာ အလုပ်ခန့်ထားပေးပါတယ်။ ဒေသတွင်းပညာရေးကိုအားမရသေးပါဘူး။ ဒီကျောင်းမှာ တရုတ်စာနဲ့ မြန်မာစာသင်ကြားပေးပါတယ်။ စီမံကိန်းက အရင်းအနှီးအပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေးနည်းပညာတွေ အကူအညီတွေလည်းပေးပါတယ်။

**ဦးယုမောင်မောင် (မြန်မာစာသင်ကြားသူ)**

ကျွန်တော် ဒီမိုင်းကမ်းကျောင်းမှာ ကလေးတွေကို မြန်မာစာသင်ပေးရပါတယ်။ စာသင်ကြားရတဲ့နေရာမှာ ဘာသာစကား အခက်အခဲရှိပါတယ်။ တိုင်းရင်းသားတွေအားလုံးကို မြန်မာစာတတ်စေချင်တဲ့အတွက် ဂရုတစိုက်သင်ကြားပေးနေခြင်းပဲ ဖြစ်ပါတယ်။ ကျွန်တော်က သမိုင်းဘာသာအဓိကနဲ့ မုံရွာတက္ကသိုလ်က ဝိဇ္ဇာဘွဲ့ရခဲ့ပါတယ်။ နေ့စားလပေးကျောင်းဆရာ လျှောက်တုန်းကမရလို့ ဒီ'ဝ'ဒေသမှာ အရပ်ကငှားတဲ့ ကျောင်းဆရာလာလုပ်တာပါ။



ဒေါက်တာနေအောင်



ဒေါ်အားကာတာ



ဦးစိုင်းအုန်း

**ဒေါက်တာနေအောင် (တာဝန်ခံဆရာဝန်၊ ယောင်ခတိုက်နယ်ဆေးရုံ)**

ယောင်ခဒေသမှာ ဒီတိုက်နယ်ဆေးရုံတစ်ရုံပဲရှိပါတယ်။ ကျေးရွာ ၂၀ကျော်ရှိပြီး လူဦးရေ ၇၀၀၀ ကျော်လောက်ရှိပါတယ်။ ကျေးလက်နေပြည်သူတွေကို ကျန်းမာရေးအသိပညာတွေရရှိအောင် ဆောင်ရွက်ပေးလျက်ရှိပါတယ်။ ဆေးပစ္စည်းတွေအနေနဲ့ ကျန်းမာရေးဝန်ကြီးဌာန ဗဟိုဆေးသိုလှောင်ရေးဌာနကဆေးတွေ၊ အခမဲ့တင်ဒါဆေးတွေကြောင့် ဒေသအတွက် ဆေးက လုံလုံလောက်လောက်ရှိပါတယ်။

**ဦးစိုင်းအုန်း (မယ့်ဖားလုံစီမံကိန်း စေတနာ့ဝန်ထမ်း)**

ကျွန်တော်က ကျွန်တော်တို့ဒေသဖွံ့ဖြိုးဖို့ ဒီစေတနာ့ဝန်ထမ်းအလုပ်ကိုစိတ်ပါဝင်စားစွာ လုပ်ကိုင်ဆောင်ရွက်နေတာပါ။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းမှာ ရွာသူရွာသားတွေ ပိုမိုပူးပေါင်းပါဝင်လာအောင် စည်းရုံးဆောင်ရွက်နေပါတယ်။

**ရဲမှူးကြီးဇော်လင်းထွန်း (မူးယစ်ဗဟို)**

ဘိန်းစိုက်ပျိုးလာနိုင်ဖွယ်ရာရှိတဲ့ နေရာဒေသတွေကို ကြိုတင်ကာကွယ်တဲ့အနေနဲ့အစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ဆောင်ရွက်နေခြင်းဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ပေးခြင်းဖြင့် ဒေသခံတွေရဲ့ လူမှုဘဝတွေအမှန်တကယ်ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။ ထိုင်း-မြန်မာနှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုတွေ ဘယ်လောက်အောင်မြင်နေပြီဆိုတာကို လာရောက်လေ့လာခြင်းဖြစ်ပါတယ်။ ကာလတိုအတွင်းမှာ ဒေသနေပြည်သူတွေရဲ့ ဝင်ငွေတိုးတက်လာတယ်ဆိုတာ တွေ့ရပါတယ်။ စီမံကိန်းကာလ ပြီးဆုံးသွားခဲ့ရင်လည်း ဒေသခံပြည်သူတွေဟာ သူတို့ရဲ့ဝင်ငွေရလုပ်ငန်းတွေကို အောင်မြင်စွာ ဆက်လက်ဆောင်ရွက်သွားနိုင်မယ်လို့ ယုံကြည်ပါတယ်။ ကျန်ဒေသတွေမှာလည်း အစားထိုး ဖွံ့ဖြိုးရေးလုပ်ငန်းတွေကို ညှိနှိုင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဦးထွေးလှ(ညွှန်ကြားရေးမှူးချုပ်) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

ကျွန်တော်တို့ဝန်ကြီးဌာနဟာ ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းတွေကို ဒီဒေသတင်မက နိုင်ငံတစ်ဝန်းမှာရှိတဲ့ နယ်စပ်ဒေသတွေကိုပါ ဆောင်ရွက်ပေးနေပါတယ်။ နိုင်ငံတော်ကချမှတ်ထားတဲ့ မူဝါဒတွေနဲ့အညီ ဖွံ့ဖြိုးရေးဒေသတွေရဲ့ စာပေ၊ ယဉ်ကျေးမှု၊ ဆက်သွယ်ရေး၊ ကျန်းမာရေးတွေ ဖွံ့ဖြိုးတိုးတက်ဖို့၊ ဘိန်းအစားထိုးလုပ်ငန်းတွေအောင်မြင်စွာ အကောင်အထည်ဖော်နိုင်ဖို့နဲ့ လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးလာဖို့ ဆောင်ရွက်နေပါတယ်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့ နိုင်ငံတကာအဖွဲ့အစည်းတွေ၊ ကုလသမဂ္ဂအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်နေတာပါ။ ကျွန်တော်တို့ဌာနဟာ အစားထိုးဖွံ့ဖြိုးရေးဥက္ကဋ္ဌဖြစ်တာနဲ့အညီ လိုအပ်တဲ့ဝန်ထမ်းတွေ ဖြည့်စွက်ခန့်ထားပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းတွေကို အင်တိုက်အားတိုက် တစိုက်မတ်မတ် ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒီဒေသဟာ ယခင်ကထက် ဖွံ့ဖြိုးတိုးတက်နေတာကို မြင်တွေ့နေရတာ အင်မတန်ဝမ်းသာရပါတယ်။

**ဦးအိုက်ကျိုင်း(ခ)ဦးအိုက်စိုင်း (ပအိုဝ်းကျေးရွာသား)**

အရင်တုန်းကဆိုရင် စိုက်ပျိုးရေးနဲ့ သန့်ရှင်းတဲ့သောက်သုံးရေ လုံလုံလောက်လောက်ရဖို့ဆိုတာ အခက်အခဲရှိပါတယ်။ ဖားကန့်တမံကိုပဲ ခဏခဏပြုပြင်နေရတယ်။ မလွယ်ပါဘူး။ အခုဒီစီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်လာမှပဲ စိုက်ပျိုးရေလုံလောက်စွာရရှိနေပါတယ်။ ဆည်ရေကို ရေစစ်ကန်အဆင့်ဆင့်ခံပြီး သန့်ရှင်းတဲ့ သောက်သုံးရေအဖြစ် သုံးစွဲပါတယ်။

တစ်ပိုင်တစ်နိုင် ရေအားလျှပ်စစ်ကိုလည်း ထုတ်လုပ်သုံးစွဲနေပါတယ်။

*စာမျက်နှာ ၁၆ သို့*

**ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၆ယ/၉၄၃၂၂၊ Stream YMD -110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းမြင့်အောင် ၉/မနတ(နိုင်)၀၀၀၇၂၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**ယာဉ်မှတ်ပုံတင်ခွင့် လျှောက်ထားခြင်း**

ယာဉ်အမှတ် ၈ဈ/၃၈၈၁၊ Tun M.P.V.I, M/B (4 ×2) ® ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမြတ်သီတာထွန်း ၈/မသန(နိုင်)၀၅၈၅၃၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(တောင်ပိုင်း)၊ မန္တလေးမြို့**

**ကန့်ကွက်နိုင်ပါကြောင်း**

တောင်ကြီးမြို့၊ အေးသာယာစက်မှုဇုန်၊ အကွက်အမှတ်(၉၃)၊ အင်တောကျယ်အရှေ့၊ မြေကွက်အမှတ်(၁၁၆/၁၁၇)၊ ဦးပိုင်အမှတ်(၁၁)၊ ဧရိယာ ၀ဒသမ ၁၁၀ဧကရှိ ဦးလှိုင်မောင် MTT -077408 အမည်ပေါက် မြေငှားဂရန်မူရင်းမှာ ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဦးလှိုင်မောင် ဖုန်း-၀၉-၄၉၂၆၉၄၁၈**

**မွေးသက္ကရာဇ်မှန်**

ဦးမောင်လယ်၏သမီး ဆီဆိုင်မြို့နယ်၊ ပါလောပါကယ်အုပ်စု၊ လွယ်ဆံဆစ်ရွာမှ နန်းခမ်းဖွေ၏ မွေးသက္ကရာဇ်မှာ ၂၁-၁၂-၁၉၉၃ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

ရွှေဘိုမြို့၊ အထက(၁)၊ Grade 11-D မှ မောင်ခန့်ထက်ဇော်၏ဖခင်အမည်မှန်မှာ ဦးအောင်မြင့်ဌေး ဖြစ်ပါကြောင်း။

**ဦးအောင်မြင့်ဌေး ၅/စကန(နိုင်)၀၁၁၁၈၀**

**ကန့်ကွက်နိုင်ပါကြောင်း**

တောင်ကြီးမြို့နယ်၊ အေးသာယာမြို့သစ်၊ အကွက်အမှတ်(၆၆)၊ အကွက်အမည် စမ်းသီတာ၊ ဦးပိုင်အမှတ်(၁၃၄)၊ ဧရိယာ ၀ဒသမ ၀၅၆ဧကရှိ တပ်ကြပ်ကြီးစာရေး စိန်လင်းအမည်ပေါက် မြေငှားဂရန်အမှတ်အမှတ်(၂၆၆၂/၁၉၉၁) နှစ် ၃၀ ဂရန်မှာ ပျောက်ဆုံးသွားပြီး တပ်ကြပ်ကြီးစာရေး စိန်လင်းမှာလည်း ကွယ်လွန်သွားပြီဖြစ်ပါသည်။ ၎င်း၏တရားဝင်ဇနီးဖြစ်သူ ဒေါ်အေးမွန်သက်မှ မြေငှားဂရန်အား အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောအထောက်အထားဖြင့် ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်း။

**ဒေါ်အေးမွန်သက်**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် စိုင်းခွန်ဖ ၂/လကန(နိုင်) ၀၀၁၈၀၇၏ နိုင်ငံကူးလက်မှတ် နံပါတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**စိုင်းခွန်ဖ ဖုန်း-၀၉-၂၅၀၈၉၂၉၄၈**

**မွေးသက္ကရာဇ်အမှန်**

ဦးမောင်လှဝင်း၏သမီး စစ်တွေမြို့ အထက(ခွဲ) (စက်ရုံစု) တက္ကသိုလ်ဝင်တန်းမှ မစန္ဒာမျိုး၏ မွေးသက္ကရာဇ်အမှန်မှာ (၁၃-၅-၁၉၉၉) ဖြစ်ပါကြောင်း။

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၅ဟ/၅၇၃၂၊ Shineray သုံးဘီးယာဉ်လက်ဝယ်ရှိသူ Good Brothers' Co.,Ltd.က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

**အမည်မှန်**

သီပေါမြို့ အထက(ခွဲ)လ(၂)ကျောင်း တက္ကသိုလ်ဝင်တန်းတွင် ပညာသင်ကြားနေသော နန်းခမ်းလောဝ်၏ဖခင်အမည်မှန်မှာ ဦးစိုင်းယွမ်းမန် ၁၃/လရန(နိုင်)၁၀၉၅၉၈ဖြစ်ပါကြောင်း၊ မိခင်အမည်မှန်မှာ ဒေါ်နန်းအေးဟန် ၁၃/လရန(နိုင်)၁၂၁၅၇၉ ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**တစ်ဦးတည်းဖြစ်ကြောင်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့နယ်၊ မြောက်စည်းကျေးရွာနေ မယဉ်ယဉ်ဦး၏ ဖခင်အမည်မှန်မှာ ဦးသိန်းဝင်း(ခ)ဦးမိုးညို ၅/ကလထ(နိုင်)၀၃၄၃၂၄ ဖြစ်ပါကြောင်း။

**အမည်မှန်**

လွိုင်ကော်မြို့၊ ချိုကယ်ကျေးရွာအုပ်စု၊ နမ့်ကွတ်ကျေးရွာနေ ဦးမြင့်အောင် ၂/လကန(နိုင်)၀၁၉၆၁၀၏သမီး မရီးမြာမြင့်၏အမည်မှန်မှာ မရီးမြာ ၂/လကန(နိုင်)၀၉၁၃၉၇ ဖြစ်ပါကြောင်း။

**ဖခင်အမည်မှန်**

စစ်တွေမြို့၊ အထက(ခွဲ) (စက်ရုံစု) တက္ကသိုလ်ဝင်တန်းမှ မအေးအေးမွန်၏ ဖခင်အမည်မှန်မှာ ဦးမောင်လှရွှေ ၁၁/စတန(နိုင်)၀၅၈၆၈၆ ဖြစ်ပါကြောင်း။

**ဦးမောင်လှရွှေ**

**ယာဉ်မှတ်ပုံတင်ခွင့်လျှောက်ထားခြင်း**

ယာဉ်အမှတ် ၁၉ယ/၁၉၂၄၆၊ Zong Shen M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်လှဲလှဲဝင်း ၉/မရမ(နိုင်)၀၁၈၇၃၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

**ဖခင်အမည်မှန်**

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(၃)၊ တက္ကသိုလ်ဝင်တန်းမှ မအွပ်ကျိန်ဟွဲ၏ဖခင်အမည်မှန်မှာ ဦးထန်ဇပေါင် ၅/ကလထ(နိုင်)၁၃၀၃၂၃ ဖြစ်ပါကြောင်း။

**ဦးထန်ဇပေါင် ၅/ကလထ(နိုင်)၁၃၀၃၂၃**

**အမည်ပြောင်း**

ဦးထွန်းထွန်းနိုင်၏သား စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့၊ အထက(ခွဲ) အလက (၂) ဒုတိယတန်းမှ မောင်ကောင်းနိုင်ထက်အား မောင်ဖွဲ့သုတဟု ပြောင်းလဲခေါ်ပါရန်။

**မောင်ဖွဲ့သုတ**

**ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း**

ယာဉ်အမှတ် ၇က/၄၉၁၆၊ Toyota Hilux LN.65, P/U (4 ×4) Double cab ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဇော်အောင် ၁၂/လမတ(နိုင်)၀၂၉၁၀၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)၊ အင်းစိန်မြို့**

**အမည်ပြောင်း**

ကျောက်မဲမြို့၊ အမှတ်(၁)ရပ်ကွက်နေ ဦးလှကြည် ၁၃/ကမန(နိုင်)၀၀၈၂၃၀၏သား အထက(၄) သတ္တမတန်း(င)မှ မောင်အာကာရဲမင်းအား ယနေ့မှစ၍ မောင်ထက်အာကာဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ထက်အာကာ**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးအောင်နိုင်ဦး၏ 4 Ticket No 16051/12 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ဖုန်း-၀၉-၂၅၄၂၅၈၉၁၁**

# မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် လူ့အခွင့်အရေးအကြောင်း ရှင်းလင်းဆွေးနွေး

**ညောင်လေးပင် အောက်တိုဘာ ၁၇**

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်၏ လူ့အခွင့်အရေးအကြောင်း သိကောင်းစရာများ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို အောက်တိုဘာ ၁၅ ရက် ညနေ ၃ နာရီက ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့ အာဇာနည်လမ်းရှိ သီရိရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဇော်ကံနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအဖွဲ့အစည်းများမှ တာဝန်ရှိသူများနှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်၊ ကျေးရွာများမှ အုပ်ချုပ်ရေးမှူးများ၊ အထောက်အကူပြုအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် ဒုတိယဥက္ကဋ္ဌ ဦးစစ်မြိုင်က လူ့အခွင့်အရေးဆိုင်ရာ အခြေခံအနှစ်သာရနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများနှင့် မူလအခွင့်အရေးအကြောင်းကို လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးစိုးဘုန်းမြင့်က ကမ္ဘာ့ လူ့အခွင့်အရေး ကြေညာစာတမ်းပါ ပြဋ္ဌာန်းချက်များကို လည်းကောင်း ကော်မရှင်အဖွဲ့ဝင် ဦးယုလွင်အောင်က မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

ဆွေးနွေးပွဲအပြီးတွင် တက်ရောက်လာကြသော ပြည်သူများ၏ မေးမြန်းချက်ကို ရှင်းလင်းဆွေးနွေးကာ ပညာပေးလက်ကမ်းစာစောင်များကို အခမဲ့ ဖြန့်ဝေခဲ့ကြကြောင်း သိရသည်။ **နေလင်း(ညောင်လေးပင်)**




# အား/ကာ ကော်မတီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲကျင်းပ

**သီပေါ အောက်တိုဘာ ၁၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် အားကစားနှင့် ကာယပညာကော်မတီ ဥက္ကဋ္ဌ ဖလား အမျိုးသား အလွတ်တန်းကလပ်ပေါင်းစုံဘောလုံးပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၁၅ ရက် ညနေ ၃ နာရီက ဒုဋ္ဌဝတီ ပြည်သူ့အားကစားကွင်း၌ ကျင်းပရာ အား/ကာ ကော်မတီဥက္ကဋ္ဌမြို့နယ်အုပ်ချုပ်ရေးမှူးကိုယ်စား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေက ကွင်းဖွင့်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားသို့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း၊ မြို့နယ် အား/ကာ အတွင်းရေးမှူး ဒေါ်သန်းရွှေမာနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ပြိုင်ပွဲဝင်ဘောလုံးအသင်း ၁၅ သင်းနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**



ဆက်လက်၍ ပြိုင်ပွဲဝင်အားကစားသမားများက အားကစားသစ္စာအဓိဋ္ဌာန်လေးချက် ရွတ်ဆိုခြင်း၊ ပြိုင်ပွဲဝင်အသင်းများက အား/ကာကော်မတီ ဥက္ကဋ္ဌကို စစ်ကြောင်းပုံဖြင့် ချီတက်အလေးပြုခြင်းနှင့် မူ/ကြို ကျောင်းသားကျောင်းသူများက အားကစားသမားများကို ဂုဏ်ပြုပန်းစည်းများ ပေးအပ်ပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးရဲထွန်း၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေနှင့် အား/ကာကော်မတီဝင်များက အားကစားသမားများအား နှုတ်ဆက်ကြသည်။

ထို့နောက် မြို့နယ် အား/ကာ ကော်မတီဥက္ကဋ္ဌကိုယ်စား မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေက ဘောလုံးကန်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးခဲ့သည်။ **စိုင်း(သီပေါ)**

# မျက်မမြင်လမ်းလျှောက်တုတ်နေ့ မြစ်ကြီးနား၌ကျင်းပ

**မြစ်ကြီးနား အောက်တိုဘာ ၁၇**

အောက်တိုဘာ ၁၅ ရက်တွင် ကျရောက်သည့် (၁၃)ကြိမ်မြောက် နိုင်ငံတကာ မျက်မမြင်လမ်းလျှောက်တုတ်နေ့ အခမ်းအနားကို မြစ်ကြီးနားမြို့ မြို့မရပ်ကွက်ဈေးကြီးလမ်းနှင့် သခင်နက်ဖေလမ်း လမ်းဆုံ၌ ကျင်းပရာ မြစ်ကြီးနား မျက်မမြင်ကျောင်း ကျောင်းအုပ်ဆရာကြီး ဦးလမုန်ဂမ်ဖန်၊ မြန်မာနိုင်ငံ ခရစ်ယာန်မျက်မမြင်များ မိတ်သဟာရ အထွေထွေအတွင်းရေးမှူး ဦးသိန်းလွင်နှင့် ကျောင်းသား ကျောင်းသူများ၊ သက်ကြီး မျက်မမြင် ပြည်သူများ စုစုပေါင်း ၁၄၈ ဦးက သခင်နက်ဖေလမ်းအတိုင်း လျှောက်လှမ်း၍ ရုံးကြီးလမ်းသို့ ချိုးကွေ့ကာ မြို့တော်ခန်းမတွင် ရပ်နားခဲ့သည်။

ဆက်လက်၍ မြို့တော်ခန်းမ၌ နိုင်ငံတကာမျက်မမြင် လမ်းလျှောက်တုတ်နေ့ကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂွန်ငန်ဆိုင်းက ဂုဏ်ပြုအမှာစကားပြောကြားကာ ဝန်ကြီးချုပ်နှင့် မိသားစုများက ငွေကျပ် နှစ်သိန်း၊ ပြည်နယ်အစိုးရအဖွဲ့မှ ငွေကျပ် ငါးသိန်းနှင့် စေတနာရှင်အလှူရှင်များက အလှူငွေကျပ် ၃၆၉၀၀၀၀ ကို ထောက်ပံ့ပေးအပ်လှူဒါန်းရာ မျက်မမြင်ကျောင်းအုပ်ကြီးက လက်ခံယူခဲ့ကြောင်း သိရသည်။ **မိုဃ်းကျ(မြစ်ကြီးနား)**



အောက်တိုဘာ ၁၄ ရက်ကဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၁၉ ရပ်ကွက်လုံးဆိုင်ရာ နာရေးကူညီမှုအသင်းသို့ ဦးအုန်းကျော်(တရားရုံးချုပ်ရှေ့နေ) အားရည်စူး၍ ဒေါ်မြမြမော်မိသားစုက မော်တော်ယာဉ်လှူဒါန်းရာ တာဝန်ရှိသူက ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (မြန်မာ့အလင်း)

# ကျေးလက်ဒေသ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်

**ချောက် အောက်တိုဘာ ၁၇**

ချောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်တွင် ကျေးလက်လမ်းလုပ်ငန်းငါးခု၊ ရေကျော်နှင့် ရေပြွန်လုပ်ငန်း ၂၂ ခု၊ ရေရရှိရေးလုပ်ငန်းခြောက်ခု၊ ကျေးလက်မီးလင်းရေးအတွက် ရွာ ငါးရွာနှင့် ကျေးလက်အိမ်ရာ ၁၂ လုံး၊ ကျေးလက်အများသုံးအိမ်သာ လေးခန်းတွဲ ၁၀ လုံးကို ကုမ္ပဏီခြောက်ခုမှ တင်ဒါအောင်မြင်၍ လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်သည်။

မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးဝင်းနိုင်ဦး၊ မကွေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တာဝန်ခံ ဒေါ်မူယာဆွေ၊ ချောက်မြို့နယ် စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်သက်၊ ချောက်မြို့နယ် အထောက်အကူပြုကော်မတီ အတွင်းရေးမှူး ဦးဝင်းမော်၊ အဖွဲ့ဝင်များ၊ စလေ-ပခန်းငယ်လမ်း ကတ္တရာခင်းခြင်းလုပ်ငန်းခွင်နှင့် ညောင်ချောင်း တောင်ဘလူ ရေကျော်လုပ်ငန်းနှစ်ခု၊ မြေသားလမ်းနှင့် ကျောက်ချောလမ်းခင်း ဆောင်ရွက်မည့် ကျောက်ရဲ- ပခန်းငယ် လမ်းလုပ်ငန်းများ ဆောင်ရွက်နေမှုကို အောက်တိုဘာ ၁၅ ရက်က သွားရောက်ကြည့်ရှုစစ်ဆေးရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးခင်မောင်ကျော်နှင့် ကုမ္ပဏီမှ တာဝန်ရှိသူများက လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။ လုပ်ငန်းဆောင်ရွက်သည့်ကုမ္ပဏီများအနေဖြင့် အများပြည်သူအကျိုးအတွက် စေတနာထား၍ စံချိန်စံညွှန်းပြည့်မီစွာ တင်ဒါစာချုပ်ပါစည်းကမ်းများကို လိုက်နာ၍ လုပ်ငန်းများ အမြန်ပြီးစီးရေးမှာကြားခဲ့ကြောင်း သိရသည်။ **ဝင်းဌေး (iprd)**


## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အဆင့်မြင့်ပညာဦးစီးဌာန
## အောက်မြန်မာပြည်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်အဝေးသင်တက္ကသိုလ်နှင့် မန္တလေးအဝေးသင်တက္ကသိုလ်များ၏ ၂၀၁၅ ပညာသင်နှစ်အတွက် အောက်ပါလုပ်ငန်းများလုပ်ဆောင်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါဈေးနှုန်းလွှာတင်သွင်းကြရန် ဖိတ်ခေါ်ပါသည်-

(က) ပို့ချချက်စာအုပ်များပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း
(ခ) လေ့လာမှုလမ်းညွှန်စာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း
(ဂ) စာစဉ်မေးခွန်းများနှင့် အဖြေလွှာစာအုပ်များ ပုံနှိပ်၊ ချုပ်လုပ်၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း
(ဃ) သင်ခန်းစာပို့ချချက် ဒီဗွီဒီချပ်များ ကူးယူ၊ ထုပ်ပိုးအပ်နှံခြင်းလုပ်ငန်း

၂။ ဈေးနှုန်းလွှာတင်သွင်းရန်အတွက် လျှောက်လွှာပုံစံနှင့် တင်ဒါစည်းကမ်းချက်များကို ၁၅-၁၀-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)မှစ၍ တစ်စုံလျှင် ကျပ် ၁၀၀၀၀/-(ကျပ်တစ်သောင်းတိတိ) နှုန်းဖြင့် အောက်ပါလိပ်စာ၌ ရုံးဖွင့်ရက်များတွင် ရုံးချိန်အတွင်း ဝယ်ယူတင်သွင်းနိုင်ပါသည်။
**ပါမောက္ခချုပ်ရုံးခန်း၊ ရန်ကုန်အဝေးသင်တက္ကသိုလ်**
**အမှတ် ၄၇(က)၊ အင်းလျားလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့**

၃။ ဈေးနှုန်းလွှာများကို ၂၄-၁၀-၂၀၁၄ရက် (သောကြာနေ့) ညနေ ၄း၃၀နာရီထက် နောက်မကျစေဘဲ အထက်ပါလိပ်စာရှိ တင်ဒါပုံးတွင် မှတ်ပုံတင်စာရင်းသွင်းပြီး တင်သွင်းရမည်။

၄။ ဈေးနှုန်းလွှာနှင့်အတူ တင်သွင်းမည့်နမူနာများကို လုံခြုံစွာထုပ်ပိုး၍ ပြည့်စုံစွာတင်ပြရမည်။

၅။ ထုတ်ဝေမည့်နမူနာများကို အောက်ဖော်ပြပါ နေရာများတွင် ကြည့်ရှုနိုင်သည်။
(က) ရန်ကုန်အဝေးသင်တက္ကသိုလ်
(ခ) မန္တလေးအဝေးသင်တက္ကသိုလ်

၆။ အသေးစိတ်သိရှိလိုသောအချက်များကို အထက်ဖော်ပြပါလိပ်စာတွင်လည်းကောင်း၊ ဖုန်း-၀၁-၅၃၆၅၅၅၊ ၀၁-၅၃၅၀၇၃၊ ၀၁-၅၂၅၁၃၈၊ ၀၂-၆၂၁၇၀၊ ၀၂-၆၀၅၄၄ နှင့် ၀၂-၆၂၄၁၀တို့သို့လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အဝေးသင်တက္ကသိုလ်များ၏စာအုပ်များနှင့်သင်ခန်းစာ**
**ပို့ချချက်ဒီဗွီဒီချပ်များထုတ်လုပ်ရေးလုပ်ငန်းကော်မတီ**



## ဘဏ္ဍာရေးဝန်ကြီးဌာန
## မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်
## ရန်ကုန်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဘဏ္ဍာရေးဝန်ကြီးဌာန၊ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၊ ရန်ကုန်မြို့၏ (၂၀၁၄-၂၀၁၅) ဘဏ္ဍာနှစ် ငွေလုံးငွေရင်းအသုံးစရိတ်ခွင့်ပြုငွေဖြင့် အောက်ဖော်ပြပါ ရုံးသုံးစက်ပစ္စည်းများနှင့် ရုံးသုံးယာဉ်များဝယ်ယူရန်အတွက် အိတ်ဖွင့်တင်ဒါများ ခေါ်ယူလိုပါသည်။

| စဉ် | ပစ္စည်းအမည် | အရေအတွက် |
|---|---|---|
| (က) | Hardware/Software for Myanmar Payment Union Card Perso Embosser | (၁)စုံ |
| (ခ) | Card Personalization Software | (၁)စုံ |
| (ဂ) | Hardware Security Module | (၁)စုံ |
| (ဃ) | Desktop Computer | (၁)လုံး |
| (င) | Note Bundling Machine | (၂)လုံး |
| (စ) | Bank Note Counting Machine And Thermal Printer | (၂)လုံး |
| (ဆ) | Toyota Hiace(15)Seater,Diesel | (၁)စီး |

၂။ တင်ဒါပုံစံများနှင့် တင်ဒါစည်းကမ်းချက်များအား ၁၇-၁၀-၂၀၁၄ရက်မှစတင်၍ မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်စီမံ (ပစ္စည်းထိန်း)ဌာနတွင် ဝယ်ယူနိုင်ပြီး ၁၁-၁၁-၂၀၁၄ရက် မွန်းလွဲ ၁၅း၀၀နာရီ နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

၃။ တင်ဒါများအား ၁၁-၁၁-၂၀၁၄ရက် (အင်္ဂါနေ့) ညနေ ၁၆း၀၀နာရီတွင် မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၌ တစ်ပြိုင်တည်း ဖွင့်ဖောက်ရွေးချယ်မည်ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုသောအချက်များကို မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်၏ စီမံ(ပစ္စည်းထိန်း)ဌာနတွင် ဘဏ်ချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါရွေးချယ်စိစစ်ရေးအဖွဲ့**
**မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့် ကူးသန်းရောင်းဝယ်ရေးဘဏ်**
**ဖုန်း-၀၁-၂၅၃၇၅၅**



## ဆောက်လုပ်ရေးသုံးပစ္စည်းများ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

မွန်ပြည်နယ်၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ မော်လမြိုင်ခရိုင်၏ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ် ပြည်နယ်ရန်ပုံငွေဖြင့် လုပ်ငန်းဆောင်ရွက်ရန်လိုအပ်လျှက်ရှိသော ဆောက်လုပ်ရေးသုံးပစ္စည်းများကို အောက်ပါအစီအစဉ်အတိုင်း အိတ်ဖွင့်တင်ဒါသွင်းနိုင်ပါသည်။

(က) တင်ဒါလျှောက်လွှာရယူနိုင်သည့်နေ့ရက် - ၁၇-၁၀-၂၀၁၄ (သောကြာနေ့)
(ခ) တင်ဒါလျှောက်လွှာရယူနိုင်သည့်နေရာ - မြို့နယ်လက်ထောက်အင်ဂျင်နီယာရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း (မော်လမြိုင်မြို့)။
(ဂ) တင်ဒါလျှောက်လွှာပိတ်မည့်နေရက် - ၂၂-၁၀-၂၀၁၄ (ဗုဒ္ဓဟူးနေ့)
(ဃ) တင်ဒါဖွင့်မည့်နေ့ရက် - ၂၄-၁၀-၂၀၁၄ (သောကြာနေ့) နံနက် (၁၀း၀၀)နာရီ
(င) တင်ဒါဖွင့်မည့်နေရာ - အင်ဂျင်နီယာမှူးကြီးရုံး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း(မော်လမြိုင်မြို့)။

**တင်ဒါစိစစ်ရေးအဖွဲ့ Ph : 057 24585**



## အထွေထွေကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ အနောက်ရွှေဂုံတိုင်၊ ရွှေဂုံရိပ်သာ၊ တိုက်(၃/၂)နေ ဦးဘသန်း၏သား ဦးဘမြင့် ၉/မမန(နိုင်)၀၁၃၉၄၅က ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွှန့်ရပ်ကွက်၊ မာလာနွယ်လမ်း၊ အမှတ်(၇၄၉)နေ ဦးချိန်ဝှက်၏သား ဦးသန်းအောင် ၁၂/ဗဟန(နိုင်)၀၇၃၆၉၈သို့ နိုတြီပဗ္ဗလစ်ရှေ့နေ ဦးလှဝင်းရှေ့မှောက်တွင် ၂၅-၁၀-၂၀၁၃ရက်၌လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ်(001/S)ကို ဤကြော်ငြာပါသည့်ရက်မှစ၍ ပြန်လည်ရုပ်သိမ်းပြီးဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးဘမြင့်၏လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ကြည်(LL.B) (စဉ်-၄၈၄၀)**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ်(၂၃၂)၊ နှင်းဆီလမ်း၊**
**ကွက်ပြင်(၃)မြောက်၊ ပြင်ဦးလွင်မြို့၊**
**ဖုန်း-၀၈၅-၂၉၇၄၀၊ ၀၉-၂၀၄၄၁၀၃**



**တစ်ဦးတည်းဖြစ်ပါကြောင်း**

ကျိုင်းတုံမြို့၊ ကတ်ထိုက်အုပ်စု၊ ကောင်းစပ်ရွာနေ မမာဂါဒလ ၁၃/ကတန(နိုင်)၁၇၈၇၈၈ တက္ကသိုလ်ဝင်တန်းအောင်၏ဖခင် ဦးအိုက်တောင်းနှင့် ဦးအိုက်ငေါင်း ၁၃/ကတန(နိုင်)၀၅၅၉၇၀သည် တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးအိုက်တောင်း(ခ)ဦးအိုက်ငေါင်း**



# စီးပွားရေးလုပ်ငန်း အတွေ့အကြုံရှိသူများ အမေရိကန်ပညာသင်လျှောက်ထားနိုင်

**ရန်ကုန် အောက်တိုဘာ ၁၇**

ပုဂ္ဂလိကနှင့် ကုမ္ပဏီလုပ်ငန်း အတွေ့အကြုံ ပျမ်းမျှ ၁၀ နှစ်ရှိ အလယ်အလတ်တန်းစားပညာတတ်များသည် အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်တက္ကသိုလ်၌ ဖွင့်လှစ်သင်ကြားမည့် နိုင်ငံတကာစီးပွားရေးဆိုင်ရာပညာရေးနှင့် သုတေသန MBA (USC Marshall's Los Angeles Campus, the International Business Education & Research MBA (IBEAR MBA) တစ်နှစ်သင်တန်း ပညာသင်ဆုအတွက် မြန်မာနိုင်ငံမှ စိတ်ဝင်စားသူများ လျှောက်ထားနိုင်ပြီဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ဆူးလေရှန်ဂရီလာဟိုတယ်၌ ကျင်းပသော စာနယ်ဇင်းရှင်းလင်းပွဲ၌ ပြောကြားလိုက်သည်။

အဆိုပါ စီးပွားရေးဆိုင်ရာ တစ်နှစ်ပညာသင်ဆုအတွက် အောက်တိုဘာ ၁၅ ရက်မှစတင်ကာ မတ် ၁၅ ရက်အထိ marshall,usc.edu/admissions/applyonline အွန်လိုင်းမှတစ်ဆင့် လျှောက်ထားနိုင်ပြီဖြစ်ကြောင်း၊ လျှောက်ထားကြသူများသည် ပျမ်းမျှအသက် ၃၃ နှစ်ရှိရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာစည်းကမ်းချက်နှင့် ပြည့်စုံသူများအား စိစစ်ရွေးချယ်သွားမည်ဖြစ်ကြောင်း၊ ရွေးချယ်ခံရသူများသည် ဇူလိုင်လမှစတင်ကာ တစ်နှစ်တိတိ အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်၌ စီးပွားရေးဆိုင်ရာ ပညာရပ်များ သင်ကြားခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ စီးပွားရေးဆိုင်ရာ ပညာသင်ကျောင်းသို့ စီးပွားရေးဆိုင်ရာ ဘာသာများ၊ သိပ္ပံနှင့်အင်ဂျင်နီယာဘာသာရပ်များ၊ ကွန်ပျူတာသိပ္ပံဘာသာရပ်နှင့် လူမှုရေးသိပ္ပံဘာသာရပ်များ စသည်ဖြင့် သင်ကြားခွင့်များ ရရှိမည်ဖြစ်သည်။ ယင်းပညာသင်ကျောင်း၌ ကမ္ဘာတစ်ဝန်း နိုင်ငံပေါင်း ၁၁ နိုင်ငံမှ ၁၅ နိုင်ငံအထိ ကန့်သတ်ထားပြီး လျှောက်ထားသူများအနက် ၃၆ ဦးကိုသာ စိစစ်ရွေးချယ်ပြီး နှစ်စဉ် သင်ကြားပေးလျက်ရှိသည်။ ၁၉၇၈ ခုနှစ်မှ စတင်တည်ထောင်ခဲ့သည့် IBEAR MBA သင်တန်းကျောင်းသည် ယခုအခါ နိုင်ငံပေါင်း ၆၀ ကျော်မှ တစ်နှစ်သင်တန်း တက်ရောက်ပြီးသူပေါင်း ၁၅၀၀ ကျော်ကို မွေးထုတ်ပေးနိုင်ခဲ့ပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါ တစ်နှစ်သင်တန်း တက်ရောက်ခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးမှာ ကမ္ဘာတစ်ဝန်းမှ ထိပ်တန်းကုမ္ပဏီများနှင့် ချိတ်ဆက်လုပ်ကိုင်ခြင်း၊ နိုင်ငံတကာ စျေးကွက်အတွင်း ပြဿနာများကို ကျွမ်းကျင်စွာ ဖြေရှင်းတတ်ခြင်း၊ စီးပွားရေးစိန်ခေါ်မှုများကို ဖြေရှင်းနိုင်ခြင်း စသောအတတ်ပညာများရရှိနိုင်မည် ဖြစ်ကြောင်း သိရသည်။

**မောင်နွေသစ်**

# မန္တလေးချစ်စိတ် မန္တလေးပုံရိပ် စာပေအနုပညာမဂ္ဂဇင်း စာမူရှင်ဂုဏ်ပြုပွဲကျင်းပ

**မန္တလေး အောက်တိုဘာ ၁၇**

မန္တလေးချစ်စိတ် မန္တလေးပုံရိပ်စာပေအနုပညာမဂ္ဂဇင်းထွက်ရှိသည့် အထိမ်းအမှတ်အဖြစ် စာပေပညာရှင်ကြီးများထံမှ ဩဝါဒခံယူပွဲနှင့် စာမူရှင်များဂုဏ်ပြုပွဲအခမ်းအနားကို အောက်တိုဘာ ၁၂ ရက်က မန္တလေးချမ်းမြသာစည်မြို့နယ် မနော်ဟရီလမ်းနှင့် ၅၆ လမ်းထောင့် အောင်ပင်လယ်မြို့သစ် ရွှေကလာပ်ခန်းမအပေါ်ထပ်၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နာယကဆရာတော်ကြီး အရှင်ခေမာစာရ(ရွှေဘိုကျော်ညွန့်လှိုင်)က ဩဝါဒကထာမြွက်ကြားတော်မူပြီး မန္တလေးချစ်စိတ် မန္တလေးပုံရိပ် အယ်ဒီတာချုပ် ဆရာမင်းဏီလူနှင့် အတိုင်ပင်ခံအယ်ဒီတာ ဆရာကြည်မင်းဝေတို့က မဂ္ဂဇင်းထွက်ရှိမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ဆရာကြီးလူထု ဦးသစ်လွင်၊ ဆရာကြီး ကိုလေး(အင်းဝဂုဏ်ရည်)နှင့် ဆရာစိုးနိုင်(မန္တလေး)တက္ကသိုလ်တို့က စာပေနှင့်ပတ်သက်၍ ဩဝါဒစကားပြောကြားပြီး အဖွဲ့ဒုတိယဥက္ကဋ္ဌ ဆရာမောင်သင်းပန်၏ မန္တလေးချစ်စိတ် မန္တလေးပုံရိပ်အက်ဆေးကို ဖတ်ကြားခဲ့သည်။

**ခင်ခင်ဝင်း(ပညာရေး)**

# ရွှေပညာဒါနသင်တန်း ၃/၂၀၁၆ ဖွင့်

**ရန်ကုန် အောက်တိုဘာ ၁၇**

ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း၏ ၃/၂၀၁၆ ရွှေပညာဒါန အခမဲ့သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၁၅ ရက်က ပန်းဘဲတန်းမြို့နယ် ရွှေဘုံသာလမ်းရှိ အသင်းရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးကျော်မြင့်နှင့် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းနာယက ဦးဘသန်း(BT) တို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်နှင့် အတွင်းရေးမှူး ဦးဝင်းမြင့်တို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့် သင်တန်း စည်းမျဉ်းများကို ပြောကြားခဲ့သည်။ သင်တန်းသို့ ရွှေပညာစိတ်ဝင်စားသူ ၈၀ တက်ရောက်ပြီး သင်တန်းကာလမှာ အောက်တိုဘာ ၁၅ ရက်မှ ၂၄ ရက်အထိ ဖြစ်သည်။ **ကိုကြီးတင်**




# ကျောက်ပန်းတောင်းမြို့နယ် ဝက်ချုပ်ကုန်းမြောက်ရွာနေပြည်သူများ သန့်ရှင်းသောသောက်သုံးရေလုံလောက်စွာ ရယူသုံးစွဲနိုင်ကြပြီ

**ကျောက်ပန်းတောင်း အောက်တိုဘာ ၁၇**

ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေလုံလောက်စွာ အသုံးပြုနိုင်ရေးအတွက် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နိုင်ငံတော်ခွင့်ပြုရန်ပုံငွေဖြင့်လည်းကောင်း အလှူရှင်များ၏ အစီအစဉ်ဖြင့်လည်းကောင်း တူးဖော်ဆောင်ရွက်ပေးလျက်ရှိရာ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ဝက်ချုပ်ကုန်း မြောက်ရွာတွင် စက်ရေတွင်း တစ်တွင်း တူးဖော်အောင်မြင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မြင့်ဝင်း၏ ကြီးကြပ်မှုဖြင့် ဝက်ချုပ်ကုန်းမြောက်ရွာတွင် အနက်ပေ ၄၀၀ ရှိ လေးလက်မ စက်ရေတွင်း တစ်တွင်းတူးဖော်အောင်မြင်ခဲ့သည်။

ဂါလန် ၂၀၀၀ ဆံ့ အုတ်ရေကန်၊ ရေစက်ရုံ၊ အင်ဂျင်စက်၊ လေမှုတ်စက်တပ်ဆင်ခြင်းလုပ်ငန်းများအားလုံးကို ဩဂုတ် ၃၀ ရက်က ပြီးစီးခဲ့၍ ယခုအခါ ကျေးလက်ပြည်သူများအနေဖြင့် သန့်ရှင်းသောသောက်သုံးရေများ လုံလောက်စွာ ရယူသုံးစွဲနိုင်ကြပြီဖြစ်သဖြင့် ဝမ်းမြောက်ပျော်ရွှင်လျက်ရှိနေကြပြီး အဆိုပါ ဝက်ချုပ်ကုန်းမြောက်ရွာတွင် အိမ်ခြေ ၁၀၇ အိမ်ရှိပြီး လူဦးရေ ၇၁၀ ရှိကြောင်း သိရသည်။

**နေအောင်**

## မကွေးတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မကွေးတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၏ ၂၀၁၆-၂၀၁၅ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးရန်ပုံငွေဖြင့်ဆောင်ရွက်မည့် လမ်းလုပ်ငန်းများအတွက် (၈၀/၁၀၀)အမျိုးအစား ကတ္တရာ(၆၂၈၀)တန်အား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| | | | |
|---|---|---|---|
| ၂။ | (က) | **တင်ဒါလျှောက်လွှာ စတင်ထုတ်ပေးမည့်ရက်** | - ၂၁-၁၀-၂၀၁၆ ရက် |
| | (ခ) | **တင်ဒါအဆိုပြုလွှာ နောက်ဆုံးတင်သွင်းရမည့် ရက်/အချိန်** | - ၂၈-၁၀-၂၀၁၆ ရက် ၁၃း၀၀ နာရီ |
| | (ဂ) | **တင်ဒါစိစစ်ရွေးချယ်မည့် ရက်/အချိန်/နေရာ** | - ၂၉-၁၀-၂၀၁၆ ရက် ၁၃း၀၀ နာရီ အင်ဂျင်နီယာမှူးကြီးရုံး၊ မကွေးမြို့ |

၃။ အသေးစိတ်အချက်အလက်များသိရှိလိုပါက မကွေးတိုင်းဒေသကြီး၊ အင်ဂျင်နီယာမှူးကြီးရုံး၊ ဖုန်း-၀၆၃-၂၃၀၁၈၊ ၀၆၃-၂၅၁၈၇ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**

**အမည်ပြောင်း**

ဒဂုံအရှေ့ပိုင်းမြို့နယ် ဦးစိုးလွင် ၁၂/ဥကတ(နိုင်)၀၆၁၃၁၉၏သား အမက(၄) စတုတ္ထတန်း(C)မှ မောင်ဖြိုးပိုင်စိုးအား မောင်ထက်ပိုင်စိုးဟု ပြောင်းလဲခေါ်ပါရန်။

## စက်မှုဝန်ကြီးဌာန စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း ကြွေရည်စိမ်ပစ္စည်းစက်ရုံ(မရမ်းကုန်း)နှင့် ဖိနပ်စက်ရုံ(ကျောက်ဆည်)၊ စက္ကူစက်ရုံ(စစ်တောင်း) အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

စက်မှုဝန်ကြီးဌာန ကြွေရည်စိမ်ပစ္စည်းစက်ရုံ(မရမ်းကုန်း)ရှိ ကြွေဖုတ်မီးဖိုနံပါတ်(၂)တွင် တပ်ဆင်ထားသည့် မီးခံအုတ်များ၊ မီးဖို၏ဆက်စပ်စက်နှင့် စက်ပစ္စည်းများ ဖိနပ်စက်ရုံ(ကျောက်ဆည်)ရှိ စက်ပစည်း(၂၃၁)မျိုး၊ သွယ်ဝိုက်ပစ္စည်း (၇၁)မျိုး၊ ထုပ်ပိုးပစ္စည်း (၇)မျိုး၊ စက္ကူစက်ရုံ(စစ်တောင်း)ရှိ ဓာတုဗေဒပစ္စည်း (၃၅)မျိုးနှင့် စက်ဆီ/ချောဆီ (၁၄)မျိုးတို့အား အောက်ဖော်ပြပါအတိုင်း အိတ်ဖွင့်တင်ဒါရောင်းချမည်ဖြစ်ပါသည်-

| | | |
|---|---|---|
| ၁။ | **တင်ဒါစည်းကမ်းနှင့် လျှောက်လွှာပုံစံ ရောင်းချမည့်နေ့ရက်အချိန်၊ နေရာ** | - ၂၀-၁၀-၂၀၁၆ရက် ၁၀း၀၀မှ ၁၅း၀၀နာရီ<br>- စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း(ရုံးချုပ်) အုပ်ချုပ်ရေးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော် |
| ၂။ | **တင်ဒါတင်သွင်းမည့်ရက်၊ အချိန် နေရာ** | - ၃၁-၁၀-၂၀၁၆ရက် ၁၀း၃၀နာရီ<br>- ဒုတိယဝန်ကြီး(၁)ရုံး၊ ရုံးအမှတ် (၃၇) နေပြည်တော် |
| ၃။ | **တင်ဒါပိတ်မည့်ရက်၊ အချိန်** | - ၃၁-၁၀-၂၀၁၆ရက် ၁၆း၀၀နာရီ |

၄။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၃၈၉၊ ၀၆၇-၄၀၈၂၀၆၊ (ရုံးချုပ်)၊ ဖုန်း-၀၁-၆၆၁၃၁၇ [ကြွေရည်စိမ်ပစ္စည်းစက်ရုံ(မရမ်းကုန်း)]၊ ဖုန်း-၀၁-၆၄၀၂၇၆၊ [ဖိနပ်စက်ရုံ(ဖော့ကန်)] စက္ကူစက်ရုံ(စစ်တောင်း)၊ ဖုန်း-၀၅၇-၆၂၀၇၆တို့တွင် ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်လေလံရောင်းချရေးအဖွဲ့**
**စက္ကူနှင့်အိမ်သုံးပစ္စည်းလုပ်ငန်း**

## ဆေးသုတ်လုပ်ငန်း တင်ဒါခေါ်ယူခြင်း

ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင် ယုဇနတာဝါမျက်နှာစာအား ဆေးပြန်လည်သုတ်မည်ဖြစ်ပါ၍ လုပ်ကိုင်လိုသည့် ဆေးသုတ်အဖွဲ့များ တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါပိတ်ရက်** - ၁၄-၁၁-၂၀၁၆ရက်

အသေးစိတ်သိလိုပါက ယုဇနတာဝါအုပ်ချုပ်ရေးမှူးရုံးတွင် လာရောက်စုံစမ်းနိုင်ပါသည်။

**ယုဇနတာဝါစီမံခန့်ခွဲရေးကော်မတီ**
**ဖုန်း-၀၁-၈၆၀၃၁၆၂**

## အမြန်ရောင်းမည်

ဒဂုံတောင်၊ မြောက်လမ်းဆုံအနီး ပေ၂၀×ပေ၆၀ အိမ်ပါမြေကွက်ရောင်းမည်။ **ဖုန်း-၀၉-၅၀၃၇၄၆၇၊ ၀၉-၄၃၁၆၇၄၅၁**

## အိမ်နှင့်ခြံရောင်းမည်

ဎ-ပန်းခြံ၉၊ ၁၃ရပ်ကွက်၊ ရွှေဘိုလမ်း၊ ရွှေပြည်သာမြို့နယ် ပေ၂၀×ပေ၆၀ တိုက်လုံးချင်း **ဖုန်း-၀၉-၈၆၃၅၄၄၀၊ ၀၉-၃၀၂၄၉၃၇၇**

## ပြင်ဆင်ချက်

၄-၉-၂၀၁၆ရက် မြန်မာ့အလင်းသတင်းစာနှင့် ၆-၉-၂၀၁၆ ရက် ကြေးမုံသတင်းစာပါ မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာန၏ လက်ထောက်ဆရာဝန် (၁၇၅)ဦးနှင့် သွားဘက်ဆိုင်ရာဆရာဝန်(၁၂)ဦး ခေါ်ယူမည်ဖြစ်ကြောင်း လာရောက်လျှောက်ထားမည့် လက်ထောက်ဆရာဝန်နှင့် သွားဘက်ဆိုင်ရာ ဆရာဝန်ရာထူးအတွက် အလုပ်သင်ပြီးဆုံးကြောင်း ထောက်ခံချက်ပါ ပူးတွဲတင်ပြရန်နှင့် စာမေးပွဲရေးဖြေဖြေဆိုခြင်း၊ လူတွေ့စစ်ဆေးခြင်းများကို ယခင်ကြော်ငြာထားသည့် ၁-၁၁-၂၀၁၆ ရက်နှင့် ၂-၁၁-၂၀၁၆ ရက်အစား လက်ထောက်ဆရာဝန်များအနေဖြင့် ၁၇-၁၁-၂၀၁၆ ရက်မှ ၂၂-၁၁-၂၀၁၆ ရက်အထိလည်းကောင်း၊ သွားဘက်ဆိုင်ရာဆရာဝန်များအနေဖြင့် ၂၃-၁၁-၂၀၁၆ ရက်တွင်လည်းကောင်း နှုတ်ဖြေစာမေးပွဲကိုသာ ဖြေဆိုရမည်ဖြစ်ကြောင်း ပြန်လည်ပြင်ဆင်လိုက်သည်။

ဖြေဆိုရမည့်ရက်စွဲအလိုက် ခုံအမှတ်များကို တိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာနမှူးရုံးတွင် ကြေညာထားမည်ဖြစ်ပြီး ဖြေဆိုခွင့်ကတ်များကို ၁၀-၁၁-၂၀၁၆ ရက်မှ ၁၄-၁၁-၂၀၁၆ ရက် ရုံးချိန်အတွင်း မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူးရုံးတွင် လူကိုယ်တိုင်လာရောက်၍ ထုတ်ယူရန်ဖြစ်ပြီး သိရှိလိုသောအချက်များရှိပါက မကွေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၆၃-၂၃၅၇၆ သို့ဖြစ်စေ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**မကွေးတိုင်းဒေသကြီးကျန်းမာရေးဦးစီးဌာန**




နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် ရှားချောင်းကျေးရွာ အလယ်တန်းကျောင်းခွဲ၌ ကမ္ဘာ့လက်ဆေးခြင်းနေ့ အခမ်းအနားကျင်းပရာ ကျောင်းသား ကျောင်းသူလေးများအား လက်ဆေးခြင်းအလေ့အထများ သင်ကြားပေးနေစဉ်။ (မြို့နယ် ပြန်/ဆက်)

# မိုးညှင်းမြို့နယ် နန့်ပုတ်ဘုန်းတော်ကြီးကျောင်းတွင် နှစ်လက်မစက်ရေတွင်းတူးရာ ရေလျှံတွင်းဖြစ်ပေါ်

**မိုးညှင်း အောက်တိုဘာ ၁၇**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန့်ပုတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ စက်ရေတွင်းတူးရာမှ ရေလျှံတွင်း ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

အဆိုပါ စက်ရေတွင်းကို စက်တင်ဘာ ၇ ရက်တွင် နှစ်လက်မ စက်ရေတွင်းတူးဖော်ခဲ့ရာ စက်တင်ဘာ ၂၅ ရက်တွင် ပေ ၂၉၀ အနက်အထိ ရောက်ရှိပြီးရေထွက်ရှိခဲ့ရာ နှစ်လက်မ ပလတ်စတစ်ပိုက်များ အစားထိုးထည့်ခဲ့ရာ မြေအောက်ရေ၏ တွန်းကန်မှုကြောင့် အနက်ပေ ၁၈၀ အထိသာ အစားထိုးနိုင်ခဲ့သည်။

ရေထွက်နှုန်းကို စောင့်ကြည့်နေခဲ့ရာ အောက်တိုဘာ ၁၅ ရက်အထိ ရေထွက်နှုန်းမှာ ကောင်းမွန်နေပြီး ရေလျှံတွင်းအဖြစ် ရေများထွက်အားကောင်းနေဆဲဖြစ်ကြောင်း၊ စက်ရေတွင်းတူးဖော်သည့်အဖွဲ့မှာ ကချင်ပြည်နယ် မိုးညှင်းမြို့ စိမ်းရတနာမွန်မြောက်ပိုင်းရပ်နေ ဦးအောင်ပိုနှင့်အဖွဲ့ဖြစ်ကြောင်း သိရသည်။

"စက်ရေတွင်းက ရေကိုကျိုချက်ပြီး ရေနွေးကြမ်းအဖြစ် သောက်တဲ့အခါ ရေနွေးအရောင်က သာမန်ထက် ပိုရင့်တယ်။ ရေထဲမှာ အဆီနည်းနည်းပါတယ် ထင်ရတာပဲ။ ရေစိမ်းသောက်ရင်တော့ မသိသာလှဘူး။ စထွက်စမို့လားတော့ မသိဘူးပေါ့။ အချိန်ယူပြီးတော့ စောင့်ကြည့်ရဦးမှာပါ။နွေ၊ မိုး၊ ဆောင်းရာသီတိုင်း အချိန်ပြည့် အခုထွက်နေတဲ့ ပုံစံအတိုင်းရေလျှံတွင်းအဖြစ် ဆက်ရှိနေမယ်ဆိုရင်တော့ ကောင်းတာပေါ့။ ဘုန်းတော်ကြီးကျောင်းအတွက်တင်မကဘဲ ရွာထဲမှာလည်း ရေလှောင်ကန်တွေတည်ဆောက်ပြီး သောက်သုံးရေအဖြစ်သုံးမယ်။ နွေရာသီ မီးဘေးအန္တရာယ်ကာကွယ်ရေးအတွက်လည်း မီးသတ်ရေကန်တည်ဆောက်ပြီး ရေလှောင်ထားနိုင်တာပေါ့" ဟု နန့်ပုတ်ကျေးရွာ ဘုန်းတော်ကြီးကျောင်းမှ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တက္ကန္ဒက က မိန့်ကြားသည်။

"ကျွန်တော်တို့ ပုံမှန်သုံးနေကျ ရေဟာ ရေနွေးပဲကျိုချက်ပြီးသောက်သောက်၊ ဟင်းချက်ရာမှာပဲသုံးသုံး အရောင်မပြောင်းဘူး။ စက်ရေတွင်းက ထွက်တဲ့ရေကတော့ စထွက်စမို့လားမသိဘူး။ ရေက နည်းနည်းနောက်တယ်။ ပလတ်စတစ်နံ့နည်းနည်းရတယ်။ ကြာရင်တော့ ရေကကြည်လာပြီး အနံ့ကလည်း ပျောက်သလောက် ဖြစ်သွားမယ်ထင်ပါတယ်။ အခြေအနေကိုတော့ စောင့်ကြည့်နေတုန်းပါပဲ။ ဆရာတော်က ရေအခြေအနေကို သိပ်မကြိုက်လို့ အခုတူးဖော်ထားတဲ့ စက်ရေတွင်းနဲ့ ပေ ၁၀၀ ခန့်အကွာမှာ နောက်စက်ရေတွင်းတစ်တွင်း ထပ်မံတူးဖော်နေပါတယ်" ဟု စက်ရေတွင်းတူးဖော်သည့် အဖွဲ့မှ ကိုအောင်စိုးက ပြောသည်။

**ညိုမြင့်ထက်(မြန်မာစာ)**

# မှူခင်းကြိုတင်ကာကွယ်ရေးနှင့် မှူခင်းကျဆင်းရေးလုပ်ငန်း ညှိနှိုင်းဆွေးနွေးပွဲ ဂန့်ဂေါမြို့၌ကျင်းပ

**ဂန့်ဂေါ အောက်တိုဘာ ၁၇**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်အတွင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ မှူခင်းကြိုတင်ကာကွယ်ရေးနှင့် မှူခင်းကျဆင်းရေးဆောင်ရွက်ရာတွင် ပြည်သူများပူးပေါင်းပါဝင်စေရေးလုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၄ ရက်က ဂန့်ဂေါမြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၌ ကျင်းပခဲ့သည်။

ယင်းဆွေးနွေးပွဲသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်ဆွေ၊ ဒုတိယမြို့နယ်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးသိန်းဆွေ၊ ရဲဝန်ထမ်းဟောင်းဦးရာတင်၊ ပုညဟိတေသီလူမှုကူညီရေးအသင်းမှ ဦးဝင်းမြင့်၊ ပါရမီရှင်လူမှုကူညီရေးအသင်းမှ ဦးမြင့်ထွေး၊ နယ်မြေခံသတင်းထောက်များဖြစ်ကြသော ဦးမြင့်နိုင်၊ ဦးကျော်သန်းဆွေ၊ ဦးသန်းနိုင်နှင့် ဖိတ်ကြားထားသူများ စုံညီစွာတက်ရောက်ခဲ့ကြပြီး မှူခင်းများမဖြစ်ပွားအောင် ကြိုတင်ကာကွယ်နိုင်ရေး၊ ဖြစ်ပွားပြီး မှူခင်းဖြစ်ရပ်များမှ ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်ဖမ်းဆီးနိုင်ရေးတို့အတွက် ပြည်သူများက နိုင်ငံသားများ၏ တာဝန်ဝတ္တရားများကို သိရှိနားလည်သဘောပေါက်ပြီး လက်တွေ့ကျင့်သုံး ပူးပေါင်းပါဝင်လာမှု၏ အခန်းကဏ္ဍသည် အလွန်အရေးပါပုံကို အလေးထားဆွေးနွေးကြကြောင်း ဂန့်ဂေါမြို့နယ် ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**



**ကမ္ဘာလုံးဆိုင်ရာ လက်သန့်ရှင်းရေးနေ့ အထိမ်းအမှတ်အခမ်းအနားကို အောက်တိုဘာ ၁၅ ရက်က ရန်ကုန်တိုင်းဒေသကြီး အထက(၂) စမ်းချောင်းမြို့နယ်၌ ကျင်းပရာ ကျောင်းသား ကျောင်းသူများအား စနစ်တကျ လက်ဆေးခြင်းအလေ့အထများကို သင်ကြားပြသပေးစဉ်။**

သတင်းမြင်ကွင်း - မေဦးမိုး

# ပြည်ထောင်စုလွှတ်တော် ဖွံ့ဖြိုးရေးရန်ပုံငွေ ဥပဒေဆိုင်ရာများ ဆိပ်ဖြူ၌ ဆွေးနွေး

**ဆိပ်ဖြူ အောက်တိုဘာ ၁၇**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ်တွင် ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေးရန်ပုံငွေ ရှင်းလင်းဆွေးနွေးပွဲကို အောက်တိုဘာ ၁၅ ရက်က မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ငွေသဲဖြူခန်းမ၌ ကျင်းပသည်။

ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဖွံ့ဖြိုးရေး ရန်ပုံငွေဥပဒေ အမှတ်(၉)အား တာဝန်ရှိသူများက ရှင်းလင်းပြောကြားပြီး ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ရန်ပုံငွေများသုံးစွဲမှု၊ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ ညွှန်ကြားချက်များနှင့်အညီ အချိန်မီတင်ပြသွားကြရေး ဆွေးနွေးခဲ့ကြသည်။

**ကိုမျိုး(ယောရော)**

## သခင်ဘိုးလှကြီးစက်မှုလက်မှုသိပ္ပံ(ချောက်မြို့)

**ဖိတ်ကြားအပ်ပါသည်**

အသက်(၆၀)ပြည့် ဆရာကြီး ဆရာမကြီးအာစရိယပူဇော်ပွဲ၊ အသက်(၅၀)ပြည့် ဆရာကြီး ဆရာမကြီးများအား ကျန်းမာရေးစောင့်ရှောက်မှု ပူဇော်ပွဲနှင့် မိတ်ဆုံညစာစားပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် စုံညီစွာတက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**အစီအစဉ်**

**ကျင်းပမည့်နေ့ရက်** - ၂၇-၁၂-၂၀၁၄ရက် (စနေနေ့)
**ကျင်းပမည့်အချိန်** - ညနေ ၆း၃၀နာရီ
**ကျင်းပမည့်နေရာ** - Dolphin Restaurant၊ နတ်မောက်လမ်း (ကန်တော်ကြီး)၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

**ဆက်သွယ်လှူဒါန်းရန်**

**ချောက်မြို့**
၁။ ဦးတင်သောင်း ဖုန်း-၀၉-၂၂၀၀၇၃၀၊
၂။ ဦးကျော်ကျော် ဖုန်း-၀၉-၂၃၀၅၁၁၇၊
၃။ ဦးညွန့်ဝေ ဖုန်း-၀၉-၂၃၀၅၆၉၂၊

**မကွေး**
၁။ ဦးအေးမင်း ဖုန်း-၀၉-၄၀၁၅၅၉၅၅၄၊
၂။ ဦးခင်မောင်ဝင်း ဖုန်း-၀၉-၅၃၄၀၄၉၅၊
၃။ ဦးမြင့်ဇော် ဖုန်း-၀၆၅-၂၁၀၉၅၊
၄။ ဦးသန်းလှဦး ဖုန်း-၀၉-၅၀၀၀၈၅၂၊
၅။ ဦးမိုးကျော် ဖုန်း-၀၆၃-၂၇၇၇၈၊

**နေပြည်တော်**
၁။ ဦးဆန်မင်းညီ ဖုန်း-၀၉-၂၅၀၉၀၉၀၀၂၊
၂။ ဦးခင်မောင်ဆွေ ဖုန်း-၀၉-၈၆၂၁၅၄၅၊
၃။ ဦးအောင်ကြည်ဝင်း ဖုန်း-၀၉-၈၆၂၁၈၆၅၊

**ပခုက္ကူ**
၁။ ဦးစိန်မင်း(စိန်စန်းစတိုး) ဖုန်း-၀၉- ၂၃၀၂၃၅၃၊ ၀၆၂-၂၁၂၂၇

**မန္တလေး**
၁။ ဦးစိန်ဝင်း ဖုန်း-၀၉-၃၁၇၂၄၄၀
၂။ ဦးထွန်းဝင်း ဖုန်း-၀၉-၂၀၀၉၈၃၅

**ရန်ကုန်**
၁။ ဦးထွန်းလင်းဇော် ဖုန်း-၀၉-၅၀၉၄၈၆၉
၂။ ဒေါ်သော်တာလင်း ဖုန်း-၀၉-၅၄၀၇၈၇၈
၃။ ဒေါ်ပန်းဇာဖြူ ဖုန်း-၀၉-၄၀၁၅၁၅၅၀၁
၄။ ဦးညာဏ ဖုန်း-၀၉-၄၀၁၅၇၉၆၁၅

**စင်ကာပူ**
၁။ ဦးစန်းမြင့် ဖုန်း+၆၅၉၆၄၃၇၄၇၃
၂။ ဒေါ်မြင့်မြင့်ထွေး ဖုန်း+၆၅၉၁၀၆၀၀၇၀
၃။ ဦးမျိုးဇော် ဖုန်း +၆၅၉၈၅၁၀၅၂၈

## ချောက်မြို့၊ သခင်ဘိုးလှကြီး စက်မှုလက်မှုသိပ္ပံမိသားစု ကထိန်သင်္ကန်းကပ်လှူပွဲများ ဖိတ်ကြားလွှာ

ချောက်မြို့၊ သခင်ဘိုးလှကြီးစက်မှုလက်မှုသိပ္ပံမိသားစု၏ စုပေါင်းမဟာဘုံကထိန်သင်္ကန်းကပ်လှူပွဲများကို ရန်ကုန်မြို့နှင့် မန္တလေးမြို့များတွင် အောက်ပါအစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ဆရာကြီး၊ ဆရာမကြီးများနှင့် သူငယ်ချင်းအားလုံးတို့သည် နီးစပ်ရာမြို့များတွင်ကျင်းပမည့် ကထိန်သင်္ကန်းကပ်လှူပွဲများသို့ မပျက်မကွက် တက်ရောက်နိုင်ကြပါရန် နှိုးဆော်ဖိတ်ကြားအပ်ပါသည်။

(သီးခြားဖိတ်စာ မပို့ပါ)

**အစီအစဉ်**

| နေရာ | နေ့ရက် | အချိန် |
|---|---|---|
| ရန်ကုန် ရွှေကျင်ဓမ္မာရုံ ကြားတောရလမ်းနှင့်ကမ္ဘာအေးဘုရားလမ်းထောင့် ဗဟန်းမြို့နယ်။ | ၂၆-၁၀-၂၀၁၄ (တနင်္ဂနွေနေ့) | နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီအထိ |
| မန္တလေး ၃၁×၇၁ထောင့်၊ နန်းဦးထိုက် မော်လမြိုင်ကျောင်း၊ ချမ်းအေးသာဇံ။ | ၂-၁၁-၂၀၁၄ (တနင်္ဂနွေနေ့) | နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီအထိ |

လှူဒါန်းလိုသူများသည် အောက်ပါပုဂ္ဂိုလ်များထံဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**ရန်ကုန်**
(၁) ကိုမျိုးချစ် ဖုန်း-၀၉-၂၅၀၁၇၅၇၇၈
(၂) ကိုညီညီထွန်း ဖုန်း-၀၉-၅၁၀၄၃၃၅
(၃) ကိုအောင်မြ ဖုန်း-၀၉-၅၀၅၇၀၂၄
(၄) ကိုထွန်းလင်းဇော် ဖုန်း-၀၉-၅၀၉၄၈၉၆

**မန္တလေး**
(၁) ကိုစိန်ဝင်း ဖုန်း-၀၉-၄၃၁၇၂၄၄၀
(၂) ကိုထွန်းဝင်း ဖုန်း-၀၉-၂၀၀၉၈၃၅

## မိခင်အမည်မှန်

ရန်ကုန်မြို့ မြောက်ဒဂုံ အလက(၃) ပဋ္ဌမတန်းတွင် ပညာသင်ကြားနေသော မနိုဘဲယ်စုကြည်သိမ်း၏ မိခင်အမည်မှန်မှာ ဒေါ်အိအိစံ ၁၄/ကလန(နိုင်)၁၈၄၄၇၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ကျုံပျော်မြို့နယ် အထောင်မြို့(အထက) တက္ကသိုလ်ဝင်တန်း(D)မှ မဇွန်မိမိမောင်၏ ဖခင်အမည်မှန်မှာ ဦးစိန်မောင် KPW-033062 ဖြစ်ပါကြောင်း။

**ဦးစိန်မောင်**

## Moe Kyaw Group of Company

**တိုက်အမှတ်(၁/၈)၊ မြနန္ဒာလမ်း၊ (၆၂×၆၃လမ်းကြား) (၂၇×၂၈လမ်းကြား)၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊ ဖုန်း-၀၉-၈၆၂၄၀၉၇၊ ၀၉-၄၂၁၀၆၉၆၉၂၊ ၀၉-၂၅၀၂၇၃၄၂၈**

လုပ်ငန်းခွင်အင်ဂျင်နီယာ (Site Enginner) ကျား(၅)ဦး

- BE/B-tech/ AGTI (Civil) လက်မှတ်ရရှိပြီးသူဖြစ်ရမည်။
- အဆောက်အအုံဆောက်လုပ်ရေးလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၃)နှစ်ရှိသူဖြစ်ရမည်။
- Estimate တွက်ချက်နိုင်သူဖြစ်ရမည်။

လျှောက်ထားလိုသူများသည် CV Form နှင့်အတူ Pass Port ဓာတ်ပုံ(၃)ပုံ၊ အိမ်ထောင်စုဇယားမိတ္တူ၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံစာ၊ ဘွဲ့လက်မှတ်မိတ္တူနှင့် အခြားကျွမ်းကျင်မှုဆိုင်ရာ Certificate များတင်ပြ၍ မျှော်မှန်းလစာတို့ကို ပြည့်စုံစွာဖော်ပြပြီး ၃၁-၁၀-၂၀၁၄ ရက်နောက်ဆုံးထား၍ လျှောက်လွှာများပေးပို့နိုင်သည်။

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် ၁၀ယ/၅၇၄၂၄ KENBO-110 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းငွေ ၈/ငဖန(နိုင်)၀၁၇၄၂၃က (ကမ-၃) ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ တိုင်းရုံး(မကွေး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၁၀ယ/၄၁၆၄၇ Honda Wave NF-125 MT ယာဉ်လက်ဝယ်ရှိသူ ဦးချမ်းသာဇော် ၇/ပတတ(နိုင်)၁၀၄၉၃၁က (ကမ-၃)ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း ကညန၊ တိုင်းရုံး(မကွေး)သို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။ **ကညန၊ တိုင်းရုံး(မကွေး)**

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

# ဗီယက်နမ်အထွက်တိုးမျိုးစပါး စမ်းသပ်စိုက်ပျိုးမှုအောင်မြင်

**မိုးညှင်း အောက်တိုဘာ ၁၇**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နမ္မားဒေသ လယ်မီးကျေးရွာအုပ်စု ကွင်းကြီးကျေးရွာတွင် အောက်တိုဘာ ၁၅ ရက်က တောင်သူဦးဇော်ဝမ်း၏ လယ်မြေတွင် ဗီယက်နမ် အထွက်တိုး မျိုးစပါး နှစ်ဧကကို စမ်းသပ်စိုက်ပျိုးခဲ့ရာ စပါးသီးနှံများ လှပဝေဆာစွာ အောင်မြင်ဖြစ်ထွန်းသောကြောင့် အဆိုပါ မျိုးကောင်းမျိုးသန့်စပါးမျိုးရရှိနိုင်ရန်အတွက် တောင်သူများက တန်းစီစနစ်ဖြင့် ကြိုတင်မှာယူခြင်း၊ ဗဟုသုတအဖြစ် လေ့လာသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ယခုအခါ ဗီယက်နမ်အထွက်တိုး စပါးကို သိပ္ပံနည်းမပါ ပုံမှန်စိုက်ပျိုးနည်းအတိုင်း စိုက်ပျိုးခဲ့ရာ စပါးအနှံများမှာ ယခင်စပါးပင်များနှင့်မတူ လှပဝေဆာစွာဖြင့် အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း၊ ၄င်းမျိုးစပါး တစ်တင်းလျှင် ငွေကျပ် ၃၀၀၀၀ ဖြင့် တောင်သူတစ်ဦးလျှင် တစ်တင်း၊ နှစ်တင်းစသဖြင့် ခွဲဝေရောင်းချပေးမည်ဖြစ်ရာ ကြိုတင်အော်ဒါမှာယူသူများမှာ ၂၀၀ ခန့် အထိရှိကြောင်း ကွင်းကြီးကျေးရွာနေသူ ဦးတင်မြင့်က ပြောပြသည်။



"ဒီစပါးမျိုးကိုမရရင် ခေတ်နောက်ကျသွားနိုင်ပါတယ်။ ကျွန်တော့်တစ်သက်မှာ ဒီလောက်လှတဲ့စပါးနှံပင်မျိုးကို မတွေ့ဖူးသေးလို့ပါ။ ဘယ်စပါးမျိုးပဲဖြစ်ဖြစ် အထွက်နှုန်းတိုးမယ်၊ စားလို့လည်းကောင်းမယ်၊ ကိုယ့်ရေမြေနဲ့လည်း ကိုက်ညီမယ်၊ စီးပွားရေးဈေးကွက်လည်းကောင်းမယ်ဆိုရင် ဘယ်နိုင်ငံက ဘယ်လိုစပါးမျိုးပဲဖြစ်ဖြစ်၊ ဘယ်နေရာမှာပဲရှိနေပါစေရအောင်ယူပြီး စိုက်ရမှာပါ။ ဒါမှကျွန်တော်တို့ တောင်သူတွေ ခေတ်မီတိုးတက်မှာပါ။ ဒီစပါးမျိုးက ဗီယက်နမ်နိုင်ငံမှာ တင်း ၃၀၀ ကျော်ထွက်တယ်လို့ သိရပါတယ်။ ကျွန်တော်တို့နိုင်ငံ၊ ကျွန်တော်တို့ ဒေသမှာတော့ တစ်ဧကကို တင်း ၂၀၀ ကျော် ထွက်ရင်တော့ တောင်သူတွေမြေကြီးက ရွှေသီးပြီပေါ့ဗျာ" ဟု လုံးစန့်ရွာမှ တောင်သူကြီး ဦးအောင်မျိုးညွန့်က ပြောသည်။

အဆိုပါ ဗီယက်နမ် အထွက်တိုး စပါးကိုရင့်မှည့်ချိန်တွင် စံကွက်ချပြီး စနစ်တကျရိတ်သိမ်းကာ စပါးအလေအလွင့်မရှိအောင် တိုင်းတာချိန်တွယ်ခြင်း၊ အထွက်နှုန်း စံချိန်စံညွှန်းနှင့် ကိုက်ညီမှု ရှိ မရှိကို လုပ်ဆောင်ကာ တောင်သူပညာပေး လုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မိုးညှင်းခရိုင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိန်မြင့်ထံမှ သိရသည်။

(၁၄၉)

# အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်သို့ ဒစ်ဂျစ်တယ်စာကြည့်တိုက် လှူဒါန်း

**မန္တလေး အောက်တိုဘာ ၁၇**

မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)သို့ Public Digital Library Service စက် ပေးအပ်လှူဒါန်းပွဲကို အောက်တိုဘာ ၁၅ ရက်က ကျင်းပရာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်နှင့် ဌာနမှူးများ တက်ရောက်ကြသည်။

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး)မှ ပါမောက္ခချုပ်က Phone၊ Tablet၊ Note Book၊ Laptop Computer များဖြင့် အလွယ်တကူ လေ့လာဖတ်ရှုနိုင်တော့မှာဖြစ်လို့ ပညာသင်ကြားလျက်ရှိတဲ့ ကျောင်းသား ကျောင်းသူ၊ ဆရာ ဆရာမနှင့် ဝန်ထမ်းများက အနုပညာဆိုင်ရာ ဗဟုသုတများ၊ စာပေဆိုင်ရာ ဗဟုသုတများ၊ အထွေထွေဗဟုသုတများနှင့် နိုင်ငံတကာတက္ကသိုလ်များ၏ စာပေအနုပညာရပ်ဆိုင်ရာ ဗဟုသုတများကို အချိန်တိုအတွင်းမှာ တစ်ပြိုင်တည်း လေ့လာဖတ်ရှုနိုင်တော့မှာဖြစ်လို့ ကျွန်မတို့တက္ကသိုလ်အတွက် တန်ဖိုးမဖြတ်နိုင်သော အရာတစ်ခုဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါတက္ကသိုလ်ကို ၂၀၀၁ ခုနှစ် နိုဝင်ဘာ ၅ ရက်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပုတို့မှ ရိုးရိုးဝိဇ္ဇာဘွဲ့ ၅၁၂ ဦး၊ ဝိဇ္ဇာ(ဂုဏ်ထူး)ဘွဲ့ ၉၅ ဦး၊ ဘွဲ့လွန် အနုပညာဒီပလိုမာဘွဲ့ ၁၀၅ ဦး၊ ဂုဏ်ထူးဆောင်မဟာဝိဇ္ဇာဘွဲ့ သုံးဦး၊ ဂုဏ်ထူးဆောင်ဝိဇ္ဇာဘွဲ့ ခြောက်ဦးတို့အား ဘွဲ့ချီးမြှင့်အပ်နှင်း မွေးထုတ်ပေးနိုင်ခဲ့သည့်အပြင် တက္ကသိုလ်စတင်ဖွင့်လှစ်ချိန်မှစ၍ တက္ကသိုလ်စာကြည့်တိုက်တွင် မြန်မာဘာသာစာအုပ် ၄၀၁၆ အုပ်၊ အင်္ဂလိပ်ဘာသာစာအုပ် ၁၃၃၆ အုပ်၊ သုတေသနစာတမ်း ၆၆၉ အုပ်၊ မဂ္ဂဇင်း၊ ဂျာနယ် ၂၄၂၃ အုပ် စုစုပေါင်း ၈၄၄၄ အုပ်ရှိရာ ယခုအခါ တိုးတက်လာသော နည်းစနစ်ဖြင့် စာအုပ်စာပေများစွာ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်တော့မည်ဖြစ်သဖြင့် ကျောင်းသား ကျောင်းသူနှင့် ဝန်ထမ်းများ ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း သိရသည်။

(၄၂၃)

# ကျေးရွာရှစ်ရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးဖွင့်ပွဲကျင်းပ

**ပင်းတယ အောက်တိုဘာ ၁၇**

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ် မိုင်းလီကျေးရွာ၊ တောင်ရှည်ကျေးရွာ၊ ပင်ပျော်ကျေးရွာ သုံးအုပ်စုမှ ကျေးရွာရှစ်ရွာ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၅ ရက် နံနက် ၉ နာရီက ကျင်းပရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကိုကိုနှင့် ဒေသဦးစီးအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေးကော်မတီဝင်များ၊ အောင်သောင်း ကုမ္ပဏီလီမိတက် GPS joint Venture ကုမ္ပဏီလီမိတက်မှ တာဝန်ရှိသူများနှင့် ကျေးရွာပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားကို လေထိုးကုန်းကျေးရွာ၊ သပြေကုန်းကျေးရွာ၊ ကံသာကျေးရွာ၊ ရှောက်ချိုကျေးရွာ၊ မိုင်းအင်ကျေးရွာ၊ နတ်အင်းကျေးရွာ၊ ပါးမက်ကျေးရွာနှင့် မိုင်းလီကျေးရွာ စသည်ဖြင့် ရွာများအစဉ်အလိုက် ဒေသဦးစီးအဖွဲ့အတွင်းရေးမှူး ဦးကိုကိုအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ လျှပ်စစ်မီးလင်းရေးကော်မတီဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ကြပြီး ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကိုကိုက စက်ခလုတ်နှိပ်၍ လျှပ်စစ်မီး ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ကိုယ့်အားကိုယ်ကိုးမီးလင်းရေးအခမ်းအနားကို မိုင်းလီကျေးရွာတွင်ကျင်းပရာ ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး အလှူငွေကျပ် ၁၀ သိန်းပေးအပ်လှူဒါန်းရာ မီးလင်းရေးကော်မတီ ကိုယ်စား မိုင်းလီကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးကျော်ခင်ထွန်းက လက်ခံရယူသည်။ ဆက်လက်၍ မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးစိုင်းသန့်ဇင်လင်းက လျှပ်စစ်မီးနှင့် ပတ်သက်သည်များကို ရှင်းလင်းပြောကြားပြီး မီးလင်းရေးကော်မတီဥက္ကဋ္ဌက မီးဖွင့်ပွဲအထိမ်းအမှတ်အလံများကို ပေးအပ်ပြီးနောက် ကျေးဇူးတင်စကားပြောကြားကာ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့သည်။ အဆိုပါ ကျေးရွာရှစ်ရွာ မီးလင်းရေးအတွက် အောင်သောင်းကုမ္ပဏီလီမိတက်မှ တာဝန်ယူဆောင်ရွက်ပြီး ခန့်မှန်းကုန်ကျငွေကျပ်သိန်း ၆၀၀၀ ကျော်ရှိကြောင်း သိရသည်။

**မိုးမိုးထွေး(ပင်းတယ)**

# ပြင်ဦးလွင်၌ ဒစ်ဂျစ်တယ်စာကြည့်တိုက်များ တပ်ဆင်ပေး

**ပြင်ဦးလွင် အောက်တိုဘာ ၁၇**

Public Digital Library Service စက်များကို ခရိုင်ပြည်သူ့စာကြည့်တိုက်များတွင် စတင်တပ်ဆင်ခဲ့ပြီး ယခုအခါတက္ကသိုလ်၊ ကောလိပ်များ၊ ပြည်သူ့ဆေးရုံကြီးများ၊ ဘူတာရုံကြီးများ၊ ကားဂိတ်ကြီးများတွင် တပ်ဆင်လျက်ရှိသည်။

ပြင်ဦးလွင်မြို့ရှိ ဗဟိုဝန်ထမ်းတက္ကသိုလ်စာကြည့်တိုက်၊ ရတနာပုံနည်းပညာတက္ကသိုလ်(ရတနာပုံဆိုက်ဘာစီးတီး)တို့တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက သွားရောက်တပ်ဆင်ပေးခဲ့ကြောင်း သိရသည်။

Public Digital Library Service စက်တွင် စာအုပ်ပေါင်း ၆၀၀၀ ကျော် ပညာရပ် ၁၀ မျိုးပါရှိကာ Download ဆွဲခွင့်ပြုသောစာအုပ်၊ ဖတ်ရုံသာ ဖတ်ရှုရန်စာအုပ်များပါဝင်လျက် အတားအဆီးမရှိပါက မီတာ ၆၅၀ အကွာမှ ဖတ်ရှုနိုင်ကြောင်း ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ သိရသည်။

(၄၃၂)


## (၃၂)ကြိမ်မြောက် ကန္ဒီနည်းမြေဇင်းတရားစခန်း ဖိတ်ကြားခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘွက်ကြီးကျေးရွာ၊ အောင်မင်္ဂလာမြေဇင်းတောရရိပ်သာ၌ ကျေးဇူးရှင်မောင်းထောင်မြေဇင်းတောရ ဆရာတော်ကြီး၏ ကန္ဒီနည်းဥပနိသျှအတိုင်း ကမ္မဋ္ဌာနစရိယဆရာတော် အရှင်ဇဝန(သာသနဓဇဓမ္မာစရိယ)မှ ၁၃၇၆ခုနှစ် တန်ဆောင်မုန်းလဆန်း ၁၁ရက်၊ (၂-၁၁-၂၀၁၄ ရက်) တနင်္ဂနွေနေ့မှ ၁၃၇၆ ခုနှစ် ပြာသိုလဆန်း ၁၁ရက် (၂၁-၁၂-၂၀၁၄ ရက်) တနင်္ဂနွေနေ့အထိ ဟောကြားပြသပေးမည်ဖြစ်ပါ၍ တရားစခန်းဝင်ရောက်လိုသော ယောဂီများ အောက်ပါဖုန်းနံပါတ်များသို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြပါရန် ကြေညာအပ်ပါသည်။

**ဖုန်း-၀၉-၂၅၉၀၃၅၃၅၃၊ ၀၉-၇၃၁၀၉၈၃၈၊ ၀၉-၅၀၀၇၀၅၈**

## အောင်မင်္ဂလာမြေဇင်းတောရရိပ်သာ ဆဋ္ဌမအကြိမ်မြောက် စုပေါင်းဘုံကထိန်ကျင်းပမည်

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ ဘွက်ကြီးကျေးရွာ၊ အောင်မင်္ဂလာမြေဇင်းတောရရိပ်သာတွင် အလှူရှင်များစုပေါင်း၍ ဆဋ္ဌမအကြိမ်မြောက် စုပေါင်းမဟာဘုံကထိန်ကို ၁၃၇၆ ခုနှစ် တန်ဆောင်မုန်းလဆန်း ၄ရက် (၂၆-၁၀-၂၀၁၄)ရက် တနင်္ဂနွေနေ့ နံနက် ၉း၀၀ နာရီတွင် ကျင်းပမည်ဖြစ်ပါသဖြင့် အလှူရှင်များ ယောဂီဟောင်းများကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

**ဝေယျာဝစ္စအမှုဆောင်အဖွဲ့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူပျောက်ဆုံးထားခြင်း

ယာဉ်အမှတ် ၂စ/၉၆၅၈၊ Mitsubishi Canter FE53EC,Truck(4x2)® ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းစွမ်လောင် ၁၃/ဆဆန(နိုင်)၀၅၇၄၅၃က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (ရန်ကုန်တောင်ပိုင်း)၊ သန်လျင်မြို့**

## ကိုကျော်စိုး
## မြေကြီး အပိုရှိသည်

ရန်ကုန်မြို့တွင်း မြေကြီးကျင်း(၁)သိန်းအပိုရှိသည်။
စက်ရုံ၊ မြေကွက်မြေကြီးလိုအပ်သူများ ဆက်သွယ်နိုင်ပါသည်။
ဖုန်း-၀၉-၄၂၀၀၁၀၈၈၈၊ ၀၉-၃၀၂၆၇၇၇၇၊
၃၀၂၇၉၉၉၉၊ ၀၉-၈၇၄၁၈၈၆
မြေကြီးသယ်ရန် ကားများငှားလိုသည်။
ကားများငှားရန်ရှိလျှင် ဆက်သွယ်ပါ။

## ခင်ပွန်းအဖြစ်မှ မသက်ဆိုင်တော့ကြောင်း အများသိစေရန် ကြေညာခြင်း

မွန်ပြည်နယ်၊ မော်လမြိုင်မြို့၊ ဈေးကြိုပွဲရုံတန်း၊ ကျောက်စိမ်းလမ်း၊ အမှတ်(၅)နေ ဦးဖေသိန်း၏သား ဦးကျော်ဆန်းသိန်း ၁၀/မလမ(နိုင်)၁၂၂၃၇၇နှင့် ဦးကျင်ဟူး၏သမီး ဒေါ်ချစ်စု ၁၀/မလမ(နိုင်)၁၃၇၅၂၆တို့သည် ၁၉၉၈ခုနှစ်တွင် တရားဝင်အကြင်လင်မယားဖြစ်ခဲ့ကြပြီးနောက် သားသမီးနှစ်ဦးထွန်းကားခဲ့ပါသည်။ ယခုအခါ ကျွန်ုပ်အမှုသည်ဖြစ်သူ ဒေါ်ချစ်စုနှင့် ဦးကျော်ဆန်းသိန်းတို့မှာ တစ်ဦးနှင့်တစ်ဦး သဘောထားချင်းတိုက်ဆိုင်ခြင်းမရှိသဖြင့် ၂၈-၇-၂၀၁၄ရက်တွင် နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်း၊ ကတိစာချုပ်ဖြင့် ကွာရှင်းခဲ့ပြီးဖြစ်ပါသည်။ ထို့ကြောင့် ဦးကျော်ဆန်းသိန်းနှင့် ကျွန်ုပ်အမှုသည်တို့မှာ လင်ခန်းမယားခန်းပြတ်စဲပြီးဖြစ်၍ ဦးကျော်ဆန်းသိန်းနှင့်ပတ်သက်သော ကိစ္စအားလုံးကို ကျွန်ုပ်အမှုသည် အနေဖြင့် လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်ချစ်စု ၁၀/မလမ(နိုင်)၁၃၇၅၂၆၏ လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသီဟထွန်း LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၉၀၈၆)**
**အမှတ် (၅) စွန်းလွန်းလမ်း၊ တောင်ဝိုင်း၊ ဈေးကြိုရပ်၊ မော်လမြိုင်မြို့**

**ဦးစိုးနိုင် LL.B**
**အထက်တန်းရှေ့နေ(စဉ်-၃၉၃၂၃)**

## ဖခင်အမည်မှန်

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် အမှတ်(၃)အခြေခံပညာ ဗဟန်း သတ္တမတန်း (B)(၆၂/၁၂) မမေသန်းဌေး၏ ဖခင်အမည်မှန်မှာ ဦးသန်းဌေး ၁၂/ဆကခ(နိုင်)၀၀၁၃၄၇ ဖြစ်ပါကြောင်း။

**ဦးသန်းဌေး**

## ဖခင်အမည်မှန်

ကော့ကရိတ်မြို့၊ အထက ချောင်းတောင် တက္ကသိုလ်ဝင်တန်း(B)မှ နော်ရှားဒါးထူး၏ဖခင်အမည်မှန်မှာ ဦးဖားတလယ် ၃/ကကရ(နိုင်)၁၄၆၈၄၅ ဖြစ်ပါကြောင်း။

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုခရိုင်၊ ခင်ဦးမြို့နယ်၊ တပင်ကောင်းကျေးရွာနေ (ဦးသာဌေး)-ဒေါ်ညို၏သား မောင်စိုးလွင် ၅/ခဥန(နိုင်)၀၉၅၅၁၆သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်း၊ မိခင်အား ရိုင်းပျစွာပြောဆိုဆက်ဆံခြင်းတို့ကြောင့် ယနေ့မှစ၍ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၄င်းနှင့်ပတ်သက်သည့် ကိစ္စမှန်သမျှကို လုံးဝတာဝန်ယူဖြေရှင်းပေးမည် မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။

**(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

**ဒေါ်ညို၏လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးမြင့်ထွန်း(LL.B)**
**အထက်တန်းရှေ့နေ**
**(စဉ်-၂၉၅၆၆)**
**အောင်မင်္ဂလာရပ်၊ ခင်ဦးမြို့**

**ဦးဝင်းကို(LL.B)**
**အထက်တန်းရှေ့နေ**
**(စဉ်-၄၁၄၅၃)**
**အောင်မင်္ဂလာရပ်၊ ခင်ဦးမြို့**

လူမှုရေးကြော်ငြာ

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး၊ သီဟသုဓမ္မဇောတိကဓဇ၊ သဒ္ဓမ္မဇောတိကဓဇ

ဒါနဗုဒ္ဓဂယာသာသနာပြုနာယက၊ ဟင်္သာတအသင်းနာယက၊ တိပိဋကဓမ္မရက္ခိတအဖွဲ့နာယက

**ရွှေမြင်တင် ဦးညို (အသက် - ၈၉ နှစ်)**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မြို့သစ် (၁)လမ်း၊ အမှတ် (၁၂)နေ (ဦးဘိုးစ + ဒေါ်နှင်းအေး)တို့၏ သား၊ (ဒေါ်သန်းရီ)၏ ခင်ပွန်း၊ တိပိဋကဓမ္မရက္ခိတအဖွဲ့နာယကကြီး ရွှေမြင်တင် ဦးညိုသည် ၁၂. ၁၀. ၂၀၁၄ (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်း ကြေကွဲရပါသည်။

တိပိဋကဓမ္မရက္ခိတအဖွဲ့

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ကြည်ကြည်အုန်း**

**အသက် (၇၀)**

မိဘသဖွယ်ရှိသေလေးစားရပါသော ကျေးဇူးရှင် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး(ငြိမ်း)၏ဇနီး အစ်မဒေါ်ကြည်ကြည်အုန်းသည် ၁၁-၁၀-၂၀၁၄ ရက်(စနေနေ့) ည ၈း၀၂ နာရီတွင် ကွယ်လွန်သွားပါ၍ ကျန်ရစ်သူမိသားစုနှင့်ထပ်တူ နှမြောတသ အထူးပင်ဝမ်းနည်းကြေကွဲရပါသည်။

အစ်မ၏မေတ္တာ၊ စေတနာနှင့် ကျေးဇူးတရားများကို မိသားစုအသက်ရှင်နေသရွေ့ သတိရကျေးဇူးတင်ရှိနေပါမည်။

**ဦးထွန်းအောင်ကြည်-မဆွေမိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ရဟန်း၊ သိမ်၊ ကျောင်းဒါယကာကြီး**

**ဦးချောင်ဝင်ကျား(ခ)ဦးလှဝင်း(ခ)ဦးသိန်းအောင်**

**အသက်(၇၇)နှစ်**

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ ဆရာစံလမ်းနှင့်စက်မှု(၁)လမ်းထောင့်၊ ရန်ကင်းစင်တာ (ခြောက်လွှာ)၊ အခန်းအမှတ် 6-A6နေ ဦးကီဝီ (CEO, UMG Myanmar Co.,Ltd.)-ဒေါ်မာလာဝင်း (MD, UMG Myanmar Co.,Ltd.) တို့၏ ချစ်လှစွာသောဖခင်ကြီးသည် ၇-၁၀-၂၀၁၄ရက် (အင်္ဂါနေ့) နံနက် ၈း၂၈နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးမြတ်သူ-ဒေါ်ကေခိုင်ရွှေ**

**မြတ်အိန္ဒြေ Group of Companies မိသားစု**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်ကြည်ကြည်အုန်း**

**အသက်(၇၀)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၏ချစ်လှစွာသောဇနီး ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ကြည်ကြည်အုန်း အသက်(၇၀)သည် ၁၁-၁၀-၂၀၁၄ရက်(စနေနေ့)ည ၈နာရီ ၂ မိနစ်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးရန်ရှင်း-ဒေါ်အေးအေးဝင်းနှင့်မိသားစု**

**အိမ်အမှတ် (၁)၊ ၇၈ လမ်း၊ လမ်း ၄၀ ထောင့်၊ မန္တလေးမြို့**

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

# ဒေါ်ကြည်ကြည်အုန်း

**အသက်(၇၀)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၏ဇနီးဖြစ်သူ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ကြည်ကြည်အုန်း အသက်(၇၀)သည် ၁၁-၁၀-၂၀၁၄ ရက်(စနေနေ့)ည ၈ နာရီ ၂မိနစ်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရွှေပြည်တံခွန်တယ်လီကွန်း(အများပိုင်)ကုမ္ပဏီလီမိတက်**

## ဝမ်းနည်းကြေကွဲခြင်း

**ဒေါ်ဝါပွင့်ဖြူ (ခ) ဒေါ်ဝါပွင့်(နတ်မြစ်)**

**အသက်(၇၆)နှစ်**

ဦးညီဖြူလှ(ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်)-ဒေါက်တာဒေါ်ခင်စောသန်း[ပါမောက္ခ၊ ဆေးပညာဌာန၊ ဆေးတက္ကသိုလ်-၁ (ရန်ကုန်)၊ ဆေးကုသဆောင် ၁၇/၁၈/ရန်ကုန်ပြည်သူ့ဆေးရုံကြီး]တို့၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်ဝါပွင့်ဖြူ (ခ) ဒေါ်ဝါပွင့်သည် ၁၁-၁၀-၂၀၁၄ရက် (စနေနေ့) ည ၁၁း၅၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အထွေထွေမန်နေဂျာနှင့်ဝန်ထမ်းများ**

**မြန်မာ့ရင်းနှီးမြှုပ်နှံမှုနှင့်ကူးသန်းရောင်းဝယ်ရေးဘဏ်**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး

ဒေါ်ကြည်ကြည်အုန်း

အသက် (၇၀) နှစ်

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် - ဒေါ်ညွန့်ညွန့်ရီ တို့၏ ညီမ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၏ဇနီး ဖြစ်သူ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး ဒေါ်ကြည်ကြည်အုန်း အသက် (၇၀) နှစ်သည် (၁၁. ၁၀. ၂၀၁၄)ရက် (စနေနေ့) ည(၈း၀၂)နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ ၊ မြန်မာအရှေ့တိုင်းဘဏ်**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး

ဒေါ်ကြည်ကြည်အုန်း

အသက် (၇၀) နှစ်

မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဦးကျော်ကျော်မောင် - ဒေါ်ညွန့်ညွန့်ရီ တို့၏ ညီမ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေး၏ဇနီး ဖြစ်သူ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယိကာမကြီး ဒေါ်ကြည်ကြည်အုန်း အသက် (၇၀) နှစ်သည် (၁၁. ၁၀. ၂၀၁၄)ရက် (စနေနေ့) ည(၈း၀၂)နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ ၊ အိုရီရင်တယ်(လ်)လီစင်ကုမ္ပဏီလီမိတက်**

## ကြော်ငြာ

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဒါယကာကြီး**
**သီဟသုဓမ္မမဏိဇောတဓရ သဒ္ဓမ္မဇောတိကဓဇ**
**ဒါနဗုဒ္ဓဂယာ သာသနာပြုနာယက၊ ဟသ်ာတအသင်းနာယက**

### ရွှေမြင့်တင် ဦးညို

**အသက်(၈၉)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းအရှေ့ရပ်ကွက်၊ မြို့သစ်(၁)လမ်း၊ အမှတ်၁၂နေ သီဟသုဓမ္မမဏိဇောတဓရ သဒ္ဓမ္မဇောတိကဓဇ ရွှေမြင့်တင် ဦးညိုသည် ၁၂-၁၀-၂၀၁၄ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့်ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဓမ္မစက္ကဝိဟာရမိဂဒါဝုန်မြန်မာကျောင်းကြီးကြပ်ရေးကော်မတီ**
**မိဂဒါဝုန်၊ ဗာရာဏသီမြို့၊ အိန္ဒိယနိုင်ငံ**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ကြည်ကြည်အုန်း

**အသက်(၇၀)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၏ ဇနီးဖြစ်သူ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ကြည်ကြည်အုန်း အသက်(၇၀)သည် ၁၁-၁၀-၂၀၁၄ရက်(စနေနေ့) ည ၈း၀၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး ဒေါက်တာဘရွှေနှင့်ဇနီး ဒေါ်မူမူခင်**
**သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ကြည်ကြည်အုန်း

**အသက်(၇၀)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၏ ဇနီး၊ ဒေါက်တာမောင်မောင်ဆွေ-ဒေါ်မိုးမိုးအေးတို့၏ ချစ်လှစွာသောမိခင်ဖြစ်သူ ဒေါ်ကြည်ကြည်အုန်း အသက်(၇၀)သည် ၁၁-၁၀-၂၀၁၄ရက် (စနေနေ့) ည ၈း၀၂နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒေါ်စိန်စိန်-(ဗိုလ်မှူးကြီးသူရဖေအောင်) မိသားစု**
**ဦးဆန်းမော်ခင်(ညွှန်မှူး၊ မန္တလေးတိုင်းစည်ပင်)-ဒေါ်မြင့်မြင့်ဇော် မိသားစု**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ကြည်ကြည်အုန်း

**အသက်(၇၀)**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၏ဇနီးဖြစ်သူ ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်ကြည်ကြည်အုန်း အသက်(၇၀)သည် ၁၁-၁၀-၂၀၁၄ရက် (စနေနေ့) ည ၈နာရီ ၂မိနစ်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**အလက၊ကျပ်ချောင်း၊**
**ပရိတ်အသင်း၊သုံးဆယ်မြို့၊**
**သာယာဝတီမြို့နယ်**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်လှလှ

**အသက်(၆၈)နှစ်**

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နေ (ဦးလှသူ-ဒေါ်အေးတင်)တို့၏သမီး၊ (ဦးမြင့်သိန်း)၏ဇနီး၊ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပညာသိဒ္ဓိရပ်ကွက်၊ ခရေအိမ်ရာ၊ တိုက် ၈၉၊ အခန်း ၀၂နေ ဦးရဲခိုင်-ဒေါ်အေးမွန်မွန် (ဦးစီးအရာရှိ၊ နတလဦးစီးဌာန၊ နေပြည်တော်)တို့၏မိခင်၊ မရည်မွန်ခိုင် (GTC-သန်လျင်)၊ မဝေမွန်ခိုင်(အထက-၅၊ နေပြည်တော်)တို့၏အဘွားသည် ၁၇-၁၀-၂၀၁၄ရက် (သောကြာနေ့) နံနက် ၇း၃၀နာရီတွင် နေပြည်တော်(ခုတင်-၁၀၀၀)ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၄ရက်(တနင်္ဂနွေနေ့) နံနက် ၁၁နာရီတွင် ကွင်းကြီးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ ဓမ္မာရုံ ဒါယိကာမကြီး**

### ဒေါ်မြင့်မြင့်ရီ

**အသက်(၆၄)နှစ်**

ဖျာပုံမြို့၊ (၇)ရပ်ကွက်၊ မေဓာဝီလမ်း၊ အမှတ် ၁၀၉နေ ဦးသံချောင်း (ဥက္ကဋ္ဌ၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ)၏ဇနီး ဒေါ်မြင့်မြင့်ရီသည် ၁၀-၁၀-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးမင်းလွင်၊ ဦးဇော်နိုင် မိသားစု**
**(ချမ်းမြရွှေပြည် ကားပစ္စည်းဈေး၊ မန္တလေးမြို့)**

---

**ဝမ်းနည်းကြေကွဲခြင်း**
**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမ**

### ဒေါ်ခင်စပယ်

**အသက်(၄၄)နှစ်**

စိတ်ထားဖြူစင်ပြီး ရိုးသားအေးဆေးသောအစ်မ မခင်စပယ်သည် ၁၀-၁၀-၂၀၁၄ရက် ညတွင် ပျဉ်းမနားမြို့၌ ကွယ်လွန်သွားပါသဖြင့် အထူးနှမြောတသ ဝမ်းနည်းကြေကွဲရပါသည်။

အစ်မ မခင်စပယ် အေးချမ်းမြင့်မြတ်သောဘုံဘဝသို့ ရောက်ရှိပါစေ။

**ကျော်စွာ၊ (ဒုတိယဗိုလ်မှူးကြီး ဇေယျာဝင်း)၊**
**ရဲကျော်ငွေ၊ ငွေမင်းဇော်၊ ကျော်ထက်-ခိုင်ဇင်မိုး၊**
**အောင်မြင့်ကျော်၊ ခင်ဇာခြည်သိန်း၊ မြတ်စည်သူ**

---

### ဒေါ်သန်းမေ (မကွေး)

**အသက်(၁၀၃)နှစ်**

မကွေးမြို့၊ အလယ်ရပ်၊ ဘုရားလမ်း၊ အမှတ် ၆၄နေ (ဦးစောမောင်)၏ဇနီး၊ ဦးကံတင်-ဒေါ်သိန်းသိန်း၊ ဒုတိယဗိုလ်မှူးကြီးအေးကြွယ်(ငြိမ်း)-[ဗိုလ်မှူး ဒေါ်ခင်ခင်(ငြိမ်း)]၊ (ဦးလှမျိုး)-ဒေါ်ခင်စော၊ ဦးဇော်အုန်း-ဒေါ်သင်းသင်းသွယ်၊ ဒေါက်တာဒေါ်တူးတူး(ပါမောက္ခ ဌာနမှူး၊ မြန်မာစာဌာန၊ ရေနံချောင်း ဒီဂရီကောလိပ်)တို့၏မိခင်ကြီး၊ မြေးရှစ်ယောက်၊ မြစ်ရှစ်ယောက်တို့၏ဘွားဘွားကြီးသည် ၁၆-၁၀-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၁နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၁၄ရက် (စနေနေ့) နံနက် ၉နာရီတွင် မကွေးမြို့သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**

### ဒေါ်သန်းသန်း

**အသက်(၈၆)နှစ်**

ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက် (SKY NET)၏ Executive Director ဖြစ်သူ ဒေါ်စန်းစန်းနု၏ မွေးသမိခင်ကျေးဇူးရှင် ဘုရား၊ရဟန်း၊သိမ်၊ ကျောင်း ဒါယိကာမကြီး ဒေါ်သန်းသန်း အသက်(၈၆)နှစ်သည် ၁၄-၁၀-၂၀၁၄ ရက်(အင်္ဂါနေ့) နံနက် ၇း၂၅နာရီတွင် ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးနီးလျှန်၊ ဦးအောင်အောင်(RSP)**

---

**ဝမ်းနည်းကြေကွဲခြင်း**

### ဒေါ်စောရင်

**အသက်(၇၃)နှစ်**

ဦးစိုးဟန်(ညွှန်ကြားရေးမှူး၊ နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်လဲ့လဲ့ဝါတို့၏ မိခင် ဒေါ်စောရင်သည် ၁၅-၁၀-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့) ည ၈း၁၅နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**နိုင်ငံရေးရာဦးစီးဌာနမိသားစု၊**
**နိုင်ငံခြားရေးဝန်ကြီးဌာန**

---

**ဝမ်းနည်းကြေကွဲခြင်း**

### ဦးနိုင်ခင်မောင်လေး

**အသက်(၆၄)နှစ်**

မွန်ပြည်နယ်၊ ယဉ်ကျေးမှုပြတိုက်၊ လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း) ဦးနိုင်ခင်မောင်လေးသည် ၁၆-၁၀-၂၀၁၄ရက်(ကြာသပတေးနေ့) ညနေ ၄း၄၀ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့်ဝန်ထမ်းများ**
**ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန**

---

### အထူးဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့၊ မြို့မတူရိယာအသင်းကြီးမှ တွဲဖက်အတွင်းရေးမှူး ဦးလွင်ဦး (လွင်ဦး-မြို့မ)သည် ၅-၁၀-၂၀၁၄ရက်တွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစု၊ မြို့မတူရိယာအသင်းကြီးနှင့်ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

**မြို့မတူရိယာအသင်း၊ မြင်းခြံမြို့**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

### ဦးခင်မောင်ကျော်

**လ/ထ မန်နေဂျာ(ငြိမ်း)**
**မြန်မာ့အာမခံလုပ်ငန်း**
**မန်နေဂျာ၊ KBZ Insurance Co., Ltd. (လားရှိုး)**
**အသက်(၆၄)နှစ်**

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်နေ (ဦးမောင်မောင် - ဒေါ်မိမိလေး)တို့၏သား၊ ဒေါ်နွယ်နီ၏ခင်ပွန်း၊(ဦးခင်မောင်စိုး)-ဒေါ်ခင်သန်းသန်း၊ ဦးထွန်းကြည်-(ဒေါ်ခင်မေအေး)၊ (ဦးသိန်းအောင်)-ဒေါ်ခင်မေငွေ၊ ဦးခင်မောင်မျိုး၊ ဒေါ်ခင်မေဝင်းတို့၏ညီ/မောင်၊ ဒေါ်ခင်သန်းနု၊ ဒေါ်ခင်စန်းယု၊ ဒေါ်ခင်သန်းစုတို့၏အစ်ကို၊ မခင်ချမ်းမြေ့မျိုး၊ ကိုဝင်းခိုင်ဦး-မပိုးသီရိတို့၏ဖခင်၊ တူ/တူမ ခုနစ်ယောက်တို့၏ဦးလေး၊ မြေးငါးယောက်တို့၏အဘိုးသည် ၁၇-၁၀-၂၀၁၄ရက်(သောကြာနေ့)နံနက် ၈း၄၅ နာရီတွင်ကွယ်လွန်သွားပါ၍ ၁၉-၁၀-၂၀၁၄ရက်(တနင်္ဂနွေနေ့)မွန်းလွဲ ၁နာရီတွင် လားရှိုးမြို့ ကြာကန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

### ဒေါ်စန်းစန်း

**အထက(၃)တာမွေ (ငြိမ်း)**
**အသက်(၆၁)နှစ်**

ရန်ကုန်မြို့၊ အမှတ် ၂၈၊ ၁၅၅နေ ဦးမောင်ဝင်း၏ဇနီး၊ (ဦးလှကြိုင်-ဒေါ်တင်)တို့၏သမီးသည် ၁၃-၁၀-၂၀၁၄ ရက် (တနင်္လာနေ့) ညနေ ၅း၅၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၁၅-၁၀-၂၀၁၄ရက် (ဗုဒ္ဓဟူးနေ့)တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

---

### ဦးမြသောင်း (အုန္တဲ)

**အသက်(၆၈)နှစ်**

ကဝမြို့နယ်၊ အုန္တဲကျေးရွာနေ (ဦးစံမြ-ဒေါ်သန်းခင်)တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊(၃၀)ရပ်ကွက်၊ ထွန်းသီရိ ၄လမ်း၊ အမှတ် ၄နေ ဦးကျော်မိုးထက်-ဒေါ်မိုးမိုးဥမ္မာမြင့်၊ ဒေါ်သန့်သန့်မိုး၊ ဦးလှကျော်ကျော်မိုး-ဒေါ်မြတ်ကြေးမုံ၊ မလှိုင်လှိုင်မိုးတို့၏ချစ်လှစွာသောဖခင်၊ မြေးလေးယောက်တို့၏အဘိုး၊ (ဒေါ်လှစိန်)၏ခင်ပွန်းသည် ၁၄-၁၀-၂၀၁၄ ရက် (အင်္ဂါနေ့) ည ၁၁း၃၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင်ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

### ဦးမြရှိန်

**အသက်(၅၉)နှစ်**

ရန်ကုန်မြို့၊တောင်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ သရေခေတ္တရာ ၁၉လမ်း၊ အမှတ် ၉၃၂နေ (ဦးလှမောင်-ဒေါ်အေးပိုင်)တို့၏သား၊ (ဦးကလေးပု-ဒေါ်ထွေး)တို့၏သားသမက်၊ ဒေါ်လှလှ၏ခင်ပွန်း၊ ကိုလတ်(ခ)ကိုကျော်သူရဝင်း (Moe Khant Kyaw Agency)-မအေးအေးခိုင်၊ မောင်ရဲလှိုင်(ခေတ္တ-မလေးရှား)၊ မောင်ထက်မြတ်အောင်-မဖြူဖြူစင်တို့၏ ချစ်လှစွာသောဖခင်၊ မောင်ဥက္ကာမင်း (ဆဋ္ဌမတန်း၊ ပင်လုံနှင်းဆီ ကိုယ်ပိုင်အထက်တန်းကျောင်း)၏ချစ်လှစွာသောအဘိုးသည်၁၆-၁၀-၂၀၁၄ရက် (ကြာသပတေးနေ့) ညနေ ၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၈-၁၀-၂၀၁၄ရက် (စနေနေ့) ညနေ ၅နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ ညနေ ၃း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ကျင်မြ

**(ပြွန်တန်ဆာအသင်းဝင်)**
**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးဘချိုလမ်း၊ အမှတ် ၁၂၅၉နေ (ဦးပု-ဒေါ်လှတင်)တို့၏ သမီး၊ (ဦးသောင်းညွှန့်)၏ဇနီး၊ (ဦးလှမြင့်)-ဒေါ်လှဝေ၊ (ဦးသောင်းတင်-ဒေါ်တင်တင်မြင့်)၊ ဒေါ်ခင်စောမြင့်၊ ဦးအောင်ဝင်း-ဒေါ်ခင်ယုဝေတို့၏မိခင်၊ မောင်သိန်းငွေအောင်-မအိအိဇင်၊ မောင်စိုးဝင်း-မအိဖြူကြည်၊ မအေးသက်ဇင်၊ မောင်ပြည့်ဖြိုးကျော်၊ မောင်ပိုင်ဉာဏ်ဟိန်းအောင်တို့၏အဘွား၊ မြစ်သုံးယောက်တို့၏အဘွားသည် ၁၇-၁၀-၂၀၁၄ရက် (သောကြာနေ့) နံနက် ၄း၄၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**မြန်အောင်မြို့နယ်အသင်း(ရန်ကုန်)**

### ဦးမောင်မောင်လေး

**အသက်(၈၂)နှစ်**

ရန်ကုန်မြို့နေ (ဦးအုန်းခင်-ဒေါ်စောညွှန့်)တို့၏သား၊ (ဒေါ်ခင်ရီ)၏ ခင်ပွန်းသည် ၁၃-၁၀-၂၀၁၄ရက် ည ၈း၂၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၄-၁၀-၂၀၁၄ရက်တွင် သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းဝင်များအား အသိပေးအပ်ပါသည်။ အမှုဆောင်အဖွဲ့

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

### ဒေါ်ရွှေရီ (Pi Sui Zi)

**အသက်(၆၀)**

ချင်းပြည်နယ်၊ ထန်တလန်မြို့နယ်၊ ဘုံခွားကျေးရွာနေ (Pu Ral Kulh-Pi Dam Ngen) တို့၏ အငယ်ဆုံးသမီး၊ အမှတ်၂၁၄၁၊အဏ္ဏဝါ ၁လမ်း၊ တောင်သူကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်နေ Rev.Lal Cung ၏ချစ်လှစွာသောဇနီး၊ (Pu Phun UK)-Pi Ro Kil, Pi Za Thlia-(Pu Lian UK), Pi Iang Pen-(Pu Za Kung),(Pu Khen Let)-Pi Zing Thlia,Rev.Tei Chang-Aung Myint-Pi Thawn Khan Dim, Mother Par Ci တို့၏ညီမငယ်၊ Pi Sung Par-Pu Michael Win Min Oo, Pu Mang UK-Pi Vel Hlei Thluai(Australia), Pu Hrang Bil Thang-Hannah Mawi, Pi Zung Par-Pu Ni To (Australia),Nu Hoi Iang(ချစ်စု)တို့၏ချစ်လှစွာသောမိခင်၊ မြေး ရှစ်ယောက်တို့၏ အဘွားသည် OSC ဆေးရုံ၌ ၁၆-၁၀-၂၀၁၄ရက် မွန်းလွဲ ၁နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁၈-၁၀-၂၀၁၄ရက် (စနေနေ့) မွန်းလွဲ ၂း၃၀နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်သို့ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ [နေအိမ်၊ မြောက်ဒဂုံ (၄၆)လမ်းဆုံ၊ မြောက်ဒဂုံ မန္တလေးမှတ်တိုင်၊ အင်းစိန် ဘီအိုစီမှတ်တိုင်၊ လှိုင်မြို့နယ် လှိုင်သီရိအိမ်ရာတို့မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု

---

**ခရစ်တော်၌အိပ်ပျော်ခြင်း**

### Mr. Samson Moses

**အသက်(၅၈)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ သောက်တော်တွင်းရပ်ကွက်၊ အမှတ် ၂၃/၂၅၊ ဦးလှမောင်လမ်းနေ (Mr. Marshall Moses-Mrs.Mary Moses) တို့၏သား၊ (ဦးသန်း)-ဒေါ်ကြုတ်တို့၏သားသမက်၊ ဗေသနိခရစ်ယာန် မိတ်သဟာယ အသင်းတော်မှ Pastor ဒေါ်ငွေစံ၏ ချစ်လှစွာသော ခင်ပွန်း၊ June Caroline Moses, Angela April Moses နှင့် Benjamin Samson Moses တို့၏ချစ်လှစွာသော ဖခင်၊ ဗေသနိခရစ်ယာန်မိတ်သဟာယ အသင်းတော်၏ သင်းအုပ်ဆရာမကြီး Rev. Dora Moses, Peter Moses-Jane Moses, Pastor Helen Zami-Alan Minus တို့၏မောင်၊ Pastor Mona Rosaline Say-Pastor Thaw Du Say ၏အစ်ကို၊ Cindy Moses, John Gideon Say တို့၏ဦးလေးသည် ၁၇-၁၀-၂၀၁၄ရက် နံနက် ၅း၁၀နာရီတွင် ဗဟိုစည်ဆေးရုံတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၁-၁၀-၂၀၁၄ ရက်(အင်္ဂါနေ့)နံနက် ၉နာရီတွင်ရေဝေး ခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည် ဖြစ်ပါသည်။ (သန်လျင် နေအိမ်နှင့် ၆၆၊ ရွှေတိဂုံ ဘုရားလမ်း၊ ALBA ကျောင်းရှေ့တို့မှ ကားများ နံနက် ၇နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

### ဘဒ္ဒန္တနာယက (နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင်)

**အဂ္ဂမဟာပဏ္ဍိတ၊အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊မဟာဂန္ထဝါစကပဏ္ဍိတ**
**သက်တော်(၇၅)နှစ်၊ သိက္ခာတော်(၅၅)ဝါ**

မကွေးတိုင်းဒေသကြီး၊ ပခုက္ကူမြို့၊ မဟာဝိဇယာရာမ ပါဠိတက္ကသိုလ် အရှေ့တိုက်၊ တိုက်အုပ်နာယက ရွှေပြည်ဗိမာန်ကျောင်း ဆရာတော် ဘဒ္ဒန္တနာယက (နိုင်ငံတော်ဗဟိုသံဃာ့ဝန်ဆောင် အဂ္ဂမဟာပဏ္ဍိတ) ဆရာတော်သည် (၁၃၇၆ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၇ရက်) ၁၅-၁၀-၂၀၁၄ရက် နံနက် ၁၀း၁၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို(၁၃၇၆ခုနှစ် တန်ဆောင်မုန်းလဆန်း ၄/၅ရက်) ၂၆-၁၀-၂၀၁၄ရက်နှင့် ၂၇-၁၀-၂၀၁၄ရက်တို့တွင် အန္တိမအဂ္ဂိဈာပနသာဓုကီဠနသဘင် ဆင်ယင်ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ

---

**ဘဝနတ်ထံပျံလွန်တော်မူခြင်း**

### ဘဒ္ဒန္တတေဇနိယ (တောင်ငူ)

**သက်တော်(၇၃)နှစ်၊ သိက္ခာတော်(၅၃)ဝါ**

ပိဋကတ်ကျောင်း၊ ခြောက်ထပ်ကြီးဘုရားကြီးတိုက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန် (၁၃၇၆ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၈ရက်) ၁၆-၁၀-၂၀၁၄ရက် (ကြာသပတေးနေ့) နံနက် ၁၀း၃၀နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သောဥတုဇရုပ်ကလာပ်တော်ကို(၁၃၇၆ခုနှစ် သီတင်းကျွတ်လပြည့်ကျော် ၁၀ရက်) ၁၈-၁၀-၂၀၁၄ရက် (စနေနေ့) ညနေ ၅နာရီတွင် ရေဝေးသုသာန်၌ အန္တိမအဂ္ဂိဈာပန ပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်သံဃာများနှင့် ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (ကျောင်းမှကားများ ညနေ ၃နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူ ဒါယကာ၊ ဒါယိကာမများ

---

### ဦးလှမောင် (ပခုက္ကူ)

**အသက်(၈၇)နှစ်**

ပခုက္ကူမြို့၊ (၁)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ ပေါင်းလောင်းရှင်ရပ်၊ အမှတ် ၄၄၊ ရွှေဥဒေါင်းတိုက်နေ (ဦးသာ-ဒေါ်သိန်းခင်)တို့၏သား၊ ဒေါ်ကြည်ကြည်ဝင်း၏ချစ်လှစွာသောခင်ပွန်း၊ ကိုထင်အောင်ဝင်း-မအေးငြိမ်းစိုး၊ ဒုရဲအုပ်နိုင်ဝင်းဦး-မဝင့်ရွှေရည်ဝင်း၊ မသော်တာခန့်၊ မောင်အောင်အောင်ကျော်၊ မောင်ထွဋ်ခေါင်၊ မောင်ခန့်ထူးအောင်၊ မအေးချမ်းငြိမ်း၊ မရွှန်းလဲ့ရွှေရည်မောင်၊ မောင်စိုးသီဟမောင်တို့၏ချစ်လှစွာသောအဘိုး၊ မောင်စွမ်းတေဇာအောင်၏ချစ်လှစွာသော ဘိုးဘိုးကြီးသည် ပျဉ်းမနားမြို့၊ ပေါင်းလောင်း(၃)ရပ်၊ ချယ်ရီလမ်း၊ အမှတ် ၂၆၃၇ ၌ ကွယ်လွန်သွားပါသဖြင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ ကျန်ရစ်သူမြေးများ

---

### ဦးခင်မောင်ထွေး(ကိုပန်)

### ရုပ်ရှင်သရုပ်ဆောင် ခင်မောင်ထွေး (မဋ္ဌုရုပ်ရှင်)

**အသက်(၇၃)နှစ်**

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၂)ရပ်ကွက်၊ အနော်ရထာအိမ်ရာ၊ တိုက်အမှတ် F ၊ အခန်းအမှတ် ၁၀၁၊ ပထမထပ်နေ (ဦးထွန်းရီ-ဒေါ်အုန်းကြည်)တို့၏သား၊ (ဦးလှမြင့်-ဒေါ်အေးကြည်)တို့၏သားသမက်၊ ဦးအေးလွင်-ဒေါ်မူမူချစ်၊ ဦးဇေယျာ-ဒေါ်နှင်းရီထွေး၊ ဦးကျော်ဝင်း-ဒေါ်ခင်ဝင်းထွေး၊ (ဦးအေးကျော်) - ဒေါ်ခင်ဝိုင်းထွေးတို့၏ချစ်လှစွာသောဖခင်၊ ကိုဘုန်းမြင့်သူ၊ ကိုဉာဏ်ဟိန်းသူ၊ မောင်ဖြိုးပြည့်ကျော်၊ မောင်ကောင်းမွန်သန့်၊ မအေးမင်းမင်းမွန်၊ မောင်မြတ်မင်းဖြိုး၊ မောင်အောင်မြတ်ဖြိုး၊ မောင်အောင်ခန့်ကျော်တို့၏ ချစ်လှစွာသောအဘိုး၊ ဒေါ်မြမြရီ(မဋ္ဌုရုပ်ရှင်)၏ ချစ်လှစွာသောခင်ပွန်းသည် ၁၆-၁၀-၂၀၁၄ရက် (ကြာသပတေးနေ့) ည ၈း၃၀နာရီတွင် သုခကမ္ဘာဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၁၈-၁၀-၂၀၁၄ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) ကျန်ရစ်သူမိသားစု

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး**

### ဦးခင်မောင်ကျော် အသက်(၆၄)နှစ်

**လ/ထ မန်နေဂျာ(ငြိမ်း)၊ မြန်မာ့အာမခံလုပ်ငန်း**
**မန်နေဂျာ၊ IKBZ Insurance Co., Ltd. (လားရှိုး)**

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ဆောက်လုပ်ရေးဝန်ထမ်းအိမ်ရာနေ (ဦးချစ်မောင် - ဒေါ်ခင်ရီ)တို့၏သားသမက်၊ ဒေါ်ကေသီ၊ ဒေါ်ရွှေစင် [လက်ထောက်မန်နေဂျာ၊ မြန်မာ့အာမခံလုပ်ငန်း (ကျောက်ဆည်)]တို့၏မတ်၊ ဒေါက်တာအောင်ကျော်ဦး(နွယ်ရုံ)-ဒေါ်နီလာခင်၊ (ဦးသူရ၊ BE. Mech)၊ ဒေါ်ယဉ်မိုးသူ [ဒုတိယစုံစမ်းရေးမှူး၊ (စစစ)၊ မန္တလေး]၊ ဦးခင်ထွန်းဟန်-ဒေါ်စန္ဒာခင်(စစစ၊ မန္တလေး)တို့၏ခဲအို၊ မောင်စည်သူဟန်(အထက-၁၆၊ မန္တလေး)၊ မမြင့်မြတ်ကြယ်စင်(အထက -၁၆၊ မန္တလေး)တို့၏ဦးလေး၊ မခင်ချမ်းမြေ့မျိုး၊ ဦးဝင်းခိုင်ဦး(ဦးစီးအရာရှိ)-မမိုးသီရိတို့၏ဖခင်၊ ဒေါ်နွယ်နီ (မြန်မာ့အာမခံလုပ်ငန်း၊ လားရှိုး)၏ခင်ပွန်းသည် ၁၇-၁၀-၂၀၁၄ရက် (သောကြာနေ့) နံနက် ၈း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၉-၁၀-၂၀၁၄ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁နာရီတွင် လားရှိုးမြို့ကြာကန်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**

### ဦးကျော်ကျော်ဝင်း

**လက်ထောက်အင်ဂျင်နီယာ (သာယာဝတီစည်ပင်)**
**အသက်(၅၆)နှစ်**

ဒေါ်ဝင်းဝင်းမြင့်(သာယာဝတီ ဆ/မ)၏ခင်ပွန်း၊ မောင်ကောင်းဟိန်း(Final Part-II) (ဆေး-၂)၊ မောင်ခန့်ဟိန်း(Grade-10) အထက (သုံးဆယ်)တို့၏ ဖခင်သည် ၁၄-၁၀-၂၀၁၄ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**ဦးကျော်ကျော်နိုင်-ညီမ ဝင်းမေစန်း(ချစ်ချစ်)**
**တူမ-စုစန္ဒီနိုင်(စင်ကာပူ)**

---

**ဝမ်းနည်းကြေကွဲခြင်း**

### ဒေါ်အိဖြူလတ်(ခ)မဖြူလေး

**A.G.T.I (E.C) သန်လျင်၊M.Sc Matchs**
**အသက်(၃၃)နှစ်**

